# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ သောကြာနေ့ အတွဲ [၅၅]၊ အမှတ် [၀၉၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ကျရောက်သည့် ကျူးဘားသမ္မတနိုင်ငံ၏လွတ်မြောက်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရုဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ-၅

## ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ ဆွေးနွေး

စာမျက်နှာ-၈

# နှစ်သစ်ကူးကြိုဆိုသူများဖြင့် စည်ကား



ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းမှစတင်ပြီး ရန်ကုန်မြို့ အင်းလျားကန်ပေါင်ပေါ်တွင် ၂၀၁၆ နှစ်သစ်ကူးကြိုဆိုသူများနှင့် စည်ကားနေသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## နှစ်သစ်ကူးလက်ဆောင် မြို့ကြီးဘက်စုံရေလှောင်တမံ ယနေ့ဖွင့်မည်

သန်းဦး-လေးမျက်နှာ

နေပြည်တော် ဒီဇင်ဘာ ၃၁

ယနေ့တွင် နှစ်သစ်ကူးလက်ဆောင်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အကျိုးပြုမည့် မြို့ကြီးဘက်စုံရေလှောင်တမံကို ဖွင့်လှစ်မည်ဖြစ်သည်။ မြို့နာမည်ရွာ၊ ရွာနာမည်မြို့ဖြစ်နေသည်မှာ မြန်မာပြည်တွင်တစ်နေရာတည်းသာရှိသည်။ ၎င်းမှာရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရွာငံမြို့နယ် မြို့ကြီးကျေးရွာပင်ဖြစ်သည်။ ၎င်းမြို့ကြီးကျေးရွာအနီးတွင် တည်ဆောက်ထားသောကြောင့် မြို့ကြီးရေလှောင်တမံဟု ခေါ်တွင်ခြင်းဖြစ်သည်။ အဆိုပါ မြို့ကြီးရေလှောင်တမံမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် တည်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ◆


ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီ အားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်း ကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းရှိ ပြည်သူ ပြည်သားများအားလုံး ခရစ်သက္ကရာဇ် ၂၀၁၆ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူသစ်စိတ်သစ် နှစ်သစ်မင်္ဂလာ

ခရစ်နှစ် ၂၀၁၅ ခုနှစ်တည်းဟူသော ကာလအပိုင်းအခြားတစ်ခုသည် ကုန်လွန်ခဲ့လေပြီ။ ၂၀၁၆ ခုနှစ်တည်းဟူသော တစ်နှစ်တာကာလအပိုင်းအခြားသည် ယနေ့မှပင် စတင်တော့မည်။ ဤသတ္တလောကအတွင်း ရှိကြကုန်သော သက်ရှိသက်မဲ့ ပုပုရွရွအရာအားလုံးသည် တစ်နှစ်တည်းဟူသော ကာလအပိုင်းအခြားကို ဖြတ်သန်းကြရပေဦးမည်။ ဤတစ်နှစ်တာကာလအတွင်း ကျွန်ုပ်တို့လူသားများအနေဖြင့် အချိန်ကို အလဟဿမဖြစ်စေဘဲ အကျိုးရှိရှိကုန်ဆုံးစေရန် ယနေ့မှစ၍ လူသစ်စိတ်သစ်အားမာန်သစ်မွေးပြီး ကြံဆောင်၊ ကြိုးကုတ်အားထုတ်ကြရပေဦးမည်။

ကျွန်ုပ်တို့လူသားများသည် အသိဉာဏ်ရှိသောသတ္တဝါများဖြစ်ကြသည့်အလျောက် တစ်နှစ်ပြီးတစ်နှစ် အသက်ကြီးပြင်းလာသကဲ့သို့ တစ်နှစ်ပြီးတစ်နှစ် အသိဉာဏ်ဖွံ့ဖြိုးမှုနှင့်အတူ မိမိတို့တစ်ဦးချင်းစီ၏ ဘဝမြင့်မားတိုးတက်ပြောင်းလဲမှုအတွက် မိမိတို့ကိုယ်တိုင် ပုံဖော်ထုဆစ်ကြိုးစားအားထုတ်ကြရပေသည်။ ဤ ၂၀၁၆ ခုနှစ်သည် မိမိအတွက်အကျိုးရှိသော နှစ်တစ်နှစ်ဖြစ်ရမည်ဟူ၍ ရည်မှန်းချက်ထားရှိကာ လုပ်ဆောင်ဖွယ်ရာ အရာအားလုံးကိုပြီးမြောက်အောင် ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုရှိသောအပြောင်းအလဲများနှင့်အတူ မြင့်မားသောဘဝအဆင့်အတန်းတစ်ခုသို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်း ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ ဘဝမြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများသည် အောင်မြင်မှုများရှိသလို မအောင်မြင်သည်များလည်းရှိနိုင်ပါသည်။ ကြိုးစားအားထုတ်ရခြင်း၏ အသီးအပွင့်များ ခံစားနိုင်ကြသလို ဆုံးရှုံးနစ်နာမှုများလည်းရှိနိုင်ပါသည်။ အကြံအစည်သစ်၊ လုပ်ငန်းသစ်များ စတင်လုပ်ဆောင်မှုများရှိခဲ့သလို မလုပ်ဆောင်နိုင်သည်များလည်း ရှိနိုင်ပါသည်။ သို့သော် ၂၀၁၅ ခုနှစ်သည်ကား လွန်မြောက်ခဲ့လေပြီ။

ဤနှစ်သစ်အခါသမယတွင် ယူဆောင်သွားရမည့်အရာများစွာရှိသလို နှစ်ဟောင်းတွင် ချန်ထားခဲ့ရမည့်အရာများစွာလည်းရှိပေသည်။ မကောင်းသောအကြံအစည်၊ အတွေးအခေါ်၊ လုပ်ဆောင်မှုများကို ၂၀၁၅ ခုနှစ်တွင် ချန်ထားခဲ့ရမည်ဖြစ်ပါသည်။ အကျိုးမရှိသောလုပ်ကိုင်ဆောင်ရွက်မှုအားလုံး နှစ်ဟောင်းတွင် ထားခဲ့ဖို့လိုပါသည်။ နှစ်သစ်သို့သယ်ဆောင်မသွားသင့်ပါ။ အကျိုးရှိသော လုပ်ကိုင်ဆောင်ရွက်မှုများ၊ ကြံစည်အားထုတ်မှုများကိုသာ နှစ်သစ်သို့ ဆက်လက်သယ်ဆောင်သွားကြရမည် ဖြစ်ပါသည်။

နှစ်သစ်အခါသမယတွင် ပြီးခဲ့သည့်တစ်နှစ်တာအတွင်း စိတ်ပျက်ငြီးငွေ့ဖွယ်ကောင်းသောအရာများအပေါ် တွေဝေငေးမောနေ၍မဖြစ်ပါ။ နောင်တတစ်ဖန် ပူပန်နေခြင်းဖြင့် အချိန်မကုန်စေသင့်ပါ။ လက်ရှိအချိန်တွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းသည်သာ ပိုမိုကောင်းမွန်သော အနာဂတ်ဖန်တီးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် ဤနှစ်သစ်ကာလမှစ၍ ၂၀၁၆ ခုနှစ်အတွင်း အရာအားလုံးကို အမှန်ကန်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းအားထုတ်ပါမည်ဟူသော သန္နိဋ္ဌာန်ကိုခိုင်မြဲစွာချမှတ်လျက် လူသစ်၊ စိတ်သစ်၊ အားမာန်သစ် မွေးမြူကာ အောင်မြင်တိုးတက်သောနှစ်တစ်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး




**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang တို့က လက်မှတ်ရေးထိုးကြသည်။**(အပေါ်ပုံ)**

အဆိုပါ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာမည်ဖြစ်ပြီး ရေဘေးသင့်ဒေသများတွင် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ဆေးဝါးစီမံချက် အပါအဝင် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်များအတွက် အထောက်အကူများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားခွဲရုံဖွင့်



**ကျောက်မဲ ဒီဇင်ဘာ ၃၁**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ရှမ်းပြည်နယ် ကျောက်မဲမြို့ အမှတ်(၉) ရပ်ကွက်တွင် လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါဓာတ်အားခွဲရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီက လွှတ်တော်ရန်ပုံငွေ ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ်(၉)ရပ်ကွက် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်အုန်းက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းခဲ့သည်။

ဆက်လက်၍ (200 KVA) ဓာတ်အားခွဲရုံအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ကိုယ့်အားကိုယ်ကိုး ဓာတ်အားခွဲရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ယင်းဓာတ်အားခွဲရုံကို စုစုပေါင်း ကျပ်သိန်း ၁၄၀ ကျော် အကုန်ကျခံ၍ဆောက်လုပ်ခဲ့ပြီး အိမ်ထောင်စု ၉၇၃ စုအား ၂၄ နာရီ မီးအလင်းပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြင့်အောင်**

# မီးသတ်မော်တော်ယာဉ်နှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့သို့ အလှူရှင်ရပ်မိရပ်ဖများက မီးသတ်မော်တော်ယာဉ်နှင့် မီးသတ်စခန်းရုံးအဆောက်အအုံလွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ၆၂ လမ်းနှင့် ၂၇ လမ်းထောင့် မာရ်အောင်ကျောင်းတိုက် ဇေတဝနာရုံကျောင်းဝင်းအတွင်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဦးကျော်ဝင်း(ဥရောပအာရှကော်မာရှယ် ကုမ္ပဏီလီမိတက်)နှင့် ညွှန်ကြားရေးမှူး ဦးကြည်ဝင်းတို့က မီးသတ်စခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီးနောက် မီးသတ်မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဖြစ်မြောက်ရေးကော်မတီဝင်များက ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ မီးသတ်မော်တော်ယာဉ် (HINO)၏တန်ဖိုးမှာ ငွေကျပ်သိန်း ၂၃၀ဖြစ်ပြီး မီးသတ်အဆောက်အအုံအတွက် ကုန်ကျငွေမှာ ငွေကျပ်သိန်း ၁၃၀ ကျော်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၂၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

## ၂၀၁၆ နှစ်ဦးကာလ သီတဂူအဓိပတိဆရာတော်ကြီး ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရ၏ သြဝါဒ

အချိန်ကိုနိုင်အောင်စား

အချိန်ကာလသည် သတ္တဝါတွေကို စား၏။

အတိတ်ကာလ၌ မရေမတွက်နိုင်သော လူသားတို့သည် ကုန်ဆုံးခဲ့ကြလေကုန်ပြီ။

ကုန်ဆုံးခဲ့သော ကာလတို့သည်လည်း ရေတွက်၍ မရနိုင်လောက်အောင် များပြားကုန်၏။

ရေတွက်၍ မရနိုင်လောက်အောင် များပြားကုန်သော လူသားတို့ကို ရေတွက်၍ မရနိုင်လောက်အောင် ရှည်လျားစွာသောအချိန်တို့က စားပစ်ကြကုန်သည်ဟုဆိုလျှင်-

လူသားတို့သည် အချိန်၏ ဝါးမြိုစားသောက်ခြင်းကို လည်စင်း၍ ခံနေကြရကုန်မည်လော။

အချိန်ကာလကိုပြန်၍ နိုင်အောင်စားပါ။

ကာလကို နိုင်အောင်စားနိုင်သူသည် ဘဝသမိုင်းကို အသစ်တစ်ခု စိုက်ထူနိုင်လိမ့်မည်။

နှစ်တို့သည် ဟောင်း၍ ဟောင်း၍ ကုန်ဆုံးကြလေကုန်ပြီ။

နှစ်သစ်တို့သည်လည်း နှစ်ဟောင်းအဖြစ် တစ်နှစ်အတွင်းရောက်၍ ကုန်ဆုံးလိမ့်မည်။

ငါဘာထားခဲ့မလဲ၊ ငါဘာယူသွားမလဲ။




## ၂၀၁၆ ခုနှစ်ဦးကာလ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ၏သြဝါဒ

ပြည်ထောင်စု မြန်မာနိုင်ငံ၌နေထိုင်ကြသည့် နိုင်ငံသား အလွှာသုံးမျိုးတွင် ဘာသာရေးကိစ္စ ဦးဆောင်ဦးရွက်ပြုသောပုဂ္ဂိုလ်များသည် အလျင်စလိုပြောဆိုပြုလုပ်ခြင်းမပြုဘဲ ဘာသာတရားလေးစားလိုက်နာ၍ အများအကျိုး သယ်ပိုးဆောင်ရွက်သူများသာ ဖြစ်သင့်ပါသည်။ အစိုးရအဖွဲ့သည် တိုင်းရေး ပြည်ရေးကိစ္စများ၌ ဆင်ဆင်ခြင်ခြင် အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်သင့်ပါသည်။ တိုင်းသူပြည်သား လူအများသည် ဥပဒေကို လေးစားလိုက်နာ၍ အလုပ်ကြိုးစားသူများသာ ဖြစ်သင့်ပါသည်။

မည်သူမဆို မိမိအကျိုးကို ဆောင်ရွက်တိုင်း အများအကျိုးကိုပါ ထည့်သွင်းစဉ်းစားရပါမည်။ အများအကျိုး ထိခိုက်ပျက်စီးစေနိုင်သည့် ကိုယ်ကျိုးစီးပွားမျိုးကို လုံးဝရှောင်သင့်ပါသည်။

၂၀၁၆ ခုနှစ် မြန်မာပုံရိပ်ဂုဏ်ဟိတ် မြင့်မားအောင် ဝိုင်းဝန်းကြိုးစားကြပါစို့။



● ကျော်ဖုံးမှ

တံတားအရှည်မှာ စုစုပေါင်း ၅၂၅ မီတာရှိကြောင်း သိရသည်။

တံတားသစ်၏ အမျိုးအစားမှာ သံမဏိသံပေါင် (Steel Plate + Steel Box Girder) အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန်ခံနိုင်ရည်ရှိကာ တံတားကင်းလွတ်အမြင့်မှာ ၈ မိုင် လမ်းဆုံနေရာ၌ ခြောက်မီတာရှိကြောင်း သိရသည်။ တံတားသစ်၏ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အချင်း ၁ ဒသမ ၂ မီတာရှိသည်။ ပင်မတံတားအရှည်တွင် ကွန်ကရစ် RC တိုင် ၁၄ တိုင်ရှိပြီး ကမ်းကပ်ခုံနှစ်ခုပါဝင်ကာ ချဉ်းကပ်တံတားတိုင်များ၏ တစ်ဖက်တစ်ချက်စီ၌ ကွန်ကရစ် RC တိုင်လေးတိုင်စီနှင့် ကမ်းကပ်ခုံတစ်ခုစီပါဝင်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ပင်မတံတားတိုင်ကွန်ကရစ် RC တိုင် ၁၄ တိုင်ရှိသည့်အနက် တံတားတိုင်ကိုးတိုင်အတွက်ကို အုတ်မြစ်ဘိုးပိုင်လုပ်ငန်းနှင့် Top beam လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ကျန်ရှိတိုင်များမှာ ရှက်တိုင်များ ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ Girder များ တည်ဆောက်မည့် Top beam လုပ်ငန်းအတွက် တံတားတိုင်ငါးတိုင်သာကျန်ရှိတော့ကြောင်း သိရသည်။ တံတားသစ်စီမံကိန်းအတွက် နေ့၊ ညလုပ်ငန်းဝင်နေကြသော နိုင်ငံခြားသားနှင့်မြန်မာ အင်ဂျင်နီယာ ၂၀ ရှိပြီး နေ့၊ ည အလုပ်လုပ်ကိုင်နေကြသော လုပ်သား ၃၀၀ ရှိသည်။

တံတားတည်ဆောက်ရေးဆောင်ရွက်နေသည့် Crown Advanced Construction ကုမ္ပဏီလီမိတက်က စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေက "တံတားသစ်ကြီး အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်သွားမှာပါ၊ အဓိကယာဉ်ကြောကျပ်တာကို ဖြေရှင်းတဲ့အနေနဲ့ တည်ဆောက်တာဆိုတော့ တံတားသစ် တည်ဆောက်ပြီးစီးသွားရင် လမ်းဆုံမီးပွိုင့်မှာ ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းမရှိတော့ဘဲ တောက်လျှောက်မောင်းနှင်နိုင်ကြတော့မှာပါ" ဟု ပြောသည်။

လက်ရှိ Steel Box Girder နှင့် Steel Plate Girder တပ်ဆင်ဆောင်ရွက်ရန်အတွက် ည ၁၀ နာရီမှ နံနက် ၅ နာရီထိ မီးပွိုင့်တောင်ဘက်ခြမ်းရှိ ယာဉ်သွားလမ်းနှစ်ဖက်စလုံးကို ယာယီပိတ်ထားမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထိ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယာယီပိတ်ထားရန် ခန့်မှန်းထားကြောင်း သိရသည်။

တံတားသစ်စီမံကိန်း ပြီးစီးပါက လေးလမ်းသွား တံတားဖြစ်လာမည်ဖြစ်သည့်အတွက် ရန်ကုန်မှ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေယာဉ်ကွင်းသို့လည်းကောင်း၊ ရန်ကုန်မြို့မှ အထက်မြန်မာပြည်ကို ဆက်သွယ်ထားသည့် အမြန်လမ်းမကြီးသို့လည်းကောင်း ယာဉ်များတောက်လျှောက်ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ တံတားသစ်၏ အောက်တစ်ဖက်တစ်ချက်စီ လမ်း ၀၊ ယာ၌လည်း ယာဉ်များဖြတ်သန်းသွားလာနိုင်ရန်အတွက် တစ်လမ်းသွားစီပါဝင်မည်ဖြစ်ကြောင်း၊ ထို့အပြင် မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge) ကို ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက် တွင် အပြီးသတ် တည်ဆောက်သွားမည်ဖြစ်ပြီး တံတားသစ်စီမံကိန်းအတွက် ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်က အုတ်မြစ်တူးဖော်ခြင်းနှင့် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ် စီမံကိန်းမှ သိရသည်။

## နှစ်သစ်မင်္ဂလာ အတွေးကဗျာ

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါ မိ"၊
"စေတနာဟာ ကံပါ " တဲ့၊
မြတ်စွာဟောကြား၊ အသိသားနဲ့၊
မြင့်မားကောင်းကင်၊ လှမ်းမြင်ကြည့်ရင်း၊
တွင်းတူးဆင်းကာ၊ အသိမှာ သတိမလိုက်။
မိုက်ပြီးရင်း မိုက်၊ အမိုက်က မှောင်၊
အမှောင်က မလင်း၊ မလင်းတော့ မမြင်၊
မမြင်မကန်း၊ ခရီးကြမ်းမှာ၊
စမ်းတဝါးဝါးနဲ့၊ လမ်းမမှားချင်၊
ခုလတ်တွင်ပင်၊ မီးအိမ်ပြင်ပြီ၊
ရင်တွင်းအလင်း၊ ချင်းနင်းဝင်ရောက် ဝင်းပစေ။ ။

မောင်တင်ဌေး(တရားရေး)

## မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပရိယတ္တိဝန်ဆောင်(စာချ) ဆရာတော်များအား ပူဇော်ပွဲနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပရိယတ္တိဝန်ဆောင်(စာချ) ဆရာတော်များအား ပူဇော်ပွဲနှင့်တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ နံနက်ပိုင်းအစီအစဉ်ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအောက်ပိုင်း စာသင်တိုက်ကြီးများမှ စာချဆရာတော်များ၏ ပရိယတ္တိဆိုင်ရာ ဆွေးနွေးမှုကို စတင်ကျင်းပပြီး အခြေခံဒေသ ရှင်ငယ်များ ပြုစုပျိုးထောင်ရေးဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယနှင့် ပဋ္ဌိပတ္တိမဟာဌာနမှူး ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ ဘဒ္ဒန္တ ပညာသီဟာဘိဝံသ (သ. စ. အ) ဓမ္မာစရိယ၊ မော်လမြိုင်မြို့ မဟာမြိုင်ကျောင်းတိုက်မှ ဘဒ္ဒန္တ ဝိမလဟိတဓရ၊ ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းမှ ဘဒ္ဒန္တ ခေမာနန္ဒနှင့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အောင်မြေရတနာကျောင်းတိုက်မှ ဘဒ္ဒန္တ ရာဟုလာတို့က ဆွေးနွေးတော်မူကြ သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက် အာဂမနယူပဒေသကျောင်းမှ ဘဒ္ဒန္တဥဇ္ဇောတာဘိဝံသထံ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်တော်မူကြသည်။

ထို့နောက် သံဃာတော်များ ရွတ်ပွားအပ်သော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြပြီး အလှူရှင် ဒေါက်တာ ဒေါ်ခင်ခင်ရီက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ) က ဝမ်းမြောက်စကား လျှောက်ထားသည်။

ယင်းနောက် ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ဘဒ္ဒန္တပညာသီဟာဘိဝံသ (သ. စ. အ) ဓမ္မာစရိယက အစည်းအဝေးနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မှတ်တမ်းတင်ခြင်း ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာ ဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်းရုပ်သိမ်းလိုက်သည်။

အခမ်းအနားပြီးတွင် ရှိုင်းဟုတ်ကုမ္ပဏီမိသားစုက ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နဝကမ္မအလှူငွေများကို သံဃာတော်တစ်ပါးချင်းထံ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

## စာအောင်သံဃာ ဂုဏ်ပြုပွဲနှင့် စာပေဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

နတ်တော်လ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပွဲနှင့် စာပေဟောပြောပွဲများကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း သရက်တောကျောင်းတိုက် ရွှေဘိုကျောင်း၌ ဇန်နဝါရီ ၂ ရက် ည ၈ နာရီတွင် စာရေးဆရာ မောင်သွေးချွန်၊ ဇန်နဝါရီ ၃ ရက် ည ၈ နာရီတွင် စာရေးဆရာ ညီမင်းညိုနှင့် ဓမ္မစက္က ဦးမောင်မောင်တို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်သည်။

ဇန်နဝါရီ ၂ ရက် စာပေဟောပြောပွဲမစတင်မီ စာအောင် သံဃာတော် ၂၂ ပါးတို့အား စာအောင်ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် နှစ်သက်ရာ သံဃာတော်အသုံးအဆောင်များ လှူဒါန်းနိုင်ကြောင်းနှင့် စာပေဟောပြောပွဲသို့ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ကိုချစ်**

## မိုး အနည်းငယ် ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

## အာဆီယံအသိုက်အဝန်း တရားဝင်ထူထောင်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃၁**

အာဆီယံသမိုင်းတွင် ထူးခြားသော သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် အာဆီယံအသိုက်အဝန်းကို ကြာသပတေးနေ့တွင် တရားဝင်ထူထောင်လိုက်ပြီဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး အနီဖာအမန်၏ ကြေညာချက်တွင် ဖော်ပြသည်။

အာဆီယံအသိုက်အဝန်းထူထောင်မှုအတွက် နွေးထွေးစွာကြိုဆိုပါကြောင်း၊ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား အပြန်အလှန်ထောက်ပံ့ပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အောင်မြင်စွာဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အာဆီယံအသိုက်အဝန်းတွင် နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ ပါဝင်ပြီး နိုဝင်ဘာလက ကျင်းပသော (၂၇)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တရားဝင်အသိုက်အဝန်းအဖြစ် ထူထောင်ရန်ကြေညာခဲ့သည်။

(ဆင်ဟွာ)

## အီရန်တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်မှုအတွက် အမေရိကန်အရေးယူပိတ်ဆို့မှု အသစ်ပြုလုပ်ရန်စီစဉ်



**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အီရန်တိုက်ချင်းပစ် ဒုံးပျံအစီအစဉ်အပေါ် နိုင်ငံတကာကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလတို့အား အရေးယူပိတ်ဆို့မှုအသစ် ချမှတ်ဆောင်ရွက်ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားအစိုးရက ပြင်ဆင်နေကြောင်း အစိုးရသတင်းရပ်ကွက်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ အီရန်တိုက်ချင်းပစ်ဒုံးပျံ ဖွံ့ဖြိုးရေး အဓိကသံသယရှိမှုများအတွက် အီရန်၊ ဟောင်ကောင်နှင့် ယူအေအီးနိုင်ငံတို့ရှိ ကုမ္ပဏီ ၁၂ ခုနှင့် တစ်သီးပုဂ္ဂလပါဝင်ပတ်သက်သူများအား အရေးယူဖွယ်ရှိကြောင်း ဝေါလ်စထရိဂျာနယ်က စောစောပိုင်းတွင် ဖော်ပြသည်။

အီရန်နှင့်ဝါရှင်တန်အပါအဝင် အင်အားကြီး ခြောက်နိုင်ငံအကြား ဇူလိုင်လနျူကလီးယားသဘောတူညီချက်အရ အီရန်နိုင်ငံအား နျူကလီးယားနည်းပညာ ကူညီပေးခဲ့သော ကုမ္ပဏီအဖွဲ့အစည်းများအား အမည်ပျက်စာရင်းသွင်းရမည် ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို အဆိုပါဂျာနယ်က ဖော်ပြသည်။

အီရန်ခေါင်းဆောင် အယာတိုလာခါမေနီအနေဖြင့် ယင်းကဲ့သို့ အရေးယူမှု ဆောင်ရွက်ခြင်းသည် နျူကလီးယားသဘောတူညီချက်ကို ချိုးဖောက်သည်ဟု ရှုမြင်ထားကြောင်း အီရန်တာဝန်ရှိသူများက ဆိုသည်။

(ရိုက်တာ)

## ပင်လယ်ပြင်ဖြတ် ဒုက္ခသည်တစ်သန်းကျော် ၂၀၁၅ ခုနှစ်အတွင်း ဥရောပသို့ဝင်ရောက်ခဲ့



**ကုလသမဂ္ဂ ဒီဇင်ဘာ ၃၁**

ဒုက္ခသည်နှင့်ရွှေ့ပြောင်းနေထိုင်သူ တစ်သန်းကျော်တို့သည် ၂၀၁၅ ခုနှစ်အတွင်း ပင်လယ်ဖြတ်ကျော်၍ ဥရောပသို့ထွက်ပြေးဝင်ရောက်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (ယူအင်န်အိတ်ချ်စီအာ)က ဗုဒ္ဓဟူးနေ့တွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယခုနှစ်အတွင်း လူပေါင်း ၁၀၀၀၅၇၃ဦးသည် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပသို့ဝင်ရောက်ခဲ့ကြောင်း၊ အဓိကအားဖြင့် ဂရိ၊ အီတလီနိုင်ငံသို့ဝင်ရောက်ခဲ့ကာ ဥရောပသို့ဝင်ရောက်မှု၏ ၈၄ ရာခိုင်နှုန်းရှိကြောင်း ယူအင်န်အိတ်ချ်စီအာမှ နောက်ဆုံးထုတ်ပြန်ထားသော စာရင်းဇယားများတွင် ဖော်ပြထားသည်။

မြေထဲပင်လယ်ကို ဖြတ်လာသူထက်ဝက်ခန့်သည် ဆီးရီးယားစစ်ပွဲမှ ထွက်ပြေးလာခြင်းဖြစ်ကြောင်း၊ ယင်းတို့တွင် အာဖဂန်မှ ၂၀ ရာခိုင်နှုန်း၊ အီရတ်မှ ခုနစ်ရာခိုင်နှုန်းရှိကြောင်း အဆိုပါအေဂျင်စီကပြောသည်။

"ပိုမိုကောင်းမွန်တဲ့ ဘဝမျှော်မှန်းချက်နဲ့အတူ လူပေါင်းတစ်သန်းကျော် ဥရောပကမ်းခြေတွေမှာ ခြေချနိုင်ခဲ့ကြပါတယ်"ဟု ဥရောပဆိုင်ရာ ယူအင်န်အိတ်ချ်စီအာညွှန်ကြားရေးမှူး ဗင်ဆင့်ကိုချီတဲလ်က ပြောသည်။

(ဆင်ဟွာ)

## နှစ်သစ်ကူးပွဲတော်တွင် အန်ကာရာ၌ အကြမ်းဖက်မှုပြုလုပ်ရန် ကြံစည်သူများဖမ်းဆီး

**အန်ကာရာ ဒီဇင်ဘာ ၃၁**

တူရကီရဲများက အိုင်အက်စ်အကြမ်းဖက်အုပ်စုမှ လူနှစ်ဦးကို နှစ်သစ်ကူးပွဲတော်တွင် အန်ကာရာ၌အကြမ်းဖက်မှုပြုလုပ်ရန် ကြံစည်သည်ဟု သံသယရှိကာ ဖမ်းဆီးလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိုင်အက်စ်အကြမ်းဖက်အုပ်စုမှ လူနှစ်ဦးသည် နှစ်သစ်ကူးဝင်ရောက်မည့် အချိန်တွင် တူရကီ၌ဗုံးဖောက်ခွဲရန် ကြိုတင်ကြံစည်ထားကြောင်း ရဲအဖွဲ့က ပြောခဲ့သည်။ ၎င်းတို့ကို အန်ကာရာမြို့ပြင်ရှိ အကြမ်းဖက်စစ်သွေးကြွများ ခြေကုပ်ယူထားသောစခန်းများကို ဒီဇင်ဘာ ၃၀ ရက်က ဝင်ရောက်စီးနင်းမှုပြုလုပ်စဉ် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဝင်ရောက်စီးနင်းမှုပြုလုပ်စဉ်တွင် ဗုံးထောင်ရာ၌အသုံးပြုမည့်ပစ္စည်းများအပါအဝင် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

ဒေသတွင်း သတင်းမီဒီယာများက ဖမ်းဆီးထိန်းသိမ်းခဲ့သူများသည် တူရကီနိုင်ငံသားများဖြစ်ကြောင်းဖော်ပြခဲ့သည်။ ထို့အပြင် သံသယရှိသူများသည် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများနှင့် ဆက်သွယ်မှုများပြုလုပ်ရန် တစ်ခါတစ်ရံ ဆီးရီးယားနှင့် တူရကီတွင် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဇူလိုင်လက တူရကီအရှေ့တောင်ဘက် ဆူရက်တွင် အသေခံတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ လူ ၃၀ ကျော် သေဆုံးခဲ့သည်။ အောက်တိုဘာလတွင်လည်း အန်ကာရာ၌ပြုလုပ်ခဲ့သော နိုင်ငံ၏အဆိုးဆုံးတိုက်ခိုက်မှုတွင် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။ ကိစ္စရပ်များကိုလေ့လာကြည့်လျှင် အိုင်အက်စ်အုပ်စုများသည် သံသယရှိသူများကို ငွေနှင့်ပစ္စည်းအကူအညီများ ထောက်ပံ့ပေးထားကြောင်း သိရှိနိုင်သည်။ တူရကီအာဏာပိုင်များက အဆိုပါသံသယရှိသူများကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တူရကီလေကြောင်းခရီးစဉ်များဖျက်သိမ်း

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၃၁**

တူရကီလေကြောင်းလိုင်းသည် ဒီဇင်ဘာ ၃၀ ရက်က လေကြောင်းလိုင်းခရီးစဉ် ၁၇၀ ကျော်ကို အစ္စတန်ဘူလ်တွင် နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ဖျက်သိမ်းခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြည်တွင်းလေကြောင်းလိုင်းများအပြင် တူရကီလေကြောင်းလိုင်း၏ အချို့ နိုင်ငံတကာလေကြောင်းလိုင်းများကိုလည်း ရပ်နားခဲ့ရကြောင်း သိရသည်။ ရပ်နားခဲ့ရသော လေကြောင်းလိုင်းများတွင် ဟမ်ဘာ့ဂ်၊ မြူးနစ်၊ မီလန်၊ ဆိုဖီယာ၊ ဘရပ်ဆဲလ်နှင့် တီဟီရန်လေကြောင်းလိုင်းများလည်းပါဝင်ကြောင်း သိရသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုများသည် ဒီဇင်ဘာ၃၁ ရက်ထိ ဆက်လက်ပြီး အင်အားပြင်းထန်စွာတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အခုလို ဆောင်းရာသီတွင် အစ္စတန်ဘူလ်အတူတက်ခ်နှင့် ဆာဘီဟာ ဂေါ့ခ်ဆန်လေဆိပ်များမှ အချို့ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း တူရကီလေကြောင်းလိုင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထို့ပြင် တူရကီပီကာဆက်လေကြောင်းလိုင်းသည် ပြည်တွင်းလေကြောင်းလိုင်း ၂၉ ခုကို ရာသီဥတုဆိုးရွားမှုများကြောင့် ဖျက်သိမ်းခဲ့ရကြောင်း ၎င်းကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အစ္စတန်ဘူလ် အစိုးရရုံး၏ ကြေညာချက်တွင် ဒေသခံများကို မလိုအပ်ဘဲ အပြင်ထွက်ခြင်းမပြုလုပ်ရန် အကြံပေးဖော်ပြထားသည်။ ထို့အပြင် ကိုယ်ပိုင်ကားများဖြင့် ခရီးသွားလာခြင်းအစား အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များဖြင့်သာသွားလာရန် တိုက်တွန်းထားသည်။

နှင်းရှင်းယာဉ် အစီးတစ်ထောင်ကျော်နှင့် အခြားအကြီးစားယာဉ်များ အပါအဝင် လူပေါင်း ၅၀၀၀ ကျော်သည် အရေးပေါ်အခြေအနေအတွက် အဆင်သင့်ရှိနေကြောင်း အစ္စတန်ဘူလ်မြို့တော်မြူနီစပယ်က ကြေညာထားသည်။ **(ဆင်ဟွာ)**




**ဒီဇင်ဘာ ၃၀ ရက်က နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တူရကီလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း တူရကီနိုင်ငံ အစ္စတန်ဘူလ်လေဆိပ်တွင် ရပ်နားထားစဉ်။**

# လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စရီနာတား ဒီဆီလီယန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အထွေထွေရွေးကောက်ပွဲကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုအကူအညီများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်နှင့်တာဝန်ရှိသူများ တက်ရောက်သည်။

**(သတင်းစဉ်)**

# နို့စားနွားမွေးမြူရေး တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြခြင်းဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများစားသုံးနိုင်ပြီး အပိုဝင်ငွေရရှိစေ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာမြင့်အောင်၊ ဦးအုန်းမြင့်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ဒီဇင်ဘာစံပြနို့စားနွား မွေးမြူရေးခြံသို့ရောက်ရှိပြီး ဖရီရှန်စပ်မျိုးနို့စားနွားမမွေးမြူရေးခြံ၊ နွားမတမ်းမွေးမြူရေးခြံနှင့် နွားသားပေါက်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စားနပ်ရိက္ခာဖူလုံရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများ ထုတ်လုပ်နိုင်ရေး၊ ကျေးလက်လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးတက်ရရှိရေး၊ အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများ ဖူလုံပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် နို့စားနွားမွေးမြူရေးကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြခြင်းဖြင့် သန့်ရှင်းလတ်ဆတ်သောနို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးနိုင်ပြီး အပိုဝင်ငွေရရှိစေမည်ဖြစ်သည့်အတွက် မွေးမြူရေး နည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် နွားမျိုးများကို ကျေးရွာများအရောက် ဖြန့်ဖြူးစေလိုကြောင်း၊ ထို့အပြင် ဒေသမျိုးရင်းနွားမများကိုလည်း ရာနှုန်းပြည့်နို့စားမျိုးနွားသိုး၊ ရာနှုန်းပြည့်အသားစားမျိုးနွားသိုး မျိုးရည်ခဲချောင်းများဖြင့် မျိုးမြှင့်တင် သားစပ်ပေးခြင်းဖြင့် အသားနှင့်နို့ထုတ်လုပ်မှုများ ပိုမိုတိုးတက်ရရှိစေပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အား များစွာအထောက်အကူပြုစေပါကြောင်း၊ နွားစာမြက်နေပီယာမြက်မျိုးများအပြင် လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကိုပါ နွားမွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ နွားမွေးမြူရေးမှ စွန့်ပစ်အညစ်အကြေးများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေဩဇာများအဖြစ် ပြန်လည်အသုံးပြု သုံးစွဲနိုင်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို များစွာ အထောက်အကူပြုစေပါကြောင်း။

ထို့အပြင် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအနေဖြင့် သန့်ရှင်းလတ်ဆတ်သော နွားနို့များ နေ့စဉ်ပုံမှန်သောက်သုံးခြင်းဖြင့် ကျန်းမာသန်စွမ်းဉာဏ်ရည်ထက်မြက်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူတော်လူကောင်းများ ပိုမိုပေါ်ထွန်းလာစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။



အဆိုပါ ဒီဇင်ဘာ နို့စားနွားမွေးမြူရေးခြံ၌ ဖရီရှန်စပ်မျိုးနို့စားနွားအရွယ်စုံ ၁၆၇ ကောင် မွေးမြူထားရှိပြီး တစ်ရက်လျှင် နွားနို့ပိဿာ ၄၀၀ ခန့် ပုံမှန်ထုတ်လုပ်ရရှိပြီး နို့စိမ်း၊ နို့အေးအပြင် ဒိန်ချဉ်များကို Value Added ပြုလုပ်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကျူးဘားနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို အီဒူရာဒို ရိုဒရီဂုဇ် ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်

**ပဲခူး ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားကစားကွင်း၌ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယဉာဏ်စွမ်းတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ကျောင်းပေါင်းစုံပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက်နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်တို့မှ ကျောင်းသား ကျောင်းသူပေါင်း ၂၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

○ *ကျောဖုံးမှ*

တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

နံနက်ပိုင်းကျင်းပသည့် တတိယနေရာလုပွဲတွင် ဧရာဝတီအကယ်ဒမီက ရတနာပုံအကယ်ဒမီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တန်ဖိုးအရှိဆုံးကစားသမားဆုကို ဥက္ကာနိုင်(ဇွဲကပင်)အား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်း၊ တတိယဆုရ ဧရာဝတီအကယ်ဒမီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရ မန္တလေးအကယ်ဒမီ(က)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေကျပ်သုံးသိန်း၊ ပထမဆုရ ဇွဲကပင် အကယ်ဒမီ(က)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေကျပ်ငါးသိန်းနှင့် ဆုဖလားကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

# ကျေးလက်ဒေသအသေးစားထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**မြိတ် ဒီဇင်ဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်ပါ အဓိကထွက်ကုန်များအကောင်အထည်ဖော်ရေးနှင့် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ J & J ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် မြိတ်ခရိုင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက အမျိုးသားပို့ကုန် မဟာဗျူဟာ ရည်မှန်းချက်နှင့် အဓိကထွက်ကုန်များ အကောင်အထည်ဖော်ရေးအကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေကြိုင်က AEC နှင့် ကုန်သွယ်မှုရေးရာကဏ္ဍအကြောင်းကိုလည်းကောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်သောင်းက ရေသယံဇာတထိန်းသိမ်းရေးနှင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကိုလည်းကောင်း၊ ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စောရီက ရော်ဘာထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရေးအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက အမျိုးသားပို့ကုန် မဟာဗျူဟာ ရည်မှန်းချက်ပါ အဓိကထွက်ကုန်များ အကောင်အထည်ဖော်ရေးနှင့် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နိုင်ထူး(မြိတ်)**



# မြန်မာနိုင်ငံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း

စောကလျာ(စီမံ/စီးပွား)

အာဆီယံအသိုက်အဝန်း (ASEAN Community) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက အကောင်အထည်ဖော်တော့မည်ကိုသာ ပြည်သူများသိရှိကြပြီး မိမိတို့နိုင်ငံအခြေအနေကိုလည်း သိချင်ကြမည် ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်းအောက်တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း (အေပီအက်စ်စီ)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)နှင့် အာဆီယံလူမှုရေးယဉ်ကျေးမှုအသိုက်အဝန်း(အေအက်စ်စီစီ)ဆိုပြီး အသိုက်အဝန်း (၃)ရပ်ခွဲပြီး အာဆီယံတွင် အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီးဌာနက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အာဆီယံလူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းတို့ကိုဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာစေရေးအတွက် အခြားအဖွဲ့ဝင် ကိုးနိုင်ငံနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အေအီးစီအကြောင်းပြောရမည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင်ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်ကြီးများက အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community - AEC) ကို ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု(ဘာလီကွန်းကော့-၂) ၏ အဓိကရည်မှန်းချက်အဖြစ်ကြေညာခဲ့ပြီး ၂၀၀၇ ခုနှစ် စင်ကာပူနိုင်ငံ၌ အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ (ASEAN Economic Community Blueprint- AEC Blueprint) ကို လက်မှတ်ရေးထိုးခြင်းဖြင့် ထပ်မံအတည်ပြုခဲ့ကြပါသည်။

အေအီးစီသည် အာဆီယံကို ပိုမိုအရှိန်အဟုန်မြှင့်တင်၍ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့်ဒေသဖြစ်စေရေးရည်မှန်းချက်ဖြင့် အာဆီယံကို တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသအဖြစ် ထူထောင်မည်ဖြစ်ပါသည်။ ဒေသတွင်းပေါင်းစည်းရေးနှင့် ပေါင်းစပ်ဆက်သွယ်ရေးတို့ကို ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အရင်းအနှီးနှင့် ကုန်စည်များလွယ်ကူချောမွေ့စွာ ရွှေ့ပြောင်းနိုင်မှု၊ ကုန်သွယ်မှုအတားအဆီးများ လျှော့ချမှုနှင့် အာဆီယံအဖွဲ့အစည်းများ၏ ခိုင်မာတောင့်တင်းမှုတို့ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

ထို့ကြောင့် အေအီးစီကို အကောင်အထည်ဖော်ရာ၌ မဏ္ဍိုင်လေးခု ဖြစ်သည့်

- အာဆီယံကို တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသ (Single Market and production Base)၊
- ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ(Competitive Economic Region)၊
- သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးသောဒေသ(Equitable Economic Development) နှင့်
- ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသောဒေသ(Integration into the Global Economy)

တို့ပါဝင်ပြီး မဏ္ဍိုင်တစ်ခုချင်းစီတွင် အာဆီယံသည် ထင်ရှားကြီးမားသော တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပြီး ယင်းတိုးတက်မှုတို့ကပင် ရင်းနှီးမြှုပ်နှံသူများနှင့် အာဆီယံပြည်သူတို့အတွက် အခွင့်အလမ်းသစ်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသတွင် အေအီးစီ၏ မြင့်မားသောရည်မှန်းချက်တို့ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်အများအပြားကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

ကုန်စည်များ လွတ်လပ်စွာစီးဆင်းစေရေးအတွက် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်(ASEAN Trade in Goods Agreement-ATIGA) ကို ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံခြောက်နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ၎င်းတို့ကုန်စည်အမယ်စုစုပေါင်း၏ ၉၉ ဒသမ ၂ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကျန်လေးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၉၇ ဒသမ ၅၂ ရာခိုင်နှုန်းကို လည်းကောင်း အကောက်ခွန်နှုန်း ၀-၅ ရာခိုင်နှုန်းအတွင်းသို့ ၂၀၁၀ ပြည့်နှစ်က လျှော့ချခဲ့ပြီး ဖြစ်ပါသည်။

ကုန်တင်ပို့သူများအနေဖြင့် မိမိတို့ကုန်စည်များသည် မိမိနိုင်ငံ၏ ထုတ်ကုန်ဖြစ်ကြောင်း အထောက်အထားဖြစ်သည့် **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို မိမိတို့ကိုယ်တိုင်ထုတ်ပေးသည့် အာဆီယံရှေ့ပြေးအစီအစဉ်(Pilot Program for the ASEAN Self-Certification System)** ကိုလည်း စတင်ကျင့်သုံးလျက်ရှိပါသည်။ အဆိုပါအစီအစဉ်သည် ကုန်သွယ်မှုအတွက် ကုန်ကျစရိတ်များစွာကို လျှော့နည်းစေပြီး နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးတွင်လည်း ပိုမို သွက်လက်မြန်ဆန်လာစေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံက အဆိုပါရှေ့ပြေးအစီအစဉ်၌ ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းတွင် ဝင်ရောက်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံအဖွဲ့ဝင်ခုနစ်နိုင်ငံတို့သည် အာဆီယံပြတင်းတစ်ပေါက် (ASEAN Single Window-ASW) ကို အသုံးပြုဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အကောင်အထည်ဖော်ခြင်း၏ ထင်ရှားမြင်သာသည့် တိုးတက်မှုပင် ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးတို့အနေဖြင့် မိမိတို့၏ အမျိုးသားပြတင်းတစ်ပေါက် (National Single Window-NSW) ကို အာဆီယံပြတင်းတစ်ပေါက်နှင့် ချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ အကျိုးရလဒ်အနေဖြင့် အကောက်ခွန်ရှင်းလင်းရေးကိစ္စများကို လျင်မြန်စွာ ပြီးစီးခြင်းအားဖြင့် ကုန်စည်စီးဆင်းမှုတွင် အချိန်နှင့်ကုန်ကျစရိတ်များကို လျှော့နည်းစေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အမျိုးသားပြတင်းတစ်ပေါက် (National Single Window-NSW) ကို ၂၀၁၆ ခုနှစ်အကုန်တွင် စတင်အကောင်အထည်ဖော်နိုင်ရန် အကောက်ခွန်ဦးစီးဌာနကဦးဆောင်ပြီး ဆောင်ရွက်နေပါသည်။

ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေနိုင်ရေးတွင် ၁၉၉၅ ခုနှစ်က ချုပ်ဆိုခဲ့သော အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ် (ASEAN Framework Agreement on Services-AFAS) ကိုအခြေခံ၍ ဝန်ဆောင်မှုကဏ္ဍခွဲများကို သတ်မှတ်ချက်(threshold) နှင့်အညီ အသုတ်လိုက် ဖြေလျှော့ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် နဝမအသုတ်အထိ ဖြေလျှော့ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက focal အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံသည် တစ်နိုင်ငံချင်းအလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်မှုများအပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို ကူညီရန်နှင့် လုပ်ငန်းလာရောက်လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူများအတွက် ရည်ရွယ်သည့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်(ASEAN Comprehensive Investment Agreement-ACIA) ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါစာချုပ်တွင် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကာအကွယ်ပေးရေးနှင့် ဖြေလျှော့မှုပေးရေး ကတိကဝတ်တို့ ပါဝင်ပါသည်။ ထို့ပြင် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံတကာ၏ အကောင်းဆုံးအလေ့အထများဖြင့် ဆောင်ကြဉ်းပေးနိုင်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ဆောင်ရွက်ရန်ဌာနအဖြစ် တာဝန်ခံဆောင်ရွက်လျက်ရှိပါသည်။

အရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဝင်လာစေရေးအတွက် အာဆီယံအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ Stock Exchange တို့ပူးပေါင်း၍ အာဆီယံအရင်းအနှီးဈေးကွက်များ (ASEAN Capital Market) မြှင့်တင်ရေးနှင့် ဒေသတစ်လွှား ရင်းနှီးမြှုပ်နှံသူများအား အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရေးရည်ရွယ်ချက်ဖြင့် ASEAN Exchange အဖြစ် ပူးတွဲဆောင်ရွက်ခဲ့ကြပါသည်။ ASEAN Exchange သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရင်းနှီးမြှုပ်နှံသူများ ငွေကြေးလဲလှယ်မှုကိစ္စများ၌ ပိုမိုအဆင်ပြေချောမွေ့စွာ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် အကျိုးဆောင်များ၏အဓိကဝင်ပေါက်၊ ထွက်ပေါက်အဖြစ် အာဆီယံကုန်သွယ်မှုကွင်းဆက် (ASEAN Trading Link) ကို စတင်ကျင့်သုံးခဲ့ပါသည်။ မြန်မာနိုင်ငံ၌လည်း Stock Exchange ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိပါသည်။

ကျွမ်းကျင်လုပ်သားများ အာဆီယံဒေသတွင်း လွတ်လပ်စွာ သွားလာလုပ်ကိုင်နိုင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံလူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုသဘောတူစာချုပ် (ASEAN Agreement on the Movement of Natural Persons-MNP) သည် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လူပုဂ္ဂိုလ်များအား ယာယီအားဖြင့် နိုင်ငံနယ်နိမိတ်ဖြတ်ကျော် သွားလာလုပ်ကိုင်နိုင်ရေးကို အထောက်အကူပြုသည့် ဥပဒေဘောင်တစ်ရပ်ဖြစ်ပါသည်။ သက်ဆိုင်ရာသက်မွေးဝမ်းကျောင်း နယ်ပယ်အလိုက် ကျွမ်းကျင်သူများ ဒေသတွင်း လွယ်ကူစွာသွားလာလုပ်ကိုင်နိုင်ရေးအတွက် ၎င်းတို့၏ကျွမ်းကျင်မှုနှင့်စွမ်းဆောင်ရည်အရည်အသွေးတို့ကို အသိအမှတ်ပြုသည့် အာဆီယံအပြန်အလှန် အသိအမှတ်ပြုအစီအစဉ်(ASEAN Mutual Recognition Arrangements-MRAs) ရှစ်ခုကိုလည်း အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

**ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသောစီးပွားရေးဒေသ** အဖြစ် ထူထောင်ရာတွင် အေအီးစီသည် ကြိုးပမ်းဆောင်ရွက်မှုကို အပြန်အလှန်စိစစ်သည့်အဖွဲ့အစည်းများနှင့် ဥပဒေများပါဝင်သည့် မျှတသောပြိုင်ဆိုင်မှုထုံးတမ်းအပေါ် ထောက်ခံအားပေးခြင်းကို လက်ကိုင်ထားပါသည်။ ယင်းတွင် ဒေသတစ်ဝန်းလုံးရှိ စားသုံးသူများကို အကာအကွယ်ပေးခြင်းနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အတွက် အခိုင်အမာအာမခံပြုပေးခြင်းတို့ပါဝင်ပါသည်။ မြန်မာနိုင်ငံ၌ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေလေးခု ပြဋ္ဌာန်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက focal အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံနိုင်ငံတိုင်းတွင် ယှဉ်ပြိုင်မှုမူဝါဒနှင့်ဥပဒေတို့ကို ၂၀၁၅ ခုနှစ်တွင် ကျင့်သုံးနိုင်ရေးအတွက် အထူးကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြပါသည်။ ယှဉ်ပြိုင်မှုမူဝါဒ အရေးကြီးကြောင်းနှင့် အများပြည်သူတို့ ပိုမိုသိရှိနားလည်စေရေး အသိပညာပေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ယှဉ်ပြိုင်မှုဥပဒေကို ၂၄-၂-၂၀၁၅ ရက်နေ့တွင် လည်းကောင်း အသီးသီး ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဦးဆောင်၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဒေသတစ်ခုသည် အခြေခံအဆောက်အအုံများဖြစ်သည့် အမြန်လမ်းမကြီးများ၊ လေဆိပ်များနှင့် ရထားလမ်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများအတွက် အထောက်အကူဖြစ်ရန် လိုအပ်ပါသည်။ အာဆီယံအဝေးပြေးလမ်းမကြီး ကွန်ရက်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးက ရွေးချယ်သတ်မှတ်ထားသည့် လမ်းများနှင့် အဝေးပြေးလမ်းများသည် လက်တွေ့ဆက်သွယ်ပေါင်းစပ်မှုပြုနေပြီ ဖြစ်ပါသည်။ သို့သော် အချို့သောလမ်းပိုင်းများကို သဘောတူထားသည့် စံနှုန်းအရည်အသွေးပြည့်မီရေးအတွက် ပြုပြင်မွမ်းမံရန်လိုအပ်လျက်ရှိနေပါသေးသည်။ လမ်းလုံခြုံမှု အဆင့်မြှင့်တင်ခြင်းနှင့် လမ်းအသုံးပြုသူများပိုမိုသက်သောင့်သက်သာရှိစေရေးတို့အတွက် အာဆီယံအဝေးပြေးလမ်းမကြီး၏ တစ်ထောက်နား ပို့ဆောင်ရေးခရီးလမ်းကြောင်းတစ်လျှောက် လမ်းညွှန်ဆိုင်းဘုတ်နှင့် အချက်ပြဆိုင်းဘုတ်များ အသင့်တပ်ဆင်ပြီး ဖြစ်ပါသည်။

အာဆီယံမဟာဓာတ်အားလိုင်းကြီး(ASEAN Power Grid-APG)ကို အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ဒေသဆိုင်ရာစွမ်းအင်လွှဲပြောင်းပို့လွှတ်မှု ချိတ်ဆက်သည့်ကွန်ရက်တစ်ခုအဖြစ် ရည်ရွယ်တည်ဆောက်ထားပါသည်။ နိုင်ငံနယ်နိမိတ်ဖြတ်ကျော်ချိတ်ဆက်မှု ၁၆ ခုအနက် ခြောက်ခုကို လက်ရှိအသုံးပြုနေပြီ ဖြစ်ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံများ၏ နယ်နိမိတ်ဖြတ်ကျော် ဓာတ်ငွေ့ပိုက်လိုင်း(Trans-ASEAN Gas Pipeline-TAGP)သည် သဘာဝဓာတ်ငွေ့ရည်အပါအဝင် ဖြစ်နိုင်သမျှ ဓာတ်ငွေ့တို့ကို အဖွဲ့ဝင်နိုင်ငံတို့၏ နယ်နိမိတ်များကို ဖြတ်ကျော်ပို့ဆောင်မည် ဖြစ်ပါသည်။ ယင်းသည် အဖွဲ့ဝင်နိုင်ငံများတွင် လျှပ်စစ်စွမ်းအား ပိုမိုလိုအပ်လာမှုကို ဖြည့်ဆည်းပေးမည့် နယ်နိမိတ်ဖြတ်ကျော် စွမ်းအင်ကုန်သွယ်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါစီမံချက်သည် ပုဂ္ဂလိကကဏ္ဍသို့ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးအထောက်အပံ့နှင့် နည်းပညာလွှဲပြောင်းပေးခြင်းစသည့် အခွင့်အလမ်းများကို ရရှိစေမည်ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံပွင့်လင်းသော ကောင်းကင်မူဝါဒ (ASEAN Open Skies Policy) အောက်တွင် ကုန်စည်နှင့် ခရီးသည်ဝန်ဆောင်မှု နှစ်မျိုးစလုံးပါဝင်သည့် လေကြောင်းဝန်ဆောင်မှုအတွက် ဖြေလျှော့မှုများ ကတိကဝတ်ပြုသည့် သဘောတူစာချုပ်များနှင့် အခြေပြစာချုပ်များ ဆောင်ရွက်ပြီးဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအများစုတွင် ကျင့်သုံးနေပြီ ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ အာဆီယံဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများက အာဆီယံဒေသတွင်း၌ နိုင်ငံတကာမိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ခနှုန်းထားကိုလျှော့ချရန် ရည်မှန်းထားကြောင်း ၂၀၁၂ ခုနှစ်တွင် ကြေညာခဲ့ပါသည်။ အာဆီယံတွင် မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ခနှုန်းထားကိုလျှော့ချရန် ပထမဆုံးနှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး နှုန်းထားများ ၂၀၁၃ ခုနှစ်တွင် ၂၀၁၁ ခုနှစ်ထက် ထက်ဝက်ကျဆင်းခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။

**သာတူညီမျှစီးပွားရေးဖွံ့ဖြိုးသောဒေသ**ဖြစ်စေရန်အတွက် အာဆီယံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ခဲ့ထွင်ခြင်းနှင့် ယှဉ်ပြိုင်မှုစွမ်းရည်မြှင့်တင်ပေးခြင်းတို့ဆောင်ရွက်ရန်အတွက် အာဆီယံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးမှုမဟာဗျူဟာလုပ်ငန်းစီမံကိန်း (၂၀၁၀-၂၀၁၅) ကို အကောင်အထည်ဖော်ခဲ့ပါသည်။ လုပ်ငန်းတူစီးပွားရေးလုပ်ငန်းများတွေ့ဆုံဆွေးနွေးနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ပေးရန် အာဆီယံစီးပွားရေးလုပ်ငန်း အထူးဖေးမစောင့်ရှောက်မှုကွန်ရက် (ASEAN Business Incubator Network-ABINet) ကို စီးပွားရေးစောင့်ရှောက်မှုနှင့် တီထွင်မှုဗဟိုဌာန ၃၀ ဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတို့အနေဖြင့် ဘဏ္ဍာရေးအထောက်အပံ့များနှင့် ဈေးကွက်အခွင့်အလမ်းများ ပိုမိုသိရှိနားလည်လာစေရေးအတွက် အေအီးစီ ၂၀၁၅ သို့ ရှေးရှုသည့် အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများ လမ်းညွှန်(ASEAN SME Guidebook) ကို ပြုစုဖြန့်ချိခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၉-၄-၂၀၁၅ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးနှင့် နည်းပညာအကူအညီ ပေးအပ်နိုင်ရေးအတွက်

စာမျက်နှာ ၉ ကော်လံ ၁

**အေအီးစီ၏ အောင်မြင်မှုပြယုဂ်တစ်ခုမှာ အာဆီယံ၏ပေါင်းစည်းမှုသည် ကမ္ဘာ့စီးပွားရေးတွင် ထင်ရှားစွာပါဝင်လာခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းမှုရှိသောဒေသဖြစ်စေရန် ပြင်ပစီးပွားရေးဆက်ဆံမှုများအတွက် ကျိုးကြောင်းဆီလျော်သောနည်းလမ်းနှင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ဖြည့်ဆည်းမှုကွန်ရက်၌ ပူးပေါင်း ပါဝင်မှုတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ**

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၃၁

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ(ယာပုံ) လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်းနှစ်ခုအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခြင်း ဆောင်ရွက်သည်။**



အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အချက်များအပါအဝင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အပိုဒ်၊ အပိုဒ်ခွဲများနှင့် အမှတ်စဉ်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းထပ်မံရေးဆွဲ၍ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်း နှစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ကြယ်ပွင့်ပြ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **နိုင်ငံတော်တွင် ကျူးကျော်နေထိုင်သူများအပါအဝင် များစွာသောပြည်သူတို့မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားသက်သေခံလက်မှတ် ထုတ်ပေးနိုင်ခြင်း မရှိသေးသဖြင့် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ရွှေ့ပြောင်းသွားလာနေသူများ၏ အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများ အနီးစပ်ဆုံးရရှိနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်နေထိုင်ခဲ့သည့် မြို့နယ်များတွင် စာရင်း ရှိ၊ မရှိ စိစစ်ခြင်း၊ မှန်ကန်ပါက စာရင်းပယ်ဖျက်၍ အမြဲအခြေချနေထိုင်မည့် မြို့နယ်တွင် အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးပြီးပါက မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



**ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဖြေကြားစဉ်။**

နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသားဥပဒေဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ တွေ့ကြုံနေရသည့် အခက်အခဲများမှာ ဥပဒေ၊ နည်းဥပဒေများကြောင့် မဟုတ်ကြောင်း၊ အတည်တကျ နေထိုင်ခြင်းမရှိဘဲ မကြာခဏ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားများ တင်ပြနိုင်မှု အခြေအနေများအပေါ် မူတည်၍ ခက်ခဲနေခြင်းဖြစ်၍ လက်ရှိကျင့်သုံးနေသော ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၈၉ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် (၅)ကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာ သုံးရပ်၊ နည်းနာနိဿယ



**ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် မေးမြန်းစဉ်။**

သုံးရပ်နှင့် လုပ်ငန်းစဉ် ငါးရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရမှ ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃ -၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ - ၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်း ထပ်မံရေးဆွဲ၍ ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှပူးပေါင်းပါဝင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ဆော-လောင်းရှည်-စေတုတ္တရာ လမ်းဖောက်လုပ်ရာတွင် လယ်ယာမြေပျက်စီးဆုံးရှုံးရခြင်းအတွက် မြေယာလျော်ကြေး အမြန်ဆုံးပေးချေနိုင်ရေးဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ မေးခွန်း(၂)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းနှစ်ခုအား အတည်ပြုခြင်း၊ အစီရင်ခံစာသုံးခု အတည်ပြုခြင်းနှင့် အစီရင်ခံစာနှစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးဆွေအောင်၏ **နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေးအတွက် ဆော-လောင်းရှည်-စေတုတ္တရာ လမ်းဖောက်လုပ်ရာတွင် နှစ်ပေါင်းများစွာ ဓားမဦးချလုပ်ကိုင်ခဲ့သော လယ်ယာမြေများ ပျက်စီးဆုံးရှုံး နစ်နာရခြင်းအတွက်**



**ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။**

**ဥပဒေအရ ထိုက်သင့်သောလျော်ကြေး ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်းတွင် ရှိသည့် ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်း ဖောက်လုပ်ရာတွင် လမ်းဧရိယာနှင့် မလွတ်ကင်း၍ ပါဝင်သွားသည့် ဆောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅ အုပ်စုမှ တောင်သူ ၂၄ ဦး၏ လယ်ယာမြေ ၇ ဒသမ ၄၅ ဧကအတွက် မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးအတွက် ငွေကျပ် ၁၃၇၆၅၀၀၀ အား ပေးလျော်ခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့ပြင် အဆိုပါလမ်းဖောက်လုပ်ရာတွင် လမ်းဧရိယာနှင့် မလွတ်ကင်းသည့်အတွက် ပါဝင်သွားခဲ့သော ဦးသိန်းထွန်းအောင်ပါ တောင်သူလေးဦးနှင့်ဒေါ်သိန်းရီတို့၏ လယ်ယာမြေများအတွက် နစ်နာကြေးများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေး



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)က ဦးဆွေအောင် မေးမြန်းစဉ်။**

ကော်မတီအဆင့်ဆင့်၏ အတည်ပြုချက်ရရှိပါက မြေယာလျော်ကြေး အမြန်ဆုံး ပေးချေနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌက **အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၊ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့် အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီတို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ**ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် **အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီတို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ**ကို ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမေရိကန်ကွန်ဂရက် အထက်လွှတ်တော်အမတ် မစ္စတာ သောမတ်စ် ကော်တွန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီက နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှု၊ တရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှု၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများအား ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဟံစိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## *ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

ခဲ့ပါကြောင်း၊ အဆိုပါမူဝါဒနှင့်အညီ နှစ်ရှည်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းများရေးဆွဲလျက် ပြည်သူလူထုနှင့် ပြည်တွင်းရှိ NGO, INGOs အဖွဲ့အစည်းများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)အဖွဲ့များ ပူးပေါင်းပါဝင်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းသည့် **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးကြပြီး ပြင်ဆင်ချက် (၁၈)ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကို ယနေ့နံနက် ၁၀ နာရီက စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများတက်ရောက်ပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူးနှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ငွေကျပ် ၁၅၇ သိန်းခန့်တန်ဖိုးရှိ ဆုမဲပေါင်း ၁၂၇၇ ခုအနက်မှပထမကံထူးရှင်အား ရွေးချယ်ချီးမြှင့်ပေးပြီး ကျန်ဆုမဲများကို တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆက်လက်မဲနှိုက်ဖွင့်ဖောက်ကြသည်။

ယင်းနောက် ဝန်ထမ်းများကို အကျွေးအမွေးများဖြင့်ဧည့်ခံပြီး ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သန်းငွေ (ကလောမဲဆန္ဒနယ်)၏ မိတ်ဆွေသုံးဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနန်းဦး (မိုးညိုမဲဆန္ဒနယ်)၏ မိသားစုဝင်သုံးဦးနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ရှိ စက်ရုံ၊ ကျောင်း၊ တပ်များမှ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းတွင်ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၅၆ ဦးစုစုပေါင်း ၆၂ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့၊ မိုးမိတ်မြို့နှင့် ဖလမ်းမြို့တို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

# လှိုင်သာယာနှင့် ရွှေပြည်သာတွင် မှုခင်းကျဆင်းစေရန် လှည့်ကင်းမီးတန်းယာဉ်သုံးစီးဖြင့် လှည့်လည်တာဝန်ထမ်းဆောင်နေပြီဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မော်တော်ယာဉ်လှည့်ကင်းများကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီမှစတင်၍ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် လှည့်ကင်းမီးတန်းယာဉ်သုံးစီးဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီဖြင့် နေ့၊ ညနှစ်ဆိုင်းခွဲကာ တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"အချိန်တိုင်းနေရာတိုင်းမှာ ကျွန်တော်တို့ရှိနေပါပြီ။ အကူအညီလိုရင် တောင်းပါ။ ကင်းလှည့်တဲ့ယာဉ်ဖြတ်သွားတဲ့အတွက် အထိတ်တလန့်ဖြစ်စရာမလိုပါဘူး။ ပြည်သူရဲ့လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ပေးနေတာပါ။ မှုခင်းဖြစ်ပွားမှုများတဲ့ မြို့နယ်တွေရဲ့စက်မှုဇုန်၊ ရပ်ကွက်တွေထဲပါမကျန် လှည့်ကင်းရှိနေတဲ့အတွက် ဒုစရိုက်သမားတွေမှုခင်းဖန်တီးဖို့ နယ်မြေကျဉ်းသွားမှာပါ"ဟု ယနေ့မွန်းလွဲပိုင်းတွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေသော ရွှေပြည်သာနယ်ထိန်းအရာရှိ ဒုရဲအုပ် ဇော်မင်းလှိုင်ကပြောသည်။

လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့တွင် ၂၄ နာရီ လှည့်ကင်းမီးတန်းယာဉ်သုံးစီးဖြင့် တစ်စီးလျှင် အရာရှိတစ်ဦး၊ အခြားအဆင့်သုံးဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး မြို့နယ်တစ်ခုတွင်စုံရပ်နေရာ၌ နှစ်နာရီစီ လှည့်လည်လျက် လုံခြုံရေးအတွက်ယူဆောင်ရမည့် ပစ္စည်းများလည်းတစ်ပါတည်းပါရှိကြောင်း၊ ထိုသို့လှည့်ကင်းဆောင်ရွက်ရာတွင် ပြည်သူတို့၏အခက်အခဲပြဿနာများ၊ သတင်းပေးတိုင်တန်းမှုများကို ကူညီဆောင်ရွက်ပေးရန်နှင့် မှုခင်းဖြစ်ပွားသည့်နေရာများသို့ အချိန်မီရောက်ရှိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မော်တော်ယာဉ်အချင်းချင်း ဆက်သွယ်မှုစနစ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်သည် လူဦးရေထူထပ်သည့်အပြင် စက်မှုဇုန်များတည်ရှိသည့်အတွက် ညပိုင်းသာမက မွန်းလွဲပိုင်းတွင် ဆိုင်ကယ်ဖြင့် လုယက်မှုဖြစ်ပွားနေသောကြောင့် ယခုလို လုံခြုံရေးမီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းကို မြို့ခံပြည်သူများ အံ့သြဝမ်းသာကြိုဆိုလျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့၏ ညွှန်ကြားမှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးများက ကြပ်မတ်ကွပ်ကဲကာ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများကြီးကြပ်လျက် အလှည့်ကျစနစ်ဖြင့် နေ့၊ ည တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ထောက်ပံ့ပေးထားသော လှည့်ကင်းမီးတန်းယာဉ် ၄၅ စီးဖြင့် လှည့်ကင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



မြို့ကြီးရေလှောင်တမံကို တွေ့ရစဉ်။

## ◆ *ရှေ့ဖုံးမှ*

ရေလှောင်တမံအမျိုးအစားမှာ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်ပြီး အလျား ၂၄၆၁ပေ၊ အမြင့် ၂၅၈ ပေရှိသည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အကျယ် ၂၉၅ ဒသမ ၃ ပေရှိသည်။ တမံတွင် ရေလွှဲဥမင်နှင့် ရေအားလျှပ်စစ် ဥမင်တို့ရှိမှာဖြစ်ပြီး ရေအားလျှပ်စစ်ဥမင်မှာ အချင်းပေ ၂၀၊ အလျား ၁၆၄၄ ပေရှိသည်။

ရေအားလျှပ်စစ်စက်ရုံ အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၁၃၅ ပေ၊ အနံ ၈၄ ပေ၊ အမြင့် ၈၁ ပေဖြစ်သည်။ ရေအားလျှပ်စစ်တာဘိုင်မှာ ဖရန့်ဆစ်တာဘိုင်အမျိုးအစားဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်ခွတ်အား မဂ္ဂါဝပ် ၃၀၊ ၁၅ မဂ္ဂါဝပ် နှစ်လုံးဖြစ်သည်။ ယင်းမှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ ထုတ်ပေးနိုင်မည်ဖြစ်သည်။

ရေပေးဝေရေး မြောင်းမကြီးနှစ်ခုရှိပြီး အမှတ်(၁)မြောင်းမကြီးမှာ ၁၁ ဒသမ ၄ မိုင်ရှည်ပြီး မြောင်းမကြီး(၂)မှာ ၁၀ မိုင်ရှည်လျားသည်။ မြို့ကြီးဘက်စုံရေလှောင်တမံသည် ယနေ့နှစ်သစ်ကူး ၁ ရက်တွင် ဖွင့်လှစ်လိုက်သဖြင့် ယင်းမှတစ်ဆင့် ကျောက်ဆည်ခရိုင်အတွင်းရှိ လက်ရှိဇော်ဂျီဆည်ရေသောက်ဧရိယာ ဧက ၈၂၀၀၀ ကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၃၀၀၀ ခန့်တို့ကို ဆည်ရေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့အပြင် လျှပ်စစ်ဓာတ်အားနှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နှစ်သစ်ကူးလက်ဆောင်အဖြစ် မြို့ကြီးဘက်စုံရေလှောင်တမံကို ယနေ့ ဖွင့်လှစ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

# မြန်မာ-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ အမေရိကန်ကွန်ဂရက်မှ အထက်လွှတ်တော်အမတ် မစ္စတာ သောမတ်စ် ကော်တွန်နှင့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးပုံစံသစ်ဖြင့် လျှောက်လှမ်းနေမှုတွင် တပ်မတော်၏ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာ သောမတ်စ် ကော်တွန်နှင့်အတူ အမေရိကန်ကွန်ဂရက်အထက်လွှတ်တော်မှကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**



## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ်စာစောင်များ ဝေဝေဆာဆာ ခင်းကျင်းပြသရေးစီစဉ်

**နောင်ချို ဒီဇင်ဘာ ၃၁**

နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများက ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်များ၊ ပိုစတာတို့ဖြင့် ဒေသခံပြည်သူများ လာရောက်လေ့လာ ဖတ်ရှုနိုင်ရေးအတွက် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။ ယင်းအပြင် မြို့ပေါ်စာသင်ကျောင်း၊ နောင်ချိုမြို့နယ် ကျေးရွာအုပ်စုများသို့သွားရောက်ပြီး ကျေးလက်ပြည်သူများအား စာဖတ်ရှိန်မြှင့်မားရေးအတွက် တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း**



**ဒီဇင်ဘာ ၃၁ ရက်ညက ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်တွင် နှစ်သစ်ကူးကြိုဆိုရန် လူငယ်များ စည်ကားစွာဖြင့် ပျော်ရွှင်မြူးထူးနေမှုကို တွေ့ရစဉ်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းအား အမေရိကန်အထက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းအား အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ သောမတ်စ် ကော်တွန်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အကြမ်းဖက်တိုက်ခိုက်မှု တန်ပြန်နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသလုံခြုံရေး၊ အသွင်ကူးပြောင်းရေးကာလအတွင်း တပ်မတော်၏ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ဆက်ဆံရေးတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူဆယ်ခရိုင်တရားရုံးသို့ ရှမ်းပြည်နယ်တရားသူကြီးချုပ် ကြည့်ရှုစစ်ဆေး

**မူဆယ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် ဒီဇင်ဘာ ၂၉ ရက်က မူဆယ်ခရိုင်တရားရုံးနှင့် အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်တရားသူကြီးချုပ်သည် မူဆယ်မြို့မှ ရဲစခန်းနှင့် အချုပ်ခန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အပြစ်ဒဏ်ကျတရားခံများကို အကျဉ်းထောင်သို့ အမြန်ပို့ရန်၊ အချုပ်ထောင်သစ် ဆောက်လုပ်ပြီးစီးပါက ပိုလျှံသောတရားခံများအား အမြန်ရွှေ့ပြောင်းထားရှိရန်၊ ကြန့်ကြာသောအမှုများ အမြန်ပြီးပြတ်ရေး တရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်(၁၀၅)မိုင်**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။**

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။** (မိုး/ဇလ)

*စာမျက်နှာ ၆ မှ*

စက်မှုဝန်ကြီးဌာနကဦးဆောင်ပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် အာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံမှ လေးနိုင်ငံသို့ အကူအညီပေးရန် အာဆီယံကနဦးပေါင်းစည်းရေးအစီအစဉ် (Initiative for ASEAN Integration-IAI) အောက်တွင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနကဦးဆောင်၍ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ နည်းပညာ အကူအညီရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အာဆီယံမူဘောင် (ASEAN Framework for Equitable Economic Development-AFEED) ကို ၂၀၁၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ်က အေအီးစီ၏ Deliverable တစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီတွင်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား၌ လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေခြင်း၊ ဆင်းရဲမှုကိုတိုက်ဖျက်ခြင်းတို့ပါဝင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မည့် အခြေခံအချက်များအပေါ် အခြေခံသည့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု မြှင့်တင်ဆောင်ရွက်ခြင်းအတွက် အဖွဲ့ဝင်နိုင်ငံများက ဖော်ဆောင်နိုင်ရေး လမ်းညွှန်မှုမူဘောင်တစ်ခုဖြစ်ပါသည်။ အဆိုပါမူဘောင်အပေါ် ဆောင်ရွက်ချက်များကို စောင့်ကြည့်ကြပ်မတ်ကာ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများကို မြှင့်တင်ရမည်ဖြစ်သဖြင့် ယင်းအညွှန်းကိန်းများ ပြီးပြည့်စုံရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါသည်။

အေအီးစီ၏ အောင်မြင်မှုပြယုဂ်တစ်ခုမှာ အာဆီယံ၏ပေါင်းစည်းမှုသည် ကမ္ဘာ့စီးပွားရေးတွင် ထင်ရှားစွာပါဝင်လာခြင်းပင် ဖြစ်ပါသည်။ **ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင် ပေါင်းစည်းမှုရှိသောဒေသ**ဖြစ်စေရန် ပြင်ပစီးပွားရေး ဆက်ဆံမှုများအတွက် ကျိုးကြောင်းဆီလျော်သောနည်းလမ်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းမှုကွန်ရက်၌ ပူးပေါင်းပါဝင်မှု တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် အပေါင်း-၁ (ASEAN +1) လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးသဘောတူစာချုပ်များ ချုပ်ဆိုခဲ့ခြင်းဖြင့် အာဆီယံသည် ကမ္ဘာ့ဖြည့်ဆည်းမှုကွင်းဆက် (Global Supply Chain) ၏ဗဟိုအဖြစ် ကောင်းစွာရပ်တည်လျက်ရှိပါသည်။ ထို့ပြင် ဒေသတွင်း အဓိကစီးပွားရေးရာကိစ္စရပ်များနှင့် ခိုင်မာသည့်ကုန်သွယ်မှုကွင်းဆက်တို့ကို တည်ဆောက်ပြီးဖြစ်ပါသည်။

လက်ရှိတွင် အာဆီယံသည် ၎င်း၏လွတ်လပ်သောကုန်သွယ်မှု ဒေသထူထောင်ဖက် ခြောက်နိုင်ငံနှင့်ပူးပေါင်း၍ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ကို ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သည် အာဆီယံအပေါင်း-၁ လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်များထက် ခေတ်မီသော၊ ဘက်စုံပါဝင်သော၊ အရည်အသွေးမြင့်မားပြီး စီးပွားရေးအကျိုးအမြတ်တို့ကို အပြန်အလှန်ဖော်ဆောင်နိုင်မည့် သဘောတူစာချုပ်ဖြစ်စေရန် ရည်မှန်း၍ ညှိနှိုင်းလျက်ရှိပါသည်။ မူလက ညှိနှိုင်းမှုများကို ၂၀၁၅ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းထားသော်လည်း လက်ရှိအခြေအနေတွင် ၂၀၁၆ ခုနှစ်တွင် ဆက်လက်ညှိနှိုင်းဆွေးနွေးရန် ရှိနေပါသေးသည်။ ညှိနှိုင်းဆွေးနွေးမှုများ အမြန်ဆုံးအပြီးသတ်နိုင်ရေးအတွက် RCEP အဖွဲ့ဝင်နိုင်ငံများသည် လုပ်ငန်းအဖွဲ့ လုပ်ငန်းအဖွဲ့ခွဲ ၁၇ ခုဖွဲ့စည်း၍ အရှိန်အဟုန်မြှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံအချို့တွင် ဖြေလျှော့မှုများအတွက် အခက်အခဲများရှိနေသည့်အတွက် Win-Win Situation ရရှိရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့အား အထူးနှင့် ခြားနားအခွင့်အရေးများ၊ ထပ်မံဖြေလျှော့မှုများ ပေးခြင်းဖြင့် RCEP ညှိနှိုင်းမှုများတွင် လိုက်ပါဆောင်ရွက်နိုင်ရေး အစီအမံများ ပြုလုပ်ထားရှိပေးထားပါသည်။

လက်ရှိတွင် အာဆီယံ၏ အေအီးစီ ၂၀၁၅ ရည်မှန်းချက်သည် အကောင်အထည်ဖော်ရမည့် အေအီးစီ Measure များ၏ ၉၅ ရာခိုင်နှုန်းပြီးစီးရေး (ASEAN everage) ရည်မှန်းထားပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် စာရင်းများအရ အာဆီယံအနေဖြင့် ၉၂ ဒသမ ၇ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ၉၄ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံအနက် အဆင့်(၇) (ဖိလစ်ပိုင်နိုင်ငံနှင့် အဆင့်တူ) အဖြစ် ရပ်တည်လျက်ရှိပါသည်။

မည်သို့ပင်ဆိုစေကာမူ ၂၀၀၈ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည့် အေအီးစီ ၂၀၁၅ ပြီးနောက် အေအီးစီ ၂၀၂၅ ကို ၂၀၁၆ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်သဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ဈေးကွက်ရရှိမှု၊ ငွေကြေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုတို့တွင် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်မှုများ ရှိနေဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် Stakeholder များအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စိန်ခေါ်မှုများကို လျှော့ချနိုင်ရေးအတွက် လက်တွဲညီညီ ဆက်လက်ချီတက်ကြပါဦးလို့ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

# ဇော်ဂျီတောင်ဝှေးပင် ဆေးဖက်ဝင်

ကြည်လွင်မြင့်(မုဒြာ)

စစ်ပြီးခေတ်က နာမည်ကျော်ကြားခဲ့သော စာရေးဆရာကြီး ဓူဝံသည် ပန်းနာရင်ကျပ်ရောဂါကို နှစ်ပေါင်းများစွာခံစားခဲ့ရသူဖြစ်သည်။ ဆေးမျိုးစုံခဲ့သည်။ သူအသက် ၆၀ ကျော်ရောက်မှ "ဇော်ဂျီတောင်ဝှေး" ခေါ် ဘုရားပန်းထိုးလျှင် ပန်းအိုးထဲတွင် အမြစ်များတွယ်လာတတ်သည့်အပင်ကို အရွက်ရောအရိုးပါ ပဉ္စငါးပါးပြုတ်သောက်ခဲ့ရာမှ နှစ်ပေါင်းများစွာခံစားလာရသည့် ပန်းနာရင်ကျပ်ရောဂါ ပျောက်ကင်းခဲ့သည်။ ဆရာကြီးကိုယ်တိုင်ရေးသော "ပန်းနာ" အမည်ရှိ စာအုပ်တွင် ဇော်ဂျီတောင်ဝှေးပင်ကို ပဉ္စငါးပါး ဒိုဘာလာသကြားခေါ် မှန်ရောင်သကြားခဲကို ပရဆေးဆိုင်များမှ ဝယ်ယူပြီး ရောပြုတ်သောက်ခဲ့ရာ ပန်းနာထချိန် သိသိသာသာခြားလာခဲ့ပြီး နောက်ဆုံးတွင် အမြစ်ပြတ်ပျောက်ကင်းခဲ့ကြောင်း စာတစ်အုပ်ဖြစ်အောင် ရေးသားထားသည်ကို တွေ့ရသည်။



စာရေးဆရာကြီး ဓူဝံ၏ ဇော်ဂျီတောင်ဝှေးပင်အကြောင်း ရေးသားထားသည့် "ပန်းနာ" စာအုပ်မှာ ယခုအခါ ရှားပါးသွားပြီဖြစ်သည်။ ဆရာကြီးသည် အသက် ၆၀ ကျော်တွင် ပန်းနာရောဂါပျောက်ကင်းသွားပြီးနောက် ဇော်ဂျီတောင်ဝှေးပင်ပြုတ်ရည်ကို ရေနွေးကြမ်းသောက်သကဲ့သို့ မပြတ်ဆက်လက်သောက်ခဲ့ရာ မိမိကျန်းမာရေး တိုးတက်ကောင်းမွန်ပြီး အသက် ၄၀ ကျော်အရွယ်ကထက်ပင် စားကောင်းအိပ်ပျော် ကျန်းမာလာကြောင်း ရေးသားထားသည်ကို ဖတ်ရှုရပါသည်။ ဇော်ဂျီတောင်ဝှေးပင်၏ ဆေးဖက်ဝင်အစွမ်းထက်ပုံများကို ကိုယ်တွေ့ပျောက်ကင်းသူက တင်ပြထားသဖြင့် တိုင်းရင်းဆေးဆရာကြီးများကပါ အာရုံစိုက်လေ့လာခဲ့ကြရပါသည်။

ဇော်ဂျီတောင်ဝှေးပင်သည် ပန်းခြံများ၊ ဘုန်းကြီးကျောင်းများ၊ အချို့နေအိမ်များတွင် အလှစိုက်လေ့ရှိသော အပင်မျိုးဖြစ်သည်။ ရိုးတံမှာ အဆစ်များဖြင့် ထီးရိုးကဲ့သို့ ဖြောင့်တန်းလျက်ရှိပြီး ထိပ်တွင် အနီရောင်တွင် အစိမ်းရောင်အနားကွပ်ပါသော အရွက်များဖြင့် လူတစ်ရပ်ခန့်မြင့်သော အပင်မျိုးဖြစ်သည်။ လှပသဖြင့် အရိုးမှချိုးပြီး ဘုရားပန်းအိုးထိုးသည်။ ထိုချိုးဖြတ်သော နေရာအောက်နားမှ အရွက်များ ပြန်ထွက်လာသဖြင့် သေခဲသောအပင်မျိုးဖြစ်သည်။ ဘုရားအိုးအတွင်းရှိ အရိုးတံ၏ ရေတွင်မြုပ်နေသောအပိုင်းကလည်း ကြာလျှင် အမြစ်များထွက်လာလေ့ရှိသည်။

အေးချမ်းသောဆောင်းရာသီတွင် အပင်ထိပ်များမှ ပွင့်တံထွက်၍ အနီရောင်အပွင့်လေးများ ပွင့်လေ့ရှိသည်။ အပွင့်သည် သဇင်ပန်းကဲ့သို့ ရက်ကြာရှည်ခံသည်။ အပွင့်ကို ဆေးဖက်ဝင်အသုံးပြုပုံကို ဆေးကျမ်းများတွင် မတွေ့ရသော်လည်း အရွက်၊ ပင်စည်၊ အမြစ် ပဉ္စငါးပါးလုံး ဆေးဖက်ဝင်သည်။

ဇော်ဂျီတောင်ဝှေးပင်၏ အရသာနှင့် အကျိုးမှာ ဖန်၏၊ အေး၏၊ သည်းခြေ ဒေါသအပူကို ငြိမ်းစေနိုင်၏။ သွေးအန် သွေးကျ၊ သွေးသွန်နာတို့ကို ပျောက်ကင်းစေနိုင်၏။ အထူးသဖြင့် အဆုတ်တွင် အပူငုပ်လျှိုး၍ဖြစ်သော ရောဂါ၊ ပန်းနာရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။ ရင်ဘတ်နာကိုလည်း ပျောက်ကင်းစေနိုင်သည်ဟု ဆေးကျမ်းများတွင်တွေ့ရသည်။

**ဆေးဖက်ဝင်အသုံးပြုပုံများ**

ဇော်ဂျီတောင်ဝှေးပင်၏ အရွက်အစိုကို ပါးပါးညှပ်၊ ခြောက်အောင်နေလှန်းပြီး လက်ဖက်ခြောက်ကဲ့သို့ နေ့စဉ်သောက်ပေးလျှင် အဆုတ်ပွ၊ ချောင်းဆိုးရောဂါကို သက်သာစေနိုင်သည်။

အရွက်နုကို ကတ်ကြေးဖြင့်ပါးပါးညှပ်ပြီး ကြက်သွန်နီကြော်၊ မြေပဲဆန်တို့ဖြင့် အသုပ်ပြုလုပ်စားပါက ဝမ်းကိုက်၊ သွေးဝမ်းကိုက်ရောဂါများကို သက်သာစေသည်။

အရွက်နှင့် ပင်စည်အရိုးများကို ပြုတ်သောက်ပါက အဆုတ်ရောင်၊ အသည်းရောင်ရောဂါနှင့် ကျောက်ကပ်ရောင်ခြင်းများကို သက်သာစေနိုင်သည်။

အရွက်ကို နွားနို့နှင့်ပြုတ်သောက်ပါက ရင်ဘတ်နာရောဂါ၊ အိပ်မပျော်ရောဂါများ ပျောက်ကင်းသက်သာစေနိုင်သည်။

မတ်ခွက်တစ်ခွက်ခန့်သောက်ပါက ရင်ကျပ် အမောဝေဒနာကို သက်သာစေနိုင်သည်။

သွေးအားနည်း၍ မီးယပ်မပေါ်လျှင် မီးယပ်ပိုန်၊ မီးယပ်ခြောက်ရောဂါဖြစ်လျှင် တစ်ပင်လုံး ပဉ္စငါးပါးကို သကြားနှင့်ကျိုသောက်လျှင် မီးယပ်သွေးမှန်၍ ကျန်းမာဝဖြိုးစေနိုင်သည်။ တစ်လခန့်စွဲ၍ သောက်ရန်လိုသည်။

အဆုတ်နာရောဂါဖြစ်လျှင် အပင်ပဉ္စငါးပါးနှင့် ကန်စွန်းရွက်ပြုတ်ရည်တွင် သကြား သို့မဟုတ် ပျားရည်ရောစပ်၍သောက်ပေးပါ။

အမျိုးသမီးများ သွေးဆုံးချိန်တွင် နေမကောင်းဖြစ်လျှင် အဆစ်အမျက်များ ကိုက်ခဲလျှင် ဇော်ဂျီတောင်ဝှေးပင်တစ်ပင်လုံး ပဉ္စငါးပါးကိုကြိတ်၍ သတ္တုရည်ကိုချင်းနှင့် ထန်းလျက်ပြုတ်ရည်နှင့်အတူစပ်ပြီး နေ့စဉ်အကြမ်းပန်းကန်တစ်လုံးစာမျှ မှန်မှန်သောက်ပေးလျှင် သွေးဆုံးကိုင်ဝေဒနာမှ သက်သာစေနိုင်သည်။

အမြစ်ကိုသွေး၍ ရှူပေးလျှင် ထိပ်ကပ်နာ၊ နှာခေါင်းသွေးလျှံနာ၊ သွေးယိုစီးသောရောဂါများ သက်သာစေနိုင်သည်။

လျှာတွင် အနာ၊ အချိုင့် အခွက်များဖြစ်လျှင် အမြစ်ကို ဆားအနည်းငယ်ရောသွေး၍ လိမ်းပေးလျှင်

**ဇော်ဂျီတောင်ဝှေးပင်၏ အရသာနှင့် အကျိုးမှာ ဖန်၏၊ အေး၏၊ သည်းခြေ ဒေါသ အပူကိုငြိမ်းစေနိုင်၏။ သွေးအန် သွေးကျ၊ သွေးသွန်နာတို့ကို ပျောက်ကင်းစေနိုင်၏။ အထူးသဖြင့် အဆုတ်တွင် အပူငုပ်လျှိုး၍ဖြစ်သော ရောဂါ၊ ပန်းနာရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။ ရင်ဘတ်နာကိုလည်း ပျောက်ကင်းစေနိုင်သည်ဟု ဆေးကျမ်းများတွင်တွေ့ရ**

အရွက်ကို ထန်းလျက်နှင့်ကျိုသောက်လျှင် အူရောင်ရောဂါ၊ အသည်းရောင်ရောဂါများ သက်သာစေနိုင်သည်။ သကြားနှင့်ကျိုသောက်လျှင် ဝမ်းမှန်စေနိုင်သည်။

အရွက်နှင့်အရိုးများကို မှန်ရောင်သကြားခဲခေါ် ဒိုဘာလာသကြားနှင့် သိန္ဓောဆား အနည်းငယ်ထည့်ကျို၍ သက်သာစေနိုင်သည်။ အမြစ်ခြောက်ကို အမှုန့်ထောင်းပြီး ဝဲစို၊ ဝဲခြောက်၊ ယားနာများကို အုန်းဆီဖြင့် ဖျော်စပ်လိမ်းပေးလျှင် သက်သာပျောက်ကင်းစေကြောင်း ကျန်းမာရေးအကျိုးငှာ ရေးသားဖော်ပြအပ်ပါသည်။



## လယ်မြေများရေနစ်မြုပ်မှုမရှိစေရေး လှေကွဲချောင်း စက်ယန္တရားများဖြင့်တူးဖော်

**ရေတာရှည် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု ရွှေပြည်ကုန်းကျေးရွာအနီးရှိ လှေကွဲချောင်းသည် မိုးရာသီကာလရောက်တိုင်း ရေလျှံမှုများကြောင့် လယ်မြေများနစ်မြုပ်လေ့ရှိရာ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်လျက်ရှိပြီး **(အပေါ်ပုံ)** အရှည်သုံးမိုင်အထိ ပြီးစီးသွားပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးအောင်ကျော်မြင့်က ပြောသည်။

အဆိုပါ လှေကွဲချောင်းသည် ကျဉ်းမြောင်းပြီး မိုးရာသီကာလ ရေစီးဝင်အားများပြားသည့်အခါ ရထားလမ်းအနောက်ဘက်ရှိ လယ်မြေများ ရေနစ်မြုပ်ခြင်းကြောင့် တောင်သူများက ပြုပြင်ပေးရန် ဆန္ဒရှိနေကြခြင်းဖြစ်၍ ယခုလို စက်ယန္တရားများဖြင့် အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် များစွာအဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဘူးသီးတောင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၀၆၆ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မြို့နယ်ထွေ/အုပ်၊ မမစ (ဘူးသီးတောင်)နှင့် အကောက်ခွန်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက်က ဘူးသီးတောင်မြို့ ဆိပ်ကမ်းသို့ ဝင်ရောက်လာသော အောင်သူဟိန်း စက်လှေအား သတင်းအရရှာဖွေရာ မြွေရေခွံအိတ်ငါးအိတ်အတွင်း နက်စ်ကော်ဖီဂျပ်ဖာ ၁၅ ဖာဖြင့် ထည့်ထားသည့် R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၄ သိန်းကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ရေယာဉ်အုပ် စံလှနှင့် ပါဝင်ပတ်သက်သူများအား စစ်ဆေးလျက်ရှိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မောင်တောမြို့ အနောက်ရပ်ကွက် အလယ်ရွာနေ စောဝေ၏ နေအိမ်သို့ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ မြွေရေခွံအိတ်အတွင်း R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆၆ သိန်းကို ထပ်မံသိမ်းဆည်းရမိသဖြင့် စောဝေ (၄၂ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**အောင်သူဟိန်းစက်လှေပေါ်မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။**

*** ကျောဖုံးမှ**

ပွဲစဉ် ၂၀ ကို ဇန်နဝါရီ ၂ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ရာ ဆန်းဒါးလန်းနှင့် ဗီလာ၊ ဝက်စ်ဟမ်းနှင့် လီဗာပူးတို့ ကစားရမည်ဖြစ်သည်။

■ **သီဟ-ရေးသည်**

**စပိန်လာလီဂါ ပွဲစဉ်(၁၇) အနိုင်/အရှုံးရလဒ်**

| | | | | | |
|---|---|---|---|---|---|
| ရီးရဲမက်ဒရစ် | ၃-၁ | ဆိုစီဒက် | ဂီတာဖေး | ၀-၀ | ဒီပို့တီဗို |
| လီဗန်တေး | ၀-၁ | မာလာဂါ | ဘာစီလိုနာ | ၄-၀ | ဘက်တစ် |
| ဆီဗီလာ | ၂-၀ | အက်စ်ပန်ညို | ဆယ်လ်တာဗီဂို | ၀-၁ | ဘီလ်ဘာအို |
| ဗယ်လက်ကာနို | ၀-၂ | အက်သလက်တီကို | လက်စ်ပါးမက်စ် | ၄-၁ | ဂရန်နာဒါ |
| အီဘာ | ၂-၀ | ဂီဂျွန် | | | |

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်

**မိုင်းပျဉ်း ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်ကွက် စျေးသစ်ကြီးရှေ့ကွင်းပြင်၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက အမှာစကားပြောကြားပြီး အမြောက်တပ်(၃၈၉)နှင့် ထွေ/အုပ်(က)အသင်းတို့ ယှဉ်ပြိုင်ကြသည်။ ဗိုလ်လုပွဲကို လွတ်လပ်ရေးနေ့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သံတွဲအကျဉ်းထောင်စစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးသည် ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်နှင့်အတူ ဒီဇင်ဘာ ၃၁ ရက်က ရခိုင်ပြည်နယ် သံတွဲအကျဉ်းထောင်သို့ သွားရောက် စစ်ဆေးခဲ့သည်။ သံတွဲအကျဉ်းထောင်အရာရှိရုံးခန်း၌ အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောထွန်းက အကျဉ်းထောင်၏ ဖွဲ့စည်းပုံနှင့် အကျဉ်းသားများ၊ အချုပ်တရားခံများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးသည် အကျဉ်းသားများ၊ အချုပ်တရားခံများနှင့် အကျဉ်းဆောင်များကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)**ဥပဒေနှင့်အညီ အခွင့်အရေးများရရှိခြင်းရှိ မရှိ၊ သက်သာချောင်ချိမှု၊ သန့်ရှင်းမှုနှင့် အာဟာရသင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေးပြည့်စုံမှုနှင့် အမျိုးသမီးအကျဉ်းသူများအပေါ် အစောင့်အရှောက်ဖြင့် ထားရှိမှု ရှိ မရှိ၊ နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးမေးမြန်း၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များကို ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြိတ်မြို့ ကျွဲကူးကျေးရွာ ရေနဒီလွန်းကျင်းတွင် ငါးကဲ့လှေအား ကာပျဉ်ကွေးရန် ဂက်စ်အိုးဖြင့်အပူပေးရာမှ မီးလောင်မှုဖြစ်ပွား

**မြိတ် ဒီဇင်ဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ ဧရာနဒီလွန်းကျင်းတွင် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ထက်ထက်ပိုင်ငါးကဲ့လှေကို ကာပျဉ်ကွေးရန် ဂက်စ်အိုးဖြင့် အပူပေးရာမှ ငါးကဲ့လှေနှစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာတွင် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ဧရာနဒီလွန်းကျင်း၌ ပိုင်ရှင်ဦးဘီ ပိုင်ဆိုင်သော ထက်ထက်ပိုင်အမည်ရှိ ငါးကဲ့လှေ အလျား ပေ ၈၀၊ အနံ ၂၃ ပေ၊ ရေစူး ပေ ၂၀ (လှိုင်းဖြူ)ကို ကာပျဉ်ကွေးရန် ဂက်စ်အိုးဖြင့် အပူပေးရာမှ အနီးရှိအမှိုက်များပေါ်သို့ မီးပွားကျပြီး ယိုစိမ့်နေသောဆီများသို့ မီးကူးစက်လောင်ကျွမ်းရာမှ ငါးကဲ့လှေနှစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းတို့ဦးစီး၍ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် ငါးစီး၊ နယ်မြေခံတပ်မှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် သုံးစီး စုစုပေါင်း မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ် ၂၁ စီးတို့ဖြင့် သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင် ၁၅၀၊ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ ကြက်ခြေနီ ၂၀ စုစုပေါင်း ၃၁၅ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၅ နာရီ ၄၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။



အဆိုပါမီးလောင်မှုကြောင့် ထက်ထက်ပိုင်နှင့် တိုးတက်အောင် အမည်ရှိ ငါးကဲ့လှေနှစ်စင်းတို့၏ လှေပေါင်းမိုးနှင့် အတွင်းပိုင်း မီးလောင်ကျွမ်းခဲ့သဖြင့် ထွန်းဝင်းအောင် (၃၂နှစ်) ကျွဲကူးကျေးရွာ မြိတ်မြို့နေသူကို မြိတ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**

# ကုန်းအဆင်းတွင် ထွန်စက်ဂီယာပြုတ်ပြီး လမ်းဘေးသို့ထိုးကျတိမ်းမှောက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးလောင်ကုန်းကျေးရွာ အနောက်ဘက် တောထဲရှိ ကုန်းအဆင်းတွင် နောက်တွဲပါ ထွန်စက်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ရေနံမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မင်းလှမြို့နယ် မကျီးကုန်းကျေးရွာနေ မောင်ထိန် (၂၂ နှစ်)သည် ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီက နောက်တွဲပါ ထွန်စက်ပေါ်တွင် ဝါးများတင်ဆောင်၍ မီးလောင်ကုန်းကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ကုန်းအဆင်း၌ ထွန်စက်ဂီယာပြုတ်ပြီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ မောင်ထိန်နှင့် ထွန်စက်နောက်တွဲပေါ်တွင် လိုက်ပါလာသော တောင်ငရုတ်ကောင်းကျေးရွာနေ မောင်ခိုင်(၂၂ နှစ်)တို့ နှစ်ဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရှိရသဖြင့် မောင်ထိန်အား ရေနံမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


**အမည်ပြောင်း**


ဟင်္သာတခရိုင်၊အင်္ဂပူမြို့နယ်၊ကွင်းကောက်ဒေသ၊ ဘွက်ကျေးရွာအုပ်စု၊ တ-တ-က(၅) မူလတန်းလွန်ကျောင်းမှ တတိယတန်းမှ မမေမြတ်နိုးအောင်အား မလင်းလက်ချိုဟု ပြောင်းလဲခေါ်ပါရန်။

**မလင်းလက်ချို**

**ဘဏ်ပိတ်ရက်ကြော်ငြာ**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) လွတ်လပ်ရေးနေ့သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 4J/5087, Toyota Townace KM75, P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၁၂/လကန(နိုင်)၂၀၈၇၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ် ၆၀၃နေ ဒေါ်ကုလားမ ၁၂/သဃက(နိုင်)၀၇၂၂၉၉နှင့် ဒေါ်အေးနုသည် တစ်ဦးတည်းဖြစ်ပါသည်။



**အမည်ပြောင်း**

မော်လမြိုင် ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း Grdae-7 မှ မောင်စိုးစိုးပိုင်အား မောင်ဇေယျာမင်းသန့် Grade-4 မှ မောင်စန်းအောင်အား မောင်ဇေယျာမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇေယျာမင်းသန့်**
**မောင်ဇေယျာမင်းခန့်**



# ငါးမျိုးများပြုန်းတီးမှုမရှိစေရေး ငါးသန်ကောင်ရေ ၂၉ သိန်းကျော် စိုက်ထည့်

**မုံရွာ ဒီဇင်ဘာ ၃၁**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ငါးစားသုံးမှုဖူလုံမှုရှိစေရန်၊ ငါးမျိုးများပြုန်းတီးမှုမရှိစေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ငါးမွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ မြစ်ချောင်း၊ အင်းအိုင်များ၊ ဆည်မြောင်း တာတမံများ၊ ရေလှောင်ကန်ကြီးများ သဘာဝရေပြင်ရေရိုးများနှင့် စပါးခင်းများအတွင်းသို့ နှစ်စဉ်ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

"အဓိကအနေနဲ့ကတော့ သားငါးကဏ္ဍတိုးတက်စေရေးအတွက်ပါ၊ အချို့စိုက်ပျိုးလို့မဖြစ်ထွန်းနိုင်တဲ့ နေရာတွေ၊ ရေဝပ်မြေ၊ ရေနက်ကွင်းတွေနဲ့ မွေးမြူရေးရေပြင်တွေမှာ ငါးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသားပေါက်နဲ့ နည်းပညာတွေကို ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ နောက်တစ်ခုက စပါးခင်းများအတွင်း ငါးနဲ့တွဲဖက်မွေးမြူခြင်းကိုလည်း တောင်သူတွေကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ နည်းပညာပေးလျက်ရှိပါတယ်"ဟု တိုင်းဒေသကြီးငါးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် မြစ်ချောင်း၊ ဆည်၊ တာတမံများနှင့် စပါးခင်းများအတွင်းသို့ ငါးသားပေါက်ငါးသန်ကောင်ရေ ၃၅ ဒသမ ၉၅၀ သိန်းကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစ်ချောင်း၊ တာတမံများအတွင်းသို့ ငါးသန်ကောင်ရေ သိန်း ၂၅ ဒသမ ၉၅၀၊ စပါးခင်းများအတွင်းသို့ ငါးသန်ကောင်ရေ ၃ ဒသမ ၁၅ သိန်း စုစုပေါင်း ငါးသန်ကောင်ရေ ၂၉ ဒသမ ၁ သိန်း မျိုး စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



ငါးမျိုးများပြုန်းတီးမှုမရှိစေရေး ဆည်မြောင်းတာတမံနှင့် စပါးများအတွင်းသို့ ငါးသန်ကောင်ရေ ၂၉ သိန်းကျော် စိုက်ထည့်စဉ်။

# ဘားအံမြို့၌ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပမည်

**ဘားအံ ဒီဇင်ဘာ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်သက္ကရာဇ်(၂၇၅၅)ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်နှစ်သစ်ကူး ပွဲတော်ကို ကရင်နှစ်သစ်ကူးနေ့ကျရောက်ရာ ပြာသိုလဆန်း ၁ ရက်နေ့တွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ကျေးရွာ အနှံ့အပြားတွင်သာမက အခြား တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ကရင်တိုင်းရင်းသားများရှိရာ ဒေသများတွင် ကရင်နှစ်သစ်ကူးပွဲတော်များကို ရိုးရာမပျက် ကျင်းပလျက်ရှိသည်။

ဘားအံမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်နယ် သီရိကွင်း၌ နံနက် ၆ နာရီ တွင် ကရင်အမျိုးသားအလံကို ကရင်တိုင်းရင်းသားကြီးများက ကျွဲချိုမှုတ်ပြီး ဖားစည်တီးကာ လွှင့်ထူကြမည်ဖြစ်သည်။ နံနက် ၇ နာရီတွင် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။



ဘားအံမြို့ရှိ ပြည်နယ်သီရိကွင်း၌ ၂၀၁၄ ခုနှစ်က ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပစဉ်။

ဆက်လက်၍ ကရင်အမျိုးသားတို့၏ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ကောက်သစ်ပေါ်ချိန် (ဖီဘီးယော်)ခေါ် စပါးစောင့်နတ်သမီး ပူဇော်ပွဲ၊ ကောက်သစ်စားပွဲ၊ ကရင်ရိုးရာသြပွဲများကို ဆင်ယင်ကျင်းပမည် ဖြစ်သည့်အပြင် နှစ်ရက်တိုင် ကရင်ရိုးရာ ဒုံးအက၊ တိုင်းရင်းသား ပဒေသာကပွဲများ၊ ရိုးရာလက်ဝှေ့၊ ရိုးရာခြင်းအလှခတ်၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုပြခန်းများ၊ ရိုးရာ အထိမ်းအမှတ် အသုံးအဆောင်များနှင့် အစားအစာ အရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကလပ်အသင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကလပ်အသင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲကို ဒီဇင်ဘာလ တတိယပတ်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မန္တလေးရတနာပုံတက္ကသိုလ်အသင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ အားကစား နှင့် ကာယပညာသိပ္ပံ(မန္တလေး)အသင်း၊ ညီညွတ်ရေးကရာတေးဒိုအသင်း၊ JKA Mandalay TT ကရာတေးဒိုအသင်း၊ Shotoban Conbact ကရာတေးဒိုအသင်း၊ ဗထူးလေ့ကျင့်ရေးအသင်း၊ တက်ခေတ်ကရာတေးဒိုအသင်းနှင့် ရွှေလင်းယုန်ကရာတေးဒိုအသင်းတို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ကရာတေးဒိုအားကစားမောင်မယ် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသည့် NAGATA Co.,Ltd.၊ CEPSA Lubrirants၊ ဒေါက်တာသိန်းထွန်းနှင့်အဖွဲ့၊ Mandalay Kyaw Zin Adversiting Group၊ CHINDWIN COLLEGE တို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ကရာတေးဒိုအားကစား သရုပ်ပြအစီအစဉ်များ ပြသပြီးနောက် ပြိုင်ပွဲစတင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုရအားကစားမောင်မယ်များကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင် NAGATA Co.,Ltd. မှ Senior Manager Mr.FURUTA နှင့် ကရာတေးဒို ဆပ်ကော်မတီဝင်များက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**





ပုလဲသွယ်
အထူးအထွက်တိုး
စပ်မျိုးစပါး

တစ်ဧကလိုလျှင် (၃၀၀၀)
ကျပ်နှုန်းဖြင့် လွတ်လပ်စွာ
လိုသလောက်
ဝယ်ယူနိုင်ပါသည်

ဝယ်ယူရရှိနိုင်သော နေရာများ -
- စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၁၀၀၀၇

## မင်းလှမြို့နယ်၌ ထွန်စက်တစ်စီးတိမ်းမှောက် အမျိုးသားနှစ်ဦးသေဆုံး

**မင်းလှ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မီးလောင်ကုန်း ကျေးရွာအနီး တောအတွင်း၌ ဒီဇင်ဘာ ၂၉ ရက်က ထွန်စက်တစ်စီးတိမ်းမှောက်၍ လူနှစ်ဦး သေဆုံးခဲ့ကြောင်း သရက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီခန့်က မင်းလှမြို့နယ် မကျီးကုန်းကျေးရွာနေ မောင်ထိန် (၂၂ နှစ်)သည် ထွန်စက်နောက်တွဲ၌ ဝါးများတင်ဆောင်၍ မီးလောင်ကုန်း ကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ကုန်းအဆင်း၌ ထွန်စက် ဂီယာပြုတ်ပြီး လမ်းဘေးထိုးကျ တိမ်းမှောက်ခဲ့ရာမှ မောင်ထိန်နှင့် ထွန်စက် နောက်တွဲ၌ လိုက်ပါလာသူ မောင်ခိုင်(၅၂ နှစ်) တောင်ငရုတ်ကောင်းကျေးရွာ မင်းလှမြို့နေသူ၌ ဒဏ်ရာများရရှိပြီး အခင်းဖြစ်ရာနေရာတွင် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းအား မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



## မူဆယ်(၁၀၅)မိုင်၌ နွယ်မွှေးဟုယူဆရသည့် သစ်အတိုအပိုင်းအစများနှင့် ကျောက်စိမ်းလက်ကောက်များဖမ်းဆီးရမိ

**မူဆယ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့ မိုင်းယု(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ Mobile Team အဖွဲ့က ဦးအုန်းငွေး(ဒု-ညွှန်မှူး) ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်များစစ်ဆေးနေစဉ် လားရှိုးမှမူဆယ်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 4C/------ Mark II ယာဉ်ပေါ်တွင် တရားမဝင်အကောက်ခွန်မဲ့ သိုဝှက်တင်ဆောင်လာသော နွယ်မွှေးဟုယူဆရသည့် သစ်အတိုအပိုင်းအစ ၂၂ ချောင်းနှင့် ကျောက်စိမ်းလက်ကောက် ငါးကွင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ သစ်တော ဥပဒေအရကန့်သတ်ထားသော နွယ်မွှေးဟုယူဆရသည့် သစ်အတိုအပိုင်းအစများနှင့် ကျောက်စိမ်းလက်ကောက်များ တင်ဆောင်လာသောယာဉ်နှင့် ယာဉ်ပေါ်ပါပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**
**ဓာတ်ပုံ-စိုးမိုး(၁၀၅)မိုင်**

## တရားမဝင် တမလန်းစကွဲယားတုံး (၆၂)တုံးအား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**ဗန်းမော် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက တိုင်းအကူတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မိုး ဦးစီးသည့် ဗန်းမော် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မုံရွာခရိုင် သစ်တောလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ် ပင်ပုံကျေးရွာအုပ်စု ရွှေနှစ်ကျေးရွာ အရှေ့ဘက်တစ်မိုင်ခန့်အကွာ ချောင်းကြီးချောင်းဘေးရှာ အပြင်ကွင်း၌ တရားမဝင် တမလန်းစကွဲယားတုံး ၆၂ တုံး (၈ ဒသမ ၈၉၂၄)တန်ကို ပိုင်ရှင်မဲ့ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း ဆက်လက်ရှာဖွေခဲ့ရာ ပင်ပုံကျေးရွာအုပ်စု တာကျဲကျေးရွာအရှေ့ဘက် ချောင်းကြီးချောင်းအဖျားကြိုးဝိုင်းအတွင်းမှ တရားမဝင်တမလန်းသစ်နှစ်တုံး ( ၀ ဒသမ ၃၇၄၄)တန် ကျွန်းခွဲသား(၁ ဒသမ ၈၅၂၆)တန်တို့ကို ထပ်မံရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိခဲ့သော ပိုင်ရှင်မဲ့သစ်များကို ဗန်းမော်မြို့နယ် သစ်တောဦးစီးဌာနသို့ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခွဲက လွှဲပြောင်းအပ်နှံထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**တောင်တွင်းကြီး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းနှင့် ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က ညောင်ပင်လှကျေးရွာအနီး ရန်ကုန်-ပြည်-တောင်တွင်းကြီးကားလမ်းမအတိုင်း ယာဉ်မောင်း ဦးမင်းစိုး လဲဘူးကျေးရွာ နတ်မောက်မြို့နယ်နေသူနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော အောင်ဆန်းဝင်း အုန်းတော(၂) ရပ်ကွက် တောင်တွင်းကြီးမြို့တို့၏ယာဉ်အမှတ် 3 C/---နစ်ဆန်းယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေသည်။

ထိုသို့ရှာဖွေရာ ဝါးများဖုံးအုပ်ထားသော တရားမဝင်သစ်ယာခွဲသား ခြောက်ချောင်း၊ အင်ကြင်းခွဲသား လေးချောင်း၊ ပျဉ်းကတိုးခွဲသားကိုးချောင်း စုစုပေါင်း ၃ ဒသမ ၃၂၃၄ တန်ကို ဖမ်းဆီးရမိခဲ့သဖြင့် တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝ၂၁)**

## သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**အလုံ ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မူးယစ်ဆေးဝါးသတင်းအရ ရဲအုပ်သိန်းသန်း၊ ရဲအုပ်မိုးဝင်း၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဌေးအောင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဂဠုန်ရပ်ကွက် ဆင်ရေကန်လမ်းနှင့် မြောင်းကြီးလမ်းထိပ်ရှိ ယာဉ်အမှတ် 1H----SUZUKI SWIFT ကိုယ်ပိုင်ယာဉ်ကို ရှာဖွေရာ ယင်းယာဉ်ပေါ်၌ အောင်ဖြိုးမင်း(ခ)သားကြီးနှင့် သက်မောင်(ခ) သဲမောင်တို့ထံမှ ဘိန်းဖြူစုစုပေါင်း အလေးချိန် ၀ ဒသမ ၅၄၄ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ငါးသိန်းခန့်၊ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေစက္ကူရောရာ ငွေကျပ် ၄၇၀၀၀၀ နှင့် ကီးပက်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် အလုံမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများအား စစ်ဆေးလျက်ရှိပြီး ကျန်ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**တင်မောင်ဦး(အလုံ)**





## သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ လျှပ်စစ်စီးဆင်းမှုတိုင်းဝိုင်ယာကြိုးများ အခိုးခံရ

**ရေနံချောင်း ဒီဇင်ဘာ ၃၁** ရေနံချောင်းမြို့နယ်ရှိ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ ပိုက်လိုင်း၏ လျှပ်စစ်စီးဆင်းမှုကို တိုင်းတာသော ဝိုင်ယာကြိုးများ ဒီဇင်ဘာ ၃၀ ရက်က ပျောက်ဆုံးခဲ့ကြောင်း ရေနံချောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ဖြစ်စဉ်မှာ တာဝန်ခံအရာရှိ ဦးမြင့်ကြည် (၅၂နှစ်) (မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း) ရေနံချောင်းမြို့နေသူနှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ် ငါးလန္တာကျေးရွာအနီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှ မုန်းချောင်းအကြား သုံးမိုင်ခန့်အကွာတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ လျှပ်စစ်စီးဆင်းမှုကို တိုင်းတာသော မီတာတိုင် ၁၈ တိုင်ကို စိုက်ထူထားရှိကာ ပိုက်လိုင်းနှင့် မီတာတိုင်၌ ဝိုင်ယာကြိုး အချင်းတစ်စင်တီမီတာအတွင်း၌ ကြေးကြိုးသုံးချောင်းပါဖြင့် သွယ်တန်းကာ ပိုက်လိုင်း၏ ဂက်စ်စီးဆင်းမှုကို တိုင်းတာဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက အဆိုပါသွယ်တန်းထားသောဝိုင်ယာကြိုးများထဲမှ မီတာတိုင်ခြောက်တိုင်က ကြေးဝိုင်ယာကြိုးအရှည်ပေ ၅၄၀ ခန့် ကာလတန်ဖိုးငွေကျပ် ၃၇၈၀၀၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးသိရှိခဲ့သည်။ ဝိုင်ယာကြိုးများဖြတ်တောက်ခိုးယူသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဦးမြင့်ကြည်က ဒီဇင်ဘာ ၃၀ ရက်တွင် တိုင်ကြားခဲ့သောကြောင့် ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**


### မော်တော်ယာဉ်တင်သွင်းမည့်သူများနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်လျက် ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးမည့် အစီအစဉ်ဆိုင်ရာ

### အသိပေးကြေညာချက်

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)သို့ လျှောက်ထားရာတွင် အောက်ဖော်ပြပါ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် တင်သွင်းခြင်းများအတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးမည့် ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပူးတွဲတင်ပြရန် လိုအပ်ပါသည်-

- နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသော လူပုဂ္ဂိုလ်တစ်ဦးချင်းမှ တင်သွင်းခြင်း၊
- ပို့ကုန်/သွင်းကုန် ကုမ္ပဏီများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီများမှ တင်သွင်းခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ပြည်ထောင်စုနယ်မြေကောင်စီ၏ ထောက်ခံချက်ဖြင့် တက္ကစီယာဉ်တင်သွင်းခြင်း၊
- မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် ရောင်းချသည့်လုပ်ငန်းအတွက် တင်သွင်းခြင်း၊
- ပုဂ္ဂိုလ်တစ်ဦးချင်းမှ မော်တော်ဆိုင်ကယ် တင်သွင်းခြင်း၊

အထက်ဖော်ပြပါ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် တင်သွင်းခြင်းဆောင်ရွက်မည့်သူများအတွက် ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးခြင်းကို အောက်ဖော်ပြပါရုံးနေရာတစ်ခုတည်းတွင် စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

**ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**ညောင်ပင်ကြီးစုရပ်ကွက်၊ ပခ/၂၇**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**

မော်တော်ယာဉ်တင်သွင်းရန် လျှောက်ထားမည့်သူ ကိုယ်တိုင်သို့မဟုတ် လျှောက်ထားမည့်သူမှ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူသည် ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားရယူနိုင်ရေးအတွက် အောက်ပါစာရွက်စာတမ်းအထောက်အထားများကို တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

တင်သွင်းမည့် မော်တော်ယာဉ်၏ Invoice မူရင်း/မိတ္တူ
- နိုင်ငံခြားငွေ ဘဏ်စာအုပ် မူရင်း/မိတ္တူ
- နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ
- အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ
- ဝင်ငွေရလမ်းတင်ပြမည့် အထောက်အထား(ရှိလျှင်)
- ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ (SP)နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ

မော်တော်ယာဉ်တင်သွင်းခြင်းအတွက် အသုံးပြုမည့်နိုင်ငံခြားငွေတန်ဖိုးနှင့် ပေးဆောင်ရမည့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် ၁-၄-၂၀၁၆ရက်မှစတင်၍ ပေးဆောင်ရမည့် အခွန်အမျိုးအစားတို့အတွက် စုစုပေါင်းငွေ ပမာဏအပေါ် ဝင်ငွေရလမ်း စိစစ်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဝင်ငွေရလမ်း စိစစ်ချက်အရ အသုံးပြုမည့်ဝင်ငွေအပေါ် လုံလောက်သော ဝင်ငွေရလမ်း တင်ပြနိုင်ပါကဝင်ငွေခွန် ထပ်မံထမ်းဆောင်စေခြင်းမပြုဘဲ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးမည် ဖြစ်ပါသည်။

ဝင်ငွေရလမ်းတင်ပြနိုင်ခြင်း မရှိပါက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအဖြစ်သတ်မှတ်၍ ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်ပေးဆောင်စေပြီးမှ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထား ထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာကြီးကြပ်ရေး ဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၉
ညွှန်ကြားရေးမှူး၊ မူဝါဒနှင့်သုတေသနဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၄

**ပြည်တွင်းအခွန်များဦးစီးဌာန**



### (၆၁/၂)ထပ် ကန်ထရိုက်တိုက် ဆောက်လုပ်ရန် မြေရှင်ဦးထင်ပေါ်နှင့် ကန်ထရိုက်တာ Brave Firm Hands Co.,Ltd. တို့ ချုပ်ဆိုထားသည့် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်သည့် ကတိစာချုပ် ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ဦးထင်ပေါ် ၁၂/မရက(နိုင်)၁၁၈၀၁၁ ပိုင်၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းအမှတ် ၁/၂၊ မြေကွက်အမှတ် ၅၆၉၊ (၆)လမ်း၊ (၁)ရပ်ကွက်၊ ဧရိယာ (အလျား ၂၅×အနံ ၅၀)ပေရှိ နှစ် ၆၀ ဂရန်မြေကွက်အပေါ်တွင် (၆၁/၂)ထပ် အဆောက်အအုံဆောက်လုပ်ရန် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ Brave Firm Hands Co.Ltd. နှင့် ဦးထင်ပေါ်တို့သည် ၁၈-၂-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုခဲ့ကြပြီး ဦးထင်ပေါ်မှ ဦးသော်တာဦးသို့ ၂၀-၂-၂၀၁၄ ရက်တွင် နိုတြီဖြင့်လည်းကောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး GP-IV-5365(၂၁-၂-၂၀၁၄) ရက်တွင် ပေးအပ်ခဲ့ပါသည်။ အဆောက်အအုံစတင်ဆောက်လုပ်ရန်နေ့အဖြစ် ၁-၉-၂၀၁၄ ရက်မှ ၃၁-၈-၂၀၁၅ရက် ၁၂လအတွင်း အဆောက်အအုံတစ်ခုလုံးကို အချောသတ်ပြီးစီးအောင် လူနေထိုင်နိုင်သည်အထိ တည်ဆောက်ပြီး အပ်နှံရန်နှင့် အချိုးကျခွဲဝေယူကြမည်ဖြစ်ကြောင်း နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့သော် အုတ်မြစ်ချလုပ်ငန်း စတင်ခြင်းမရှိ၍ ၂၄-၁၁-၂၀၁၄ရက်တွင် ရှေ့နေနှင့် နိုတစ်စာတစ်ကြိမ် ပေးပို့ခဲ့ပါသည်။ သို့သော် ယနေ့အချိန်အထိ အဆောက်အအုံကို မအပ်နိုင်ခဲ့ပါ။ မြေတူးရုံအဆင့်သာရှိပါသည်။ ထို့ကြောင့် ဦးထင်ပေါ်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုထားသည့် စာချုပ်များသည် ကတိပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်သွားပြီဖြစ်သည်။ ကန်ထရိုက်တာသို့ပေးအပ်ထားသော GP ကိုလည်း ရုပ်သိမ်းလိုက်ပါသည်။ ၁-၁-၂၀၁၆ရက်မှစ၍ ဦးထင်ပေါ်ပိုင်မြေကွက်နှင့် ကန်ထရိုက်တာ ဦးဝေဟင်အောင်ဝင်းနှင့် Trust Co.Ltd. မှ ကန်ထရိုက်တာ ဦးကျော်စွာအောင်ဝင်းတို့ နှစ်ဦးစလုံးနှင့် မည်သို့မျှ ဆက်စပ်ပတ်သက်ခြင်းမရှိကြောင်း ဦးထင်ပေါ်ပိုင်မြေကွက်အတွင်း မည်သူမျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၄)**
**(၁၂၉၂)၊ ပဒုမ္မာ(၅)လမ်း၊ (၄၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်**

# နှစ်သစ်ကူးဆုမွန်လွှာ

၂၀၁၆–ခုနှစ် နှစ်သစ်ကူးအချိန်အခါသမယတွင်

မိဘပြည်သူအပေါင်း

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေကြောင်း

KBZ BANK / KBZ GROUP မှ

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

AIR KBZ IKBZ Insurance KBZ BANK Brighter Future Myanmar Kempinski Hotel Nay Pyi Taw MAI

KBZ GROUP OF COMPANIES

---

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)နှင့် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၀ရက် (ကရင်နှစ်သစ်ကူးနေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့်ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ဆရာငွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်တန်း

ငွေသင်တန်း

Ph: 01-375970, 0951 72096, 09254541441

## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၂၀၁၆ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင် Mobile King Trading Co,Ltd. ၏ မိသားစုများဖြစ်သော မိတ်ဟောင်းမိတ်သစ်အပေါင်းနှင့် Mobile Phone သုံးစွဲသူအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းစသည့် နှစ်ဖြာသောကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း Mobile King မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ Mobile King ဆိုင်များတွင်လည်း ဆက်လက်အားပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**Mobile King မိသားစု**

## ဖောင်းကြွပျောက်ဆုံး ကြော်ငြာလွှာ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/6447 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၉/နထက(နိုင်)၀၇၉၃၉၅က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(နွားထိုးကြီး)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်ဆောက်အထက တက္ကသိုလ်ဝင်တန်းမှ မချိုမာ၏ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၁၂/သဃက(နိုင်)၀၆၅၇၃၈ ဖြစ်ပါကြောင်း။

**ဦးသိန်းဝင်း၊ မြေနုရှာ**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ မီးပြအထကခွဲ တက္ကသိုလ်ဝင်တန်းမှ မောင်သက်ပိုင်ဦး ၀၂၀/၁၄ ၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင်ဦး(ခ)ဦးအောင်လွင် ၁၂/ကတန(နိုင်)၀၆၉၅၅၁ဖြစ်ပါကြောင်း။ **ဦးအောင်လွင်ဦး(ခ)ဦးအောင်လွင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ကနီမြို့နယ် ဦးထွန်းထွန်းဝင်း ၅/ကနန(နိုင်)၀၃၅၂၂၈၏သား မောင်မြတ်ဘုန်းကျော်(ခ)မောင်မင်းကိုချစ် ၅/ကနန(နိုင်)၀၉၄၈၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကနီမြို့နယ် ဦးဝင်းနိုင် ၅/ကနန(နိုင်)၁၂၂၁၇၉၏သား မောင်ရဲရင့်နိုင်(ခ)မောင်ဝင်းသီရိအောင် ၅/ကနန(နိုင်)၀၈၄၅၆၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ဦးယူစွပ် ၁၂/ဗဟန(နိုင်)၀၈၆၄၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အမှတ် ၂၀၁၊ ဦးချစ်မောင်လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သော ဦးယူစွပ် ၁၂/ဗဟန(နိုင်)၀၈၆၄၆၉သည် ၄င်း၏သားဖြစ်သူ ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်) ၀၈၆၅၉၈နှင့် ပတ်သက်သောလုပ်ငန်းကိစ္စများ၊ ငွေရေးကြေးရေးကိစ္စများကို ဦးယူစွပ်မှ ဖြေရှင်းပေး မည်မဟုတ်ကြောင်း၊ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း ဦးယူစွပ်မှ တာဝန်ခံ၍ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးဝင်းနိုင်နှင့် ပတ်သက်သောကိစ္စများသည် ဦးယူစွပ်နှင့်လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးယူစွပ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းထွန်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၃၅၁၀)**
**ဖုန်း-၀၉-၂၆၁၀၉၅၄၆၈**

## သွေးသည် အသက်

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အခမဲ့ဆေးကုသပေးခြင်း တံတားဦးမြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပြုလုပ်ပေး

**တံတားဦး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တံတားဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အခမဲ့ကျန်းမာရေး ဆေးကုသခြင်းကို တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာ ခင်ကြီးပျော်တောင်တွင်းကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် ကျောက်ဆည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များသည် ခင်ကြီးပျော်တောင်တွင်းကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီသီခိုင်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မိဘမဲ့ တိုင်းရင်းသား ကိုရင်လေးများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမဲ့ကျန်းမာရေးစစ်ဆေးကာ ဆေးဝါးများ လိုအပ်သလို ကုသပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ရှမ်း၊ ပလောင်စသည့် တိုင်းရင်းသား မိဘမဲ့ ကိုရင် ၁၂၄ ပါးရှိကြောင်း၊ မိဘမဲ့ ကိုရင်လေးများအား လောကီအမွေအဖြစ် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းကို ပဓာနနာယကဆရာတော်က ဦးဆောင်၍ ဖွင့်လှစ်ကာ ပညာသင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ရဲတင့်**

# ဓာတ်ဆီဆိုင်များမှ အရောင်းဝန်ထမ်းများ မျက်နှာဖုံး(mask)များကို တပ်ဆင်သင့်

**မကွေး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက ဓာတ်ဆီဆိုင်အချို့တွင် ဓာတ်ဆီရောင်းချသည့် ဝန်ထမ်းများအနေဖြင့်လုပ်ငန်းခွင်အတွင်း ဓာတ်ဆီအငွေ့ကို တိုက်ရိုက်မရှူရှိုက်နိုင်သော မျက်နှာဖုံး (mask)များကိုတပ်ဆင်မှုနည်းပါးသဖြင့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ ခံစားရမည်ကို စိုးရိမ်စရာကောင်းကြောင်းနှင့် ဓာတ်ဆီဆိုင် ဝန်ထမ်းများအနေဖြင့် မျက်နှာဖုံးများကို မမေ့မလျော့ တပ်ဆင်ထားသင့်ကြောင်း မကွေးမြို့ခံ ဆရာဝန်တစ်ဦးက ပြောသည်။

"ပုဂ္ဂလိက ဓာတ်ဆီအရောင်းဆိုင်၊ ပန့်ဆိုင်တွေက အရောင်းဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းခွင်အတွင်း ဓာတ်ဆီဖြည့်ချိန်မှာ နှာခေါင်းစွပ်(mask)တွေကို မမေ့မလျော့ တပ်ဆင်ထားသင့်တယ်။ ဆိုင်ရှင်တွေကလည်း ဒါကိုစည်းကမ်းတစ်ရပ်အနေနဲ့ တင်းတင်းကျပ်ကျပ် သတ်မှတ်ဆောင်ရွက်သင့်တယ်။ ဓာတ်ဆီအငွေ့၊ အဓိကအားဖြင့် (Octane) အငွေ့တွေကို နေ့စဉ်ရှူရှိုက်မှုများလာရင် အာရုံကြောရောင်တဲ့ရောဂါ ဖြစ်နိုင်တယ်။ ဦးနှောက်နဲ့ အာရုံကြောတွေ ပျက်စီးနိုင်တဲ့အထိ ဖြစ်နိုင်တယ်။ အထူးသဖြင့် ခေါင်းကိုက်၊ ခေါင်းမူး၊ မအီမသာ ဖြစ်တာတွေ ခံစားရပြီး အကိုက်အခဲပျောက်ဆေးတွေသောက်လည်း မထူးတာမျိုးတွေ ဖြစ်လာတတ်တယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။



မကွေးမြို့မှ ဓာတ်ဆီဆိုင်တစ်ဆိုင်။

မကွေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ အဝေးပြေးလမ်းမကြီးများတစ်လျှောက်တွင် ပုဂ္ဂလိကဓာတ်ဆီဆိုင်များ အများအပြားဖွင့်လှစ်လာပြီး ထိုဆိုင်များဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာသည်မှာမှန်သော်လည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ နည်းပါးနေသေးကြောင်း၊ အဆိုပါဓာတ်ဆီဆိုင် ပိုင်ရှင်များအနေဖြင့်လည်း အရောင်းဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဓာတ်ဆီဖြည့်လုပ်ငန်းခွင်အတွင်း မျက်နှာဖုံး (mask) များ တပ်ဆင်ခြင်းကို လုပ်ငန်းစည်းကမ်းတစ်ရပ်အနေဖြင့် ကြပ်မတ်ပြီး လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်သင့်ကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

# မြို့နယ်အဆင့် ပညာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ မိတ္ထီလာ၌ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၃၁**

မိတ္ထီလာမြို့နယ်၌ ပညာရေးဌာနနှင့် အက်ရှင်အေ့မြန်မာတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ယခုလက်ရှိလုပ်ဆောင်လျက်ရှိသော ပညာရေး အခြေအနေများနှင့် လုပ်ငန်းအစီအစဉ်များအား သိရှိနိုင်ရန်၊ ကျောင်းများနှင့်ဌာနဆိုင်ရာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရန်အတွက် မြို့နယ်အဆင့် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်မောင်းနှင့် လက်ထောက်ပညာရေးမှူး ဦးစိုးနိုင်တို့က မြန်မာနိုင်ငံ၏ ယခုလက်ရှိ လုပ်ဆောင်လျက်ရှိသော ပညာရေး အခြေအနေများနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အက်ရှင်အေ့ မြန်မာ ရန်ကုန်ရုံးမှ ဦးလင်းရောင်ဦးနှင့် မိတ္ထီလာရုံးမှ ဒေါ်လွင်မာဦးတို့က အက်ရှင်အေ့မြန်မာ၏ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ပညာရေးဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မိတ္ထီလာမြို့ပေါ်နှင့် မြို့အနောက်ဘက်ခြမ်းရှိ အက်ရှင်အေ့မြန်မာ၏ ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ကျေးရွာများမှ အခြေခံပညာမူလတန်းကျောင်း ၃၀ ၏ ကျောင်းကိုယ်စားလှယ်များက ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရေးဆွဲခဲ့မှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများက ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စံပြဆုရရှိခဲ့သည့် အမက ရဲပေါက်ချောင်း၊ အမက မင်းရပ်နှင့် အမက လင်းဇင်း ကျောင်းတို့အား တစ်ကျောင်းလျှင် ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေးမြို့ပေါ်တွင် မိုဘိုင်းအင်တာနက်လိုင်းများ ပိုမိုကောင်းမွန်လာ

**ရေး ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် ရေးမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ မြန်မာ့ဆက်သွယ်ရေး၏ MPT အပြင် ပြည်ပအော်ပရေတာများဖြစ်သော တယ်လီနော နှင့် အော်ရီဒူးတို့၏ မိုဘိုင်းဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်လာသဖြင့် အသုံးပြုသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရေးမြို့ပေါ်တွင် မြန်မာ့ဆက်သွယ်ရေး၏ MPT လိုင်းသည် ဖုန်းလိုင်းကောင်းမွန်သလို အင်တာနက်မှာလည်း 3G အထိ ရရှိလာကြောင်း၊ အော်ပရေတာများဖြစ်သော အော်ရီဒူးနှင့် တယ်လီနောတို့မှာလည်း အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်လာလျက်ရှိ၍ မြို့ခံအင်တာနက်အသုံးပြုသူများ ကျေနပ်လျက်ရှိကြောင်း ရေးမြို့မှ လူငယ်တစ်ဦးက ပြောသည်။အင်တာနက်လိုင်းများ ကောင်းမွန်လာသည့်အပြင် မိုဘိုင်းဖုန်း ဆင်းကတ်များကိုလည်း အလွယ်တကူ ဝယ်ယူနိုင်သဖြင့် ရေးမြို့ပေါ်တွင် မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုသူဦးရေမှာလည်း များပြားလာလျက်ရှိကြောင်း သိရသည်။

ရေးမြို့ပေါ်တွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းမွန်လာသော်လည်း မြို့နယ်အတွင်းမှ ကျေးလက်ဒေသနေရာအနှံ့အပြားတွင်မူ ဖုန်းလိုင်းများရော အင်တာနက်လိုင်းများပါ မကောင်းသေးကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။ ထို့ကြောင့် ကျေးလက်ဒေသများမှ ပြည်သူများအနေဖြင့် ကျေးရွာများတွင်ပါ ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ ကောင်းမွန်လာပြီး အင်တာနက်ကို ပိုမို၍ အသုံးပြုနိုင်ရန် မျှော်လင့်နေကြကြောင်း ရေးမြို့နယ်တောင်ပိုင်း ဖာလိန်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**နေမျိုးထွဋ်(ရေး)**

# မော်ကျွန်းတွင် အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော မြို့နယ်သံဃာ့ဆေးရုံအဆောက်အအုံ ဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၁**

မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်းအတွင်း အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော ငွေကျပ် သိန်း ၃၀၀ တန် မြို့နယ်သံဃာ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၇ နာရီက မြို့နယ်သံဃာ့ဆေးရုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲကို မြို့နယ်သံဃာ့ဆေးရုံအဆောက်အအုံ ရှေ့မျက်နှာစာ၌ ကျင်းပရာ မိုးညိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ အလှူရှင် ဦးကျော်ဌေး-ဒေါ်ရှုသင်း(အော်စကာမိသားစု)၊ ဦးကြည်လွင်မိသားစု၊ မြို့နယ် ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာရီရီခင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်သံဃာ့ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ အမှတ်တရ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် သံဃာ့ဆေးရုံ အဆောက်အအုံမှာ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၈ ပေရှိ အာစီကွန်ကရစ် တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆို၊ ကတ္တရာလမ်းသစ်ဖွင့်

**ညောင်လေးပင် ဒီဇင်ဘာ ၃၁**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ဇေယျာမင်းလွင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ကတ္တရာလမ်းသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ယာပုံ)**



အဆိုပါ ဇေယျာမင်းလွင်လမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ ၉၉၀၊ အကျယ် ၁၀ ပေရှိပြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၀၂၉၇၈၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(အမ်ကြီး–ညောင်လေးပင်)**

# မုံရွာပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်

**မုံရွာ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးကို လက်ရှိ ခုတင် ၂၀၀ ဆံ့မှ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် ဒီဇင်ဘာ ၂၈ ရက်က စတင်၍ အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"မုံရွာပြည်သူ့ဆေးရုံကြီးရဲ့ အဆင့်ဆင့် တိုးမြှင့်လာမှုကိုကြည့်မယ်ဆိုရင် စစ်ကြိုခေတ်နဲ့ စစ်ပြီးခေတ်ကာလမှာ ၁၆ ခုတင်ဆံ့ဆေးရုံအဖြစ်၊ ၁၉၅၃ ခုနှစ်မှာ ခုတင် ၅၀ ဆံ့ဆေးရုံ၊ ၁၉၇၆ ခုနှစ်မှာ ခုတင် ၁၀၀ ဆံ့ဆေးရုံ၊ ၁၉၈၆ ခုနှစ်မှာ ခုတင် ၁၅၀ ဆံ့ ဆေးရုံ၊ ၁၉၉၁ ခုနှစ်မှာ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့တာပါ။ ၂၀၁၂ မှာတော့ ခုတင် ၂၀၀ ဆံ့ စံကိုက်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ရခဲ့ပါတယ်၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးရဲ့အင်္ဂါရပ်အဖြစ် အထူးကုဌာန ၁၇ ခုမှာ အထူးကုဆရာဝန်ကြီး ၁၇ ဦး၊ အထူးကုဆရာဝန် ၁၇ ဦးရှိပါတယ်၊ ခုတင် ၅၀၀ အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရတဲ့အတွက် လက်ရှိအထူးကုဘာသာရပ် ၁၇ ခုအပြင် နောက်ထပ်အထူးပြုဘာသာရပ် ငါးခု တိုးချဲ့ဖွင့်လှစ်ခွင့်ရတဲ့အတွက် ၂၂ ခုအထိ တိုးမြှင့်ရှိလာပါပြီ"ဟု မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်သန်းက ပြောသည်။

"တိုးချဲ့ ဖွင့်လှစ်ခွင့်ရတဲ့ ဘာသာရပ် ငါးခုကတော့ အရေးပေါ်ကုသတဲ့ ဆေးပညာဌာန၊ အရေပြားအထူးကုဌာန၊ ကင်ဆာရောဂါကုဌာန၊ ကျောက်ကပ်ရောဂါအထူးကုဌာန၊ အစာအိမ်နဲ့ အူလမ်းကြောင်းအထူးကုဌာနတို့ပဲ ဖြစ်ပါတယ်။ တချို့ဘာသာရပ်တွေမှာ အထူးကုဆရာဝန်ကြီးနှစ်ဦးကနေ လေးဦးစီအထိ အသစ်တိုးချဲ့ခန့်ထားခွင့်ရပါတယ်။ လက်ထောက်ဆရာဝန်အနေနဲ့ ၆၈ ဦးအပြင် ၂၇ ဦး တိုးချဲ့ခွင့်ရခဲ့တဲ့အတွက် ၉၅ ဦးအထိ ရှိပါတယ်။ အခြားဆေးကုသမှုအထောက်အကူပြု ဌာနတွေမှာလည်း ကျွမ်းကျင်ဝန်ထမ်းများကို တိုးချဲ့ခန့်ထားခွင့်ရခဲ့ပါတယ်။ ခုတင် ၂၀၀ ဆံ့ဆေးရုံအဆင့်မှာ ဝန်ထမ်းပေါင်း ၅၉၄ ဦးရှိရာမှ ၅၀၀ ဆံ့ဆေးရုံအဆင့်မှာ ဝန်ထမ်းပေါင်း ၈၀၆ ဦးအထိ ခန့်ထား နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေအရ အထူးကုဆရာဝန်ကြီး ၁၅ ဦး၊ အထူးကုဆရာဝန် ၁၂ ဦး၊ အထူးကုလက်ထောက်ဆရာဝန် သုံးဦး၊ လက်ထောက်ဆရာဝန် ၆၅ ဦးနဲ့ အခြားဝန်ထမ်းများနဲ့ ဆေးကုသပေးလျက်ရှိပါတယ်"ဟု ဆေးရုံအုပ်ကြီးက ဆက်လက်ပြောကြားသည်။



ဆေးရုံအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာလှမိုးနှင့် မုံရွာပြည်သူ့ဆေးရုံအုပ်ကြီးတို့က ဆေးရုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် မုံရွာပြည်သူ့ဆေးရုံကြီးသို့ ကုသရေးအထောက်အကူပြုပစ္စည်းများနှင့် ငါးထပ်ဆောင် အဆင့်မြင့်ဆေးရုံကြီး တည်ဆောက်ရေးအတွက် ဘိလပ်မြေအိတ်များနှင့် အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့သည်။

ခုတင် ၅၀၀ ဆံ့ မုံရွာပြည်သူ့ဆေးရုံကြီး အဆင့်တိုးမြှင့်ဖွင့်ပွဲတွင် သီတဂူဆရာတော်ကြီးက ငွေကျပ် ၃၇၂ ဒသမ ၂ သိန်းတန်ဖိုးရှိ ကျောက်ကပ်သန့်စင်စက် နှစ်လုံး၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးက ကျပ် ၁၈၆ ဒသမ ၆ သိန်းတန်ဖိုးရှိ ကျောက်ကပ်သန့်စင်စက်တစ်လုံး၊ ဦးစိန်လှိုင်(စိန်ကြည်မိသားစု)က ကျောက်ကပ်သန့်စင်စက်တစ်လုံး၊ အလှူရှင်များ စုပေါင်း၍ ကျပ် ၁၀၁၂ သိန်းတန်ဖိုးရှိ ဘိလပ်မြေ ၁၈၄၀၀ အိတ်၊ ကျပ် ၅၄ သိန်းတန်ဖိုးရှိ ဒီဇယ်ဆီ ဂါလန် ၂၀၀၀ နှင့် ငါးထပ် အဆင့်မြင့်ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေ ကျပ် ၃၉၂ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၂၂၃၉ ဒသမ ၉ သိန်းကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပုလောမြို့နယ်၌ နွေစပါးစိုက်ပျိုးပွဲပြုလုပ်

**မြိတ် ဒီဇင်ဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စု ဇရပ်ဆိပ်ကျေးရွာ၌ နွေစပါး GW-1 စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

နွေစပါးစိုက်ပျိုးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဦးမင်းကြည်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးကျင်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးအေးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွေးနှင့် ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ နွေစပါးစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးဝင်းက တောင်သူများအား အောင်ရေသေချာမည့်နေရာများတွင် နွေစပါးစိုက်ပျိုးရန် ပညာပေးရှင်းလင်းဆွေးနွေးသည်။

ဇရပ်ဆိပ်ကျေးရွာသည် ယခင်က မိုးစပါးတစ်ခုတည်းကိုသာ အဓိကထားစိုက်ပျိုးခဲ့သော်လည်း တောင်သူ ဦးဟံဝင်းက ၂၀၁၁ ခုနှစ်ကစ၍ နွေစပါး စတင်စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်သေချာ၍ စီးပွားရေးတွက်ခြေကိုက်သောကြောင့် နွေစပါးကို တောင်သူများက နမူနာယူကာ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# ကျောက်ပန်းတောင်းမြို့ အရှေ့မြို့ပတ်လမ်း(မြို့ရှောင်လမ်း)ဖောက်လုပ်ပြီးစီးသဖြင့် ယာဉ်များ အချိန်ကုန်သက်သာစွာသွားနိုင်ပြီး မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု လျော့ကျ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းနှင့် ကျောက်ပန်းတောင်း-မြင်းခြံလမ်းကို ဆက်သွယ်ဖောက်လုပ်ထားသော အရှေ့မြို့ပတ်လမ်း (မြို့ရှောင်လမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ရေကျော်ကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့ရှောင်လမ်းသည် အရှည် တစ်မိုင် ခြောက်ဖာလုံ ကတ္တရာခင်းလမ်းဖြစ်ပြီး လမ်းသားအကျယ် ၁၈ ပေ၊ လမ်းနယ်နိမိတ်အကျယ် ပေ ၁၀၀ ဖြစ်ကာ (၃၀×၅) ပေ ကွန်ကရစ်တံတား ငါးစင်းပါဝင်သည်။ မြို့ရှောင်လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၇၇ ဒသမ ၁၈ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းမှာ ၁၉၉၀ ခုနှစ် မြို့မြေကွက်များတိုးချဲ့စဉ်က ပေ ၁၀၀ လမ်းအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှစ၍ မြေနီဂျင်းလမ်းခင်းကာ စတင်အသုံးပြုခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် အကြီးစားကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က တင်ပြဆွေးနွေးခဲ့သဖြင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ၍ အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ မြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးသွားသဖြင့် ပိုဗိုလန်စက်ရုံမှ နောက်တွဲယာဉ်ကြီးများ၊ မိတ္ထီလာ-ပုပ္ပား-မြင်းခြံသွား ၁၂ ဘီး ကုန်တင်ယာဉ်ကြီးများနှင့် ဘုရားဖူးယာဉ်များမှာ မြို့တွင်းသို့ ဖြတ်သန်းသွားစရာမလိုတော့ဘဲ အချိန်ကုန်သက်သာစွာ သွားလာနိုင်ကြမည့်အပြင် ခရီးတာအနေဖြင့်လည်း တစ်မိုင်ခွဲခန့်သက်သာသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် မြို့တွင်း၌လည်း ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းသွားမည်ဖြစ်ကာ ယာဉ်မတော်တဆမှုအန္တရာယ်များလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် လမ်းနယ်နိမိတ်ကျောက်တိုင်များ စိုက်ထူနေမှု အခြေအနေများကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များက ဒီဇင်ဘာ ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

**နေအောင် (ပြန်/ဆက်)**

# အင်္ဂပူ-ညောင်ကျိုးလမ်းရှိ တံတားအမှတ်(၃) တည်ဆောက်ပြီးစီး

**ဧရာဝတီ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်း အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်ရှိ တံတားအမှတ် (၃) တည်ဆောက်မှုလုပ်ငန်းများ ဒီဇင်ဘာ ၂၇ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

အင်္ဂပူမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် တံတားများပျက်စီးခဲ့ရာ အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်ရှိ တံတားအမှတ်(၃)ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အမြန်ဆုံးပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ တံတားပြီးစီးသဖြင့် အင်္ဂပူနှင့်ညောင်ကျိုးဒေသတွင်းရှိ အိမ်ခြေ ၃၀၀၀ ကျော်မှ လူဦးရေ ၁၃၀၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေပြီး ဒေသထွက်ကုန်များ ပို့ဆောင်ရေးတွင်လည်း အဆင်ပြေစေကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ခမ္မစကူးဖောင်ဒေးရှင်း မူလတန်းဆရာဖြစ်သင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ် ပရိယတ္တိစာသင်တိုက်၌ ဗုဒ္ဓတရားတော်များကိုစနစ်တကျ သင်ကြားပေးမည့် ခမ္မစကူးကျောင်းများ နိုင်ငံအနှံ့ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် (၄၅၅)ကြိမ်မြောက် ခမ္မစကူးဖောင်ဒေးရှင်း မူလတန်းဆရာဖြစ်သင်တန်းကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ၇ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ကလေးငယ်များ ယဉ်ကျေးလိမ္မာ၍ နိုင်ငံတော်မှ အားထားရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာစေရန်ရည်ရွယ်၍ ခမ္မစကူး ဆရာဖြစ်သင်တန်းများကို ဖွင့်လှစ်နေခြင်းဖြစ်ကာ အဆိုပါ သင်တန်းသို့ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စုများမှ ဆရာ ဆရာမများ တက်ရောက်ကြပြီး ခမ္မစကူးဖောင်ဒေးရှင်း (ရန်ကုန်)မှ နည်းပြဆရာမ ဒေါ်အေးအေးလွင် ဦးစီးသည့် သင်တန်းနည်းပြများက ကလေးဗဟိုပြုချဉ်းကပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၂၁)**



# စမတ်ကတ်ဖြင့် ပင်စင်ထုတ်နိုင်၍ ပင်စင်စားများအဆင်ပြေ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ဘဏ်၌ ပင်စင်စားများ ပင်စင်လစာထုတ်ယူရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် ပင်စင်စာအုပ်များအစား စမတ်ကတ်များဖြင့် ထုတ်ယူနိုင်မည့်စနစ်ကို ပြောင်းလဲအသုံးပြုလျက်ရှိရာ သက်ကြီးရွယ်အို ပင်စင်စားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အင်းစိန်ဘဏ်မှာ ပင်စင်စား ၃၂၀၀၀ ကျော်ရှိတယ်။ ဘဏ်စာအုပ်နှစ်သောင်းမှာ စမတ်ကတ်တစ်သောင်းကျော် ထုတ်ပေးပြီးပါပြီ။ စမတ်ကတ်အသုံးပြုနိုင်တဲ့အတွက် စာအုပ်နဲ့ထုတ်ပေးတာထက် ဝန်ထမ်းတွေ အချိန်ကုန်သက်သာတဲ့အပြင် စာရွက်စာတမ်းအသုံးပြုမှုလည်း လျော့နည်းသွားပါတယ်။ စမတ်ကတ်နဲ့ မိနစ်ပိုင်းအတွင်း ငွေထုတ်ယူနိုင်လို့ သက်ကြီးရွယ်အိုပင်စင်စားတွေ အဆင်ပြေတာမြင်ရတော့ ဝမ်းသာရပါတယ်"ဟု အင်းစိန်မြန်မာ့စီးပွားဘဏ်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

စမတ်ကတ်ဖြင့် အင်းစိန်ဘဏ်တွင် ပင်စင်လစာထုတ်နိုင်သည့်အပြင် Online System ကိုအသုံးပြု၍ မည်သည့်ဘဏ်တွင်မဆို ငွေထုတ်ယူနိုင်ရန်နှင့် စမတ်ကတ်ကို မိုဘိုင်းငွေကြေးအနေဖြင့် အသုံးပြု၍ ဈေးဝယ်နိုင်ရန်၊ မိုဘိုင်း Exchange များတွင် ငွေထုတ်နိုင်ရန်တို့ကိုပါ ဘဏ္ဍာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေကြောင်းလည်း အဆိုပါဘဏ်မှသိရသည်။

အင်းစိန်ဘဏ်တွင် စမတ်ကတ်ဖြင့် ပင်စင်ထုတ်ပေးနေသည့်အပြင် ဘဏ်စာအုပ်ဖြင့် ငွေထုတ်ယူမှုလည်း ရှိနေသေး၍ ပင်စင်ကိုပုံစံနှစ်မျိုး ထုတ်ပေးရကြောင်း၊ စမတ်ကတ်ဖြင့် ထုတ်ပေးရာတွင် ကွန်ပျူတာသုံးလုံးသာရှိသည့်အတွက် စက်ပျက်ခဲ့လျှင် လယ်ဂျာဖိုင်ကဲ့သို့ ပြန်ရှာရန်မလွယ်ကူသောကြောင့် ကွန်ပျူတာငါးလုံးခန့် ထားရှိနိုင်ပါက လုပ်ငန်းပိုင်းဆိုင်ရာများ ပိုမိုလွယ်ကူအဆင်ပြေသွားမည်ဖြစ်ကြောင်း ဝန်ထမ်းတစ်ဦးက ပြောသည်။ အင်းစိန်ဘဏ်တွင် ထုတ်ယူနေသော ပင်စင်အရေအတွက်မှာ မြို့ပြပင်စင် ၈၅၀၀ ကျော်နှင့် နိုင်ငံရေးပင်စင် ၂၄၀ ကျော်ရှိကာ ကျန်သောပင်စင်များမှာ အငြိမ်းစားတပ်မတော်သား ပင်စင်များဖြစ်ကြောင်း သိရသည်။

**(၁၆၄)**

WE WISH YOU A

Merry Christmas

&

HAPPY NEW YEAR

2016

**နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ**

နှစ်ဟောင်း လွန်ကူး

၂၀၁၆၊ နှစ်သစ်ဦး အခါသမယ၌

AGD Bank ၏ မိတ်ဟောင်း၊ မိတ်သစ်များနှင့် မြန်မာပြည်သူ ပြည်သားအပေါင်း

ဘေးရန်ကင်းပ၊ ချမ်းသာကြွယ်၍ ကာယ၊ စိတ္တသုခ နှစ်ဖြာ ပြည့်စုံကြလျက်

'အပြောင်းအလဲ' ၏ ကောင်းမြတ်သော အကျိုးထူးများ

ရရှိခံစားနိုင်ကြပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

AGDBANK

Asia Green Development Bank Limited.

JJ EXPRESS

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

JJ Express မှ (၅) နှစ်တာ ကာလအတွင်း Higer Bus အသစ်တစ်မျိုးတည်းသာ အသုံးပြု၍ ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်ပေါင်း( နှစ်သန်း ကျော်) အားဘေးကင်းလုံခြုံစွာပို့ဆောင်ပေးနိုင်ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် JJ Express ခရီးသွားလုပ်ငန်း ယခုထက်မက ပိုမို တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

HIGER BUS

GREATER MAN





စိတ်သွားတိုင်းကိုယ်ပါပြီး
ဖြစ်ချင်တာတွေလုပ်နိုင်ဖို့
Ensure 400g
1500 Ks OFF
15.1.2016 to 14.2.2016
အသက် (၅၀) ကျော်လာတဲ့အခါ...
ထမင်းစားတာတစ်ခုတည်းနဲ့ အာဟာရမလုံလောက်တော့ပါဘူး။ Calcium နဲ့ Vitamin D အပါအဝင် ဗီတာမင် နှင့် သတ္တုဓာတ် (၂၈)မျိုး၊ အသားဓာတ်များနှင့် အမျှင်ဓာတ် (Pre-biotics)တွေ ပါဝင်တဲ့ Ensure all-in-one Nutrition က နေ့စဉ်လိုအပ်တဲ့ ခွန်အားတွေကို ပြည့်ဝစေနိုင်ပါတယ်။
ခွန်အားပြည့်ဝစေဖို့ သိပ္ပံနည်းကျ အတည်ပြုထားသော Ensure
Available in Vanilla, Strawberry and Chocolate flavours.
Ensure Life နှင့် ခွန်အားပြည့်ဝစွာနေထိုင်ပါ
PAHTAMA GROUP
Abbott Nutrition Careline
01-8551428
09 260 35 62 62
Abbott


အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
နှစ်သစ်
လက်ဆောင်မွန် အဖြစ်
ယခုအစီအစဉ် ကာလကို
တိုးမြှင့် ပေးလိုက်ပါပြီ
Happy New Year
ငွေဖြည့်ပမာဏ
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


M.K.T Construction Co.,Ltd
HAPPY
New Year 2016
နှစ်သစ်ကူးအခါသမယတွင်
မြန်မာပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာပျော်ရွှင်ပြီး
ဂုဏ်ကျေးဇူး ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။
ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၂၄၂၃၊ ၀၁-၃၉၈၁၉၁၊ ၀၁-၂၄၅၇၈၆
၀၉-၇၃၀၇၂၂၅၁၊ ၀၉-၅၁၇၈၄၇၈၊ ၀၉-၅၁၂၄၉၀၀။ Email: marketing@mktconstruction.com. Website: www.mktconstruction.com


နှစ်သစ်အရောင်းမြှင့်တင်ခြင်းအစီအစဉ်
(၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၉ရက်နေ့အထိသာ)
SUZUKI
Way of Life!
The Brand New
ERTIGA
for Myanmar
၁.၄လီတာအင်ဂျင်
အော်တိုဂီယာလေးချက်
Petrol
14.92 km/l
ခုံသုံးတန်းပါရှိသော
ခုနစ်ယောက်စီးကား
အာမခံ
၃နှစ်/ကီလိုမီတာ ၁သိန်း *2
ဈေးနှုန်း
(US $ 17,900 ++)
ကျပ် ၁၉၉သိန်း + +
(First Come, First Serve Condition)
တရားဝင်အရောင်းကိုယ်စားလှယ်များ
ရန်ကုန်
ရုံနဒီ ယော်တော်
အောင် ယော်တော်
မျိုး ယော်တော်
လှိုင်နှင့်မွှန်း ယော်တော်
မန္တလေး
အောင်ဒိုင်ရိ ယော်တော်
NEW SUPER CARRY TRUCK
ဈေးနှုန်း
(US $ 5,777 ++)
ကျပ် ၆၉သိန်း + +
facebook/Suzuki Myanmar Motor Co., Ltd.

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၉/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ-LPG Flexible Oil Hose, 25 % Carbon Teflon Hollow Tube, Portable Moisture Analyzer, Cooler Tube, Standard Gas

(ခ) ဓာတုဗေဒပစ္စည်းများ-Hydrazine Hydrate

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်း-အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် MHI Boiler ရှိ Super Heater Tube များ အစားထိုးလဲလှယ်ခြင်း

၂။ **နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ**-Monoethanolamime (MEA) and Petromeen, Mathanator Catylst, Primary Reformer Catalyst (Reformax 330 LDP), Water Treatment Chemical(Kurita F-4920)

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ**-DC Generator Accessories and Motor, Flame Detector for Boiler, Spare Parts for River Water Pump (P-5001) & Liquid Ammonia Pump (P-8101),Spare Parts for Natural Gas Compressor, Synthesis Gas Compressor and CO2 Compressor, Air Compressor Set (Piston Type) with Motor and Starter, Governor for Turbine & Proximity Sensors, Spare Parts for IA Compressor, V-Ring & Compression Ring for Hot Oil Pump and Head Gasket for Pumps, Naphtha Circulation Pump (PU-602) without Motor, Spare for Cooling Water Circulation Pump & $C_3$ filling Pump, Spare for Dry Gas Compressor

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၆ ရက် ၁၂း၀၀နာရီ

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊**
**စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (ဧရာဝတီမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း)
## (Credit No.55590mm) (C 1.4-8)

၁။ ဧရာဝတီမြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ခန့်ထားနိုင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်-

1. National project staff
2. National Environmental and Social officer

၂။ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဝက်ဆိုဒ် (website)တို့တွင် လေ့လာကြည့်ရှုရရှိနိုင်ပါသည်။ www.dwir.gov.mm (Search for international Cooperation world bank) www.moezala.gov.mm, www.mimu.info and UNDB online website

၃။ စိတ်ပါဝင်စားသူများသည် ၁၄-၁-၂၀၁၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Project Director Email Address winhlaing34@gmail.com နှင့် component1hic@gmail.com များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (ဧရာဝတီမြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း)
## အိတ်ဖွင့်တင်ဒါ (Open Tender) များခေါ်ယူခြင်း
## Tender No:AIRBM (G-2.1-1) 1/2016

၁။ ဧရာဝတီမြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ အောက်ဖော်ပြပါပစ္စည်းများနှင့် အဆောက်အအုံပြင်ဆင်ခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. Renovation for DWIR building
2. Equipment for DMH
(Laptop, Desktop, Printer, Copier, LCD Projector, Scanner, UPS)

၂။ တင်ဒါနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များ၊ Terms of References (TORs) နှင့် ဈေးနှုန်းလွှာဖိတ်ခေါ်ခြင်း Invitation to quote (ITQ) အစရှိသည်တို့ကို အောက်ဖော်ပြပါဝက်ဆိုဒ် (website) တို့တွင် လေ့လာကြည့်ရှုရရှိနိုင်ပါသည်။ www.dwir.gov.mm (Search for international Cooperation world bank), www.moezala.gov.mm, www.mimu.info and UNDB online website.

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** ၁၄-၁-၂၀၁၆ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀နာရီ

၄။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၁-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Item No.1 ကို aungmyokhaing77@gmail.com နှင့် tinaungwin23@gmail.com ကိုလည်းကောင်း၊ Item No.2 ကို uncle.laja@gmail.com နှင့် kohtinkyaw1@gmail.com email လိပ်စာများနှင့် အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ (ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့)**
**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်း၊ (သီတာဆိပ်ကမ်းအနီး)၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတိုက်သေတ္တာအမှတ် (၁၁၇၁)**
**ဖုန်း-၀၁-၂၉၂၂၃၆၊ ၀၁-၂၉၁၅၃၃**

# အခွန်ထမ်းဆောင်ထိုက်သူအားလုံး အခွန်ထမ်းဆောင်ကြရေး

၁။ **အခွန်ဆိုသည်မှာ** နိုင်ငံနှင့်ပြည်သူများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အခွန်ဥပဒေနှင့်အညီ ကောက်ခံသောငွေပင် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်ထိုက်သူအားလုံး အခွန်ထမ်းဆောင်ကြပါရန်နှင့် မိမိသည် အခွန်ထမ်းဆောင်ထိုက်သူ ဟုတ်မဟုတ်ကို အောက်တွင်ဖော်ပြမည့် အချက်အလက်များနှင့် တိုက်ဆိုင်ကြည့်စေလိုပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဝင်ငွေဆိုသည်မှာ ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိကာလတွင် ရရှိသည့်ဝင်ငွေဖြစ်ပါသည်။

၃။ **အခွန်ထမ်းဆောင်ထိုက်သူဟုတ်မဟုတ် ကိုယ်တိုင်စိစစ်နိုင်ရေး။** ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် အောက်ပါဝင်ငွေအမျိုးအစားရရှိပြီး နုတ်ပယ်ခွင့်ရှိသောငွေများ နုတ်ပယ်ပြီးချိန်တွင် ကျပ်သိန်း ၂၀ အထက် ကျန်ရှိသူများသည် မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနများသို့ ဆက်သွယ်၍ အခွန်ပေးဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

(က) **လစာရရှိသူ** (လစာတွင် လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ လစာနှင့်လုပ်ခအစား၊ သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်တို့ ပါဝင်ပါသည်။)

(ခ) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေရရှိသူ** (ဆရာဝန်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ပန်းထိမ်ဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ၊ ဧည့်လမ်းညွှန်၊ သင်တန်းဆရာစသည်များ)

(ဂ) **စီးပွားရေးလုပ်ငန်းမှဝင်ငွေရရှိသူ** (စီးပွားရေးလုပ်ငန်းဆိုသည်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ယင်းလုပ်ငန်းများ၏သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသောလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံး ပါဝင်သည်။)

(ဃ) **မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ဝင်ငွေရရှိသူ**

(င) **အခြားရလမ်းမှဝင်ငွေရရှိသူ** (အထက်ဖော်ပြပါဝင်ငွေခေါင်းစဉ်များ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေတို့နှင့် အကျုံးမဝင်သောဝင်ငွေရရှိသူ။)

၄။ နုတ်ပယ်ခွင့်ရှိသောငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း စုစုပေါင်းရရှိသော ဝင်ငွေအနက်မှ အခြေခံသက်သာခွင့်အဖြစ် ဝင်ငွေ၏ ၂၀ရာခိုင်နှုန်း (ကျပ်သိန်း ၁၀၀ ထက်မပိုရ)။

(ခ) အတူနေသူ/စရိတ်ထောက်ပံ့ထားရသည့် အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ်ငါးသိန်းသက်သာခွင့် (ယင်းအိမ်ထောင်ဖက်သည် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည် ဝင်ငွေမရရှိသူဖြစ်ရပါမည်။)

(ဂ) သားသမီးများတစ်ဦးလျှင် ကျပ်သုံးသိန်းစီဖြင့် သက်သာခွင့် [အိမ်ထောင်မရှိသည့်၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသည့်၊ အသက် ၁၈ နှစ်မပြည့်သေးသည့် (သို့မဟုတ်) အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသည့်သူ ဖြစ်ရပါမည်။]

(ဃ) အခွန်ထမ်းနှင့်အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသောပရီမီယံ။

(င) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေ။

၅။ အောက်ပါဝင်ငွေအမျိုးအစားရရှိသူများသည် စာပိုဒ် ၄ တွင်ဖော်ပြထားသော သက်သာခွင့်များကို ခံစားခွင့်မရှိပါ-

(က) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူများ (မြေ၊ အဆောက်အအုံ၊ အိမ်ခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာမတည်ပစ္စည်း၊ အစုရှယ်ယာ၊ ကတိခံဝန်ချုပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော လက်မှတ်စာချုပ်ရောင်းချ၍ နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်ကျော်လွန်ပြီး မြတ်စွန်းငွေလည်းရရှိသူ)။

(ခ) စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေရှိသူ။

၆။ **၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်နိုင်ရန် ဝင်ငွေကြေညာလွှာပုံစံ ပတခ(ဝင)-၁ကို ရယူရန်** အတွက် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန်-

(က) www.irdmyanmar.gov.com တွင် Download ပြုလုပ်၍ ရယူခြင်း(သို့မဟုတ်)

(ခ) မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တောင်းယူခြင်း(သို့မဟုတ်)

(ဂ) ဖုန်း-၀၉-၅၁၄၉၈၀၁၊ ၀၉-၄၂၈၁၂၅၅၂၅၊ ၀၉-၇၉၉၁၃၄၄၁၈ တို့သို့ မိမိတို့၏အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်ပါရှိသော SMS ပေးပို့၍ ပုံစံတောင်းယူခြင်း။

၇။ မရှင်းလင်းသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများ(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ (မန္တလေး) ဖုန်း-၀၂-၃၀၁၉၂ နှင့် မိမိတို့နှင့် သက်ဆိုင်သောတိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ မေးမြန်းနိုင်ပါသည်။ **အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး)
## (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ် မြဇရာခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း** - ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉ နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၃၀-၁-၂၀၁၆ ရက် (စနေနေ့) နံနက် ၉ နာရီ

(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

(က) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(၁/၂၀၁၄)(နောက်ဆက်တွဲ)ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(၁/၂၀၁၅)(ပုံမှန်)ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန်ကျန်ရှိသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
တက်ရောက်ဘွဲ့ ၁၅၀၀- (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ ၁၀၀၀- (ကျပ်တစ်ထောင်တိတိ)

ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ်($1\frac{3}{2}\times2$)လက်မ ဓာတ်ပုံ(၃)ပုံပူးတွဲလျက် ၁-၁-၂၀၁၆ ရက်မှ ၁၅-၁-၂၀၁၆ရက်အတွင်း တင်သွင်းကြရမည်။

**ပါမောက္ခချုပ် (ကိုယ်စား)**
**(ခင်မြတ်မွန်၊ မော်ကွန်းထိန်း)**
**အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အိမ်သုံးမီတာများတွင် အသုံးပြုရန်အတွက် Mega Twister Seal များအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၁-၁-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၅၊ (Fax-) ၀၆၇-၈၁၀၄၂၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/ 5172၊ Toyota Probox NCP 50 စတေရှင်ဝက်ဂွန် ယာဉ်လက်ဝယ်ရှိသူ Win & Sann Pwint Aung Myin Services Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## သမီးစွန့်

(ဦးတင်သန်း) - ဒေါ်ခင်နန်းဝေတို့၏ သမီး၊ ကိုတင်အောင်မိုး၏ညီမ ဟန်နီဆွေ(ခ)ချောစုသည် မိဘနှင့်အစ်ကိုအား အကြိမ်ကြိမ်အဖန်အဖန် ခွင့်မလွှတ်နိုင်အောင် ရိုင်းပျဆဲဆိုပြုမူပြောဆိုဆက်ဆံခြင်း၊ စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**မိခင် ဒေါ်ခင်နန်းဝေ**
**၁၂/ဒဂန(နိုင်)၀၀၇၇၀၅**

## မွေးသက္ကရာဇ်အမှန်

ဦးစိုင်းယီ၏သမီး၊ ကျိုင်းတုံတက္ကသိုလ်၊ ဓာတုဗေဒ(ဒုတိယနှစ်) ဂုဏ်ထူးတန်းမှ နန်းပိုးစံ ၁၃/ကတန(နိုင်)၁၃၄၅၈၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁-၁၉၉၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကြည်အောင်၏သား မောင်လွန်းတင် ၆/တသရ(နိုင်)၀၇၁၇၂၄ အား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကောင်းမြတ်**

## ဖခင်အမည်မှန်

နေပြည်တော် ပျဉ်းမနား အထက(၃)၊ န၀မတန်း(F)မှ မောင်တင်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၉/ပမန(နိုင်)၁၉၇၄၉၈ ဖြစ်ပါကြောင်း။

**ဦးမြင့်ဝင်း ၉/ပမန(နိုင်)၁၉၇၄၉၈**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့-ပြည်စုံအောင်ရပ်ကွက် အထက-ခွဲ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးသူနှင့် အဋ္ဌမတန်းမှ မခိုင်ရွှေဝါတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ပု ဖြစ်ပါကြောင်း။

**ဦးမောင်ပု**
**၉/ပဘန(နိုင်)၁၈၀၇၄၁**

## တရားဝင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း
## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ဘုရားကိုင်လမ်းမကြီး၊ ကြောင်ငယ်ရပ်၊ Apple Aluminium က လုပ်ငန်းမှ ဦးကျော်မင်း ၆/မအရ(နိုင်)၀၉၅၀၆၁ နှင့် မမြကေသွယ် ၆/မအရ(နိုင်)၀၂၆၃၉၆ တို့သည် ၁၉၉၀ ခုနှစ်ကတည်းကစ၍ တရားဝင်ဇနီးမောင်နှံများအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။ ယနေ့အချိန်ထိတိုင် တရားဝင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်း ၆/မအရ(နိုင်)၀၉၅၀၆၁**
**ကြောင်ငယ်ရပ်၊ မြိတ်မြို့**

## " နှစ်သစ်မင်္ဂလာဆုတောင်းလွှာ "

ခေတ်သစ်မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်း ချီတက်နေကြသော မြန်မာနိုင်ငံသူ၊နိုင်ငံသားများအားလုံး ယခုနှစ်မင်္ဂလာရှိသော နှစ်သစ်နေ့ရက် အခါမှသည် စိတ်သစ် လူသစ် ခွန်အားသစ်များဖြင့် မိမိတို့၏ရည်မှန်းချက်များကို တက်ညီလက်ညီ အကောင်အထည်ဖော်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ... ... ...

DELIGHT ENGINEERING CO., LTD
DELIGHT PILING CO., LTD
KGS Myanmar Co., Ltd



## ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများ

(၂၀၁၅) ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်တွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင် အထက်တန်းကျောင်း၏ ကြီးကျယ်ခမ်းနားသော ဆုပေးပွဲကြီးကို ကရဝိတ်ခန်းမတော်တွင်(၁၂. ၇. ၂၀၁၅) တနင်္ဂနွေနေ့က ဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။



ဘာသာရပ်အလိုက် အောင်ချက်ရာခိုင်နှုန်း

| | |
|---|---|
| မြန်မာစာ | ၁၀၀. ၀၀% |
| အင်္ဂလိပ် | ၈၀. ၆၇% |
| သင်္ချာ | ၈၀. ၆၇% |
| ဓါတုဗေဒ | ၉၁. ၆၇% |
| ရူပဗေဒ | ၈၅. ၀၀% |
| ဇီဝဗေဒ | [illegible] |
| ဘောဂဗေဒ | ၇၈. ၂၆% |

ကျောင်း၏အောင်ချက်ရာခိုင်နှုန်း [illegible]

ဒုတိယ ဖွင့် စတင်ဖွင့် ဆပြီ

၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံပါပြီ

အမှတ် ၁၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သယ်န်းကျွန်း ရန်ကုန်မြို့၊ ၀၁ ၅၆၂၈၃၀၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၃၁၂၃၃၂၇၅


## အမည်ပြောင်း

မော်လမြိုင်မြို့၊ မုပွန်ရပ်နေ ဦးတင်မိုးဇော် ၁၀/မလမ(နိုင်) ၀၀၄၃၉၉၏သား မောင်အုပ်စိုးဟိန်း အထက (၉)၊ သတ္တမတန်း(B)အား မောင်အောင်သူရိန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်သူရိန်


## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-8623188
09-5195949



## 2016 Happy New Year!

## နှစ်သစ်ကူးဆုမွန်လွှာ

ကျွန်တော်တို့ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ယန္တရားနှင့် ဆက်စပ်အပိုပစ္စည်းများကို ဝယ်ယူအားပေးနေကြသည့် ဖောက်သည်ကြီးများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပဏာမအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

အမျိုးသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်သည် ဝယ်ယူအားပေးသူအပေါင်း၏ ယုံကြည်အားထားရာ မိတ်ဆွေကောင်းအဖြစ် အစဉ်ရပ်တည်ပေးသွားပါမည်။ တစ်ဆက်တည်းမှာပင် နည်းပညာအရည်အသွေး မြင့်မားပြီး စွမ်းဆောင်ရည်ပြည့်ဝသော ယန္တရားကြီးများနှင့် အပိုပစ္စည်းများကိုလည်း သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် ဖြန့်ဖြူးပေးပြီး မိတ်ဆွေတို့၏ စိတ်ကျေနပ်မှုအတွက် အစွမ်းကုန် ဖြည့်ဆည်းပေးသွားပါမည်။

လက်ရှိ ကျွန်ုပ်တို့နိုင်ငံ၏စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်၏ စီးပွားဖက်လုပ်ငန်းရှင်ကြီးများနှင့် ဝယ်ယူအားပေးသူ မိတ်ဟောင်း၊ မိတ်သစ်အပေါင်းတို့၏ အကျိုးစီးပွားများ ဆတက်ထမ်းပိုး တိုးတက်ပါစေဟု ဆန္ဒပြုရင်း ပျော်ရွှင်စရာနှစ်သစ် ဖြစ်ပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ရပါသည် ခင်ဗျား။

MYANMAR KAIDO CO., LTD.
YOUR MOST RELIABLE PARTNER




**Myanmar Engineering Society**

**Annual General Meeting ( 2016 )**

**Golf Tournament**

Yangon Golf Club 8th January 2016

Contact - 09 512 7430 , 09 500 7152

ရွှေရည်ဦးရွှေဆိုင်၏ ၂၀၁၆နှစ်သစ်မင်္ဂလာဆုတောင်း

ရွှေ ရည်စီး သိင်္ဂီရွှေစင်၊ အသွင်သစ်

ရည် ရွယ်မှန်းတိုင်း၊ မဆိုင်းမတွ၊ စုံပြည့်ဝ

ဦး စွာပထမ၊ နှလုံးလှ၊ အလှဆင်ရာ ရွှေရည်ဦးပါ။

မိတ်ဟောင်းမိတ်သစ်များအားလုံး.....

ရာသီအဟောင်း၊ အသစ်ပြောင်းလဲ၊

နှစ်သစ်ရောက်လာ၊ ယနေ့မှာ၊

ကင်းဝေးသောက၊ စမ်းကျရေအေး ပန်းလိုမွှေးဝေ၊

စီးပွားဥစ္စာ၊ ဒီရေအလား၊ တိုးတက်စေကြောင်း၊

ကျရာတမ်းဝ၊ စာအလှဖြင့် ရင်မှဆုခြွေတောင်းဆုတောင်းလျက်။

ရွှေရည်ဦး ရွှေဆိုင် မိသားစု

အမှတ်(၁၈၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း(အရှေ့ဘက်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

☎ : 01-246814,254711,387566

## မြန်မာ ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar-Japan SEDA)၏

### တတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

Myanmar-Japan SEDA၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို အောက်ပါအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသားများနှင့် အမှုဆောင် (EC)အဖြစ် စိတ်ပါဝင်စားသူများ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**အခမ်းအနားနေ့ရက်** - ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (စနေနေ့)

**အခမ်းအနားအချိန်** - နံနက် ၉း၃၀နာရီမှ မွန်းတည့် ၁၂း၀၀အထိ

**အခမ်းအနားနေရာ** - မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အသင်းရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင်မြင်စေရန်အတွက် အသင်းကြီးအား ပြန်လည်တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် အသင်းသားအသစ်များနှင့်အမှုဆောင် (EC)အဖြစ် ပါဝင်ဆောင်ရွက်လိုသူများ အသင်းရုံးချုပ်သို့ ၁၅-၁-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ နောက်ဆုံးထားပြီး မိမိတို့၏ ကိုယ်ရေးရာဇဝင် အချက်အလက်အပြည့်အစုံနှင့် အဆိုပြုလွှာများပေးပို့နိုင်ပါသည်။ မှတ်ချက်။ ။ စိတ်ပါဝင်စားသူများ စနေနေ့တိုင်း နံနက် ၉း၃၀နာရီ အသင်းရုံးတွင်ပြုလုပ်သည့် အစည်းအဝေးတွင်တက်ရောက်ဆွေးနွေးနိုင်ပါသည်။

စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် စားသောက်ကုန်လုပ်ငန်းများပါဝင်ရောင်းချနိုင်ပါသဖြင့် စိတ်ပါဝင်စားသူများ အသင်းရုံးသို့ ဆက်သွယ်နိုင်ပါသည်။ (နံနက် ၈း၃၀နာရီမှ ညနေ ၅း၀၀နာရီအထိ ဈေးရောင်းပွဲတော်နှင့် မြန်မာဂျပန်ရိုးရာ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပါသဖြင့် မည်သူမဆိုလာရောက်အားပေးကြည့်ရှုနိုင်ပါသည်။)

**ဆက်သွယ်ရန်**

**Myanmar-Japan SEDA Office (No.24, Yaw Min Gyi Road, Dagon Tsp, Yangon)**

ဖုန်း-၀၁-၂၄၆၆၃၆၊ ၃၈၄၃၀၉၊ ၀၉-၂၅၇၅၉၉၃၉၉ Email-info@mmjpseda.org

နှစ်သစ် မွေးနေ့မင်္ဂလာ ဆုတောင်း

၁.၁.၂၀၁၆ မင်္ဂလာရက်မြတ်တွင်ကျရောက်သော သမီးလေး **မဖြူစင်ချမ်းသာ [Grade VII အ.ထ.က(၁)ဒဂုံ]**၏ မွေးနေ့ရက်မြတ်မှသည် ကိုယ်၊ စိတ် နှစ်ပါး ကျန်းမာ ချမ်းသာ သက်ရှည်စွာဖြင့် မြတ်ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားများကို လိုက်နာကျင့်သုံးပြီး ငြိမ်းချမ်း သာယာသော ဘဝကို တည်ဆောက်နိုင်ပါစေကြောင်း.....

**ဖွားဖွားကြီး ဒေါ်စန်းမြင့် နှင့် နှစ်ဖက်ဆွေမျိုးများ**

ချစ်ဖေဖေ၊မေမေ – ဦးချမ်းသာ + ဒေါ်စမ္မသီရိ၊ သီတာဒေါ်စမ္မသီရိ ဓနီမွှာမြင့်

ချစ်မောင်လေး – မောင်ပြည့်စုံချမ်းသာ [Grade V အ.ထ.က(၁)ဒဂုံ]

ဝန်ထမ်းများ – ချမ်းသာအောင်မြင် – Travels & Tours Co.,Ltd

သဉ္စေရစ် – ပြည့်စုံ/ပြည့်ဝ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ၊ သဉ္စေရစ် – သန့်ဇင်

သဉ္စေရစ် – စက်မှုလက်မှု သင်တန်းကျောင်း၊ သဉ္စေရစ် – M & E Services

## သူနာပြုဆရာမ (၁)ဦး အလိုရှိသည်

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးတွင် ရိပ်သာကြီးပတ်ဝန်းကျင်ရှိ လူနာများအတွက် ကုသိုလ်ဖြစ်ဆေးခန်းကို ၂၀၀၂ခုနှစ်မှ ယနေ့အထိဖွင့်လှစ်ထားပါသည်။ ဆေးခန်းချိန်မှာ နံနက် ၈း၃၀မှ ၁၁း၀၀နာရီအထိဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် ပိတ်ပါသည်။ ဖော်ပြပါဆေးခန်းအတွက် ကုသိုလ်ဖြစ်လုပ်အားပေးလိုသူ (သို့မဟုတ်)လစာဖြင့်လုပ်လိုသူ သူနာပြုဒီပလိုမာလက်မှတ်ရ ဆရာမတစ်ဦးအလိုရှိပါသည်။

လျှောက်ထားလိုသူသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ အမှတ် (၂၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၄၅၅၅၂၊ ၀၁-၅၄၁၇၉၆၊ ၅၄၁၇၉၇၊ ၅၄၆၁၉၆ (လိုင်းခွဲ-၄၀၃၊ ၄၁၈)သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။

**အမှုဆောင်အဖွဲ့**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 46/6958၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**





## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် ၉၇၊ ဦးရေခဲကွန်ဒို 3rd Floor, Unit (B)တိုက်ခန်းအား ကျွန်တော်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ဦးချစ်ကိုကို ၇/ရတန(နိုင်)၀၆၃၇၇၂ထံသို့ စရန်ငွေတချို့တစ်ဝက်အား ၂၈-၁၂-၂၀၁၅ရက်တွင် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးအောင်ချို LL.B (စဉ်-၄၀၁၃)** | **ဦးကျော်မြင့်သွယ် LL.B (စဉ်-၂၃၆၈၇)** |
| **ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀)** | **ဦးသီဟ LL.B (စဉ်-၄၁၇၂၁)** |

**အမှတ် ၅၆၃၊ ပထမထပ်၊ အခန်း ၁၀၃၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၃၁၂၂၇၁၅၊ ၀၉-၇၃၁၆၀၄၈၀၊ ၀၉-၃၁၂၈၆၉၁၁**

## ကန့်ကွက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမည် မီးခိုးကံတောင်ကွင်း၊ဦးပိုင်အမှတ် (၆.၇.၄/၁.၁/၅)တို့အပေါ်ရှိ လယ်ယာမြေ ဧရိယာဧကစုစုပေါင်း ၆၃ ဒသမ ၃၆ ဧကကို (၁၉၉၉)ခုနှစ်မှ ၂၀၁၅ ခုနှစ် ယနေ့အချိန်ထိ လယ်သမားကြီးဦးဗိုလ်ဗိုလ်(ဘ)ဦးတင်ဝင်း ၁၂/သလန(နိုင်)၀၃၉၆၂၁နှင့် ဦးဇင်မျိုးဦး(ဘ)ဦးဗိုလ်ဗိုလ် ၁၂/သလန(နိုင်)၁၄၂၅၀၆ ကိုင်ဆောင်သူ (၂)ဦးမှ စဉ်ဆက်မပြတ်စိုက်ပျိုးလုပ်ကိုင်နေပါသည်။ထို့ကြောင့် ဤလယ်ယာမြေသည် ကျွန်တော်တို့ပိုင်ဖြစ်ပါ၍ မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ မသက်ဆိုင်ပါကြောင်း ကန့်ကွက်ပါသည်။

TET LANN CONCRETE

TET LANN CONSTRUCTION COMPANY LIMITED

# "မင်္ဂလာနှစ်သစ် ၂၀၁၆"

၂၀၁၆ နှစ်သစ်အတွင်း မိတ်ဟောင်းမိတ်သစ်များအားလုံး
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း
"တက်လမ်း" မိသားစုမှ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- Head Office - No.(483), Aye Yeik Thar 2nd Street, New University Avenue Road, Bahan Tsp; Ph: (+95) 01 8604514 ~ 18
- Concrete Office - No.(17), Shu Khin Thar Main Road, Thaketa Tsp; Ph: (+95) 01 9190545, 01 9190546, 09 31774447, 09 33333617, 09 33333671

TET LANN Group of Companies

## ရိုးလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုးလုံရွှေဆိုင် အမှတ် [(၁)၊ (၂)၊ (၃)]၊ (၄) ချမ်းလုံရွှေဆိုင် နှင့် (၅) ချွန်းလုံရွှေဆိုင်မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိုးလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph: 09-450051313, 09-73156897, 01-200747(Ext)2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိုးလုံရွှေဆိုင်ကြီး (ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့)

## မြေအမြန်ဝယ်လိုပါသည်

အကျယ်အဝန်း-(၆၀'×၆၀')၊ သိန်း ၁၀၀၀ကျပ်မှ သိန်း ၂၀၀၀ကျပ် ဝန်းကျင်အတွင်း လမ်းမတန်းဖြစ်ရန်မလို သွားလာရလွယ်ကူသော နေရာပို၍ကျယ်လျှင်ကောင်းပါသည်။ ရုံးခန်းဖွင့်ရန်အတွက်ဖြစ်သည်။ Cash Down ခန့်ပေးမည်ဖြစ်သည်။ ဈေးသက်သာလျှင် ဦးစားပေးမည်။ ပွဲစားလိုသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၂၆၁၇၄၀၂၁၄

## မြန်မာ့စကော်ဒွန်း- ကူရှင်

- ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း
- လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
- Sofa, Cushion မိုလ်ံမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း
- မွေ့ရာအမျိုးမျိုး ရောင်းချခြင်းနှင့် ပြုပြင်ခြင်း
- ခန်းဆီးလိုက်ကာ ပိတ်များကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။

Ph: 291317/202921 /09-8627489

## NSMS Management Learning Center

(1) Certificate in Human Resource Management
(2) Certificate in Principle of Management
(3) Certificate in Marketing Management
(4) Certificate in Leadership Skills
(5) How to Write Marketing Plan?
(6) Certificate in Project Management
(7) Certificate in Financial Management
(8) Certificate in Apply Accounting
(9) Certificate in Operation Management
(10) Certificate in Production Management

09-5163408, 09-4959599

## ပေါ်ဆန်းမွှေးသစ်ရုပ်မြို့

09-43334111 01-682844
09-43334222 01-682944

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅နှင့် ဆက်နွှယ်သည့်
၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၁

| | | |
|---|---|---|
| ဒေါ်စိုးနီလာ | နှင့် | ၁။ ဦးမောင်မောင် |
| | | ၂။ ဒေါ်ညွန့်ညွန့်ကြည် |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

အမှတ် ၁၀၄/က၊ က/၂လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁)တရားရှုံး ဦးမောင်မောင်၊ (၂) တရားရှုံး ဒေါ်ညွန့်ညွန့်ကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၇ရက်(၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းသီတာဝေ)
မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)

## အသက် (၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဩွန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**ရှမ်းပြည်နယ်**
**သစ်တောဦးစီးဌာန**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)

## အသက် (၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဩွန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**
**ကယားပြည်နယ်**

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကိုဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည် ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုးပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သင်္ကန်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ်အစား အမျိုးမျိုးနှင့် အခြားချုပ်ထည်များ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၆ရက် (ကြာသပတေးနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

# တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁)

## တံတားအထူးအဖွဲ့ (၁)

## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း

## တင်ဒါအမှတ်စဉ် (၇)၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးညှင်းခရိုင်အတွင်းရှိ ညောင်လေးပင်တံတားနှင့် ပွင့်ဖြူတံတားများအတွက် လိုအပ်သော Steel Plate Girder များအား ရန်ကုန်မြို့ J&M Steel Solution စက်ရုံမှ လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာ** - ၂-၁-၂၀၁၆ရက်
**စတင်ရယူနိုင်မည့်ရက်**
**တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၆-၁-၂၀၁၆ရက် နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၁-၂၀၁၆ရက် နံနက် ၁၁နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-ဩွန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒု-ဩွန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့ (၁)**

ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၇၃၁၃၀၇၃၁၊ ၀၉-၂၅၃၇၈၈၂၀၀

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)

## အသက် (၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဩွန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**မကွေးတိုင်းဒေသကြီး၊**
**သစ်တောဦးစီးဌာန**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၉၃၅၅ Loncin 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/မနမ(နိုင်)၁၀၅၃၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၁၁၇၄ KENBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဦး ၉/မကန(နိုင်)၀၇၇၉၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)

## အသက် (၈၄)နှစ်

အဘိုး၊ အဖေကဲ့သို့ ကျေးဇူးကြီးမားလှသော ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၈:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်စိန်နှင့်မိသားစု**
**(ကယားဖူးဝန်ထမ်းများ)**


# ဒေါ်ခင်လှိုင် အသက်(၇၃)နှစ်


## ဒေါင့်ကြီး-ဟင်္သာတ

## Hilda Hlaing အမျိုးသမီးအထက်တန်းကျောင်း

## (A.B.M) ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်းသွယ်(၁)၊ အမှတ် ၁၀၁ (B) နေ အရာရှိ အငြိမ်းစား ဦးသိန်းလှိုင်(ဟင်္သာတရာသက်ပန်အသင်းဝင်-၃၃၆)၏ဇနီး၊ (ဦးစံလှိုင်-ဒေါ်ခင်လေး)တို့၏သမီး၊ (ဦးခင်စိုး)-ဒေါ်လှဲ့လှဲ့လှိုင်၊ (ဦးငွေးဝင်း)-ဒေါ်ဖြူဖြူခင်၊ ဦးအေးသွင်-ဒေါ်နီလာမင်းဒင် (Mother's Home Motel) သယ်နီးကျွန်းတို့၏အစ်မကြီး၊ ဦးမြဟန်၊ Capt. တက်နိုင် (La-yang Layang Helicopter Service, Malaysia)-ဒေါ်ဥမ္မာလှိုင်၊ မောင်ကျော်ကျော်-မရီရီခင်၊ မောင်ရဲမွန်ဦး(မလေးရှား)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၈-၁၂-၂၀၁၅ရက် ည ၁၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**





# အထူးကျေးဇူးတင်ရှိခြင်း

## ဆရာမ ဒေါ်မမလေး

## အထက-၁ (ငြိမ်း) လားရှိုးမြို့

## အသက်(၉၈)နှစ်

၂၁-၁၂-၂၀၁၅ရက်က ကွယ်လွန်ခဲ့သော ဒေါ်မမလေး၏ နာရေးကိစ္စအဝဝတွင် ဝမ်းနည်းကြောင်း လာရောက်မေးမြန်းကြသူများ၊ လိုက်ပါပို့ဆောင်ကြသည့် လုပ်ဖော်ကိုင်ဖက်များ၊ တပည့်ဟောင်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးကြသောမိတ်ဆွေ ဆွေမျိုးသားချင်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ကိုမျိုးမြင့်အောင် အသက်(၄၁)နှစ်

## B.Sc.Q(Bot:)

## အထက(၄)ပုဇွန်တောင်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၅)လမ်း၊ တိုက်၁၂နေ [ဦးသိန်းမောင်(စာရင်းကိုင်ကြီး-ငြိမ်း၊ မြန်မာ့မီးရထား)]-ဒေါ်အမာ၊ [ဦးဘဆန်း(နယ်ပိုင်ဝန်ထောက်မင်း-ငြိမ်း)]-ဒေါ်နွဲ့နွဲ့တို့၏မြေး၊ ဦးအောင်မြင့်(မန်နေဂျာ-ဂုဏ်ထူးစာပေ)-ဒေါ်ခင်ခင်ဆန်း (အထပြ-ငြိမ်း၊ အထက-၄၊ ပုဇွန်တောင်)တို့၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ ဒေါက်တာ ခင်စန္ဒာမြင့် (ကထိက-ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏မောင်သည် ၂၉-၁၂-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြမြ
**ကထိက(ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊**
**အဆောင်မှူး(ငြိမ်း)၊ ရတနာဆောင်**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၂၂၉နေ ဒေါ်မြမြ အသက်(၈၄)နှစ်သည် ၂၆-၁၂-၂၀၁၅ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်ဇနီးဒေါ်ကျင်ခိုင်**

အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) အသက်(၈၄)နှစ်
**ဝန်ကြီး(ငြိမ်း) (လယ်ယာနှင့်သစ်တောဝန်ကြီးဌာန)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုန်ရိပ်သာလမ်း၊ အမှတ် ၇၀(ဘ)နေ ဒေါ်မြင့်မြင့်ခင်၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက် နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင် မိသားစု**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)
**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**
**အသက်(၈၄)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## ဒေါ်လှရီ(ခ)ဒေါ်နီ အသက်(၇၄)နှစ်
**(အငြိမ်းစား စာရင်းစစ်ချုပ်ရုံး)**

ရန်ကုန်မြို့၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ် ၂၊ အခန်း ၃၁နေ ဦးခင်လှ(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၏ဇနီး၊ ဦးအေးသွင်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါက်တာအေးအေးမွန်(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးဇင်ကိုကို(ခေတ္တ-စင်ကာပူ)-ဒေါ်ပပဝေ(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မောင်မင်းသန့်သွင်(ဒုတိယနှစ်၊ ဘူမိဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မောင်မြတ်ဘုန်းဇင်(Grade-9, TTC)၊ မမေသင်းခိုင်(ခေတ္တ-စင်ကာပူ)တို့၏အဘွားသည် ၃၀-၁၂-၂၀၁၅ရက် ည ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၁၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်ငွေးငွေးယဉ်
**ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလ လလမ်း၊ တိုက် ၁၊ အခန်း ၄၀၆နေ [ဦးချစ်ရင် (မြောင်းမြ)]-ဒေါ်ခင်စောတို့၏သမီး၊ ဒေါ်မြင့်မြင့်ယဉ်(မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)-ဦးကျော်မွန်၊ ဦးဇော်မင်းရင်(စီမံကိန်းမန်နေဂျာ၊ MCM Co.,Ltd.)-ဒေါက်တာဒေါ်ခင်ဝင်းနွယ်(မေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ဒေါ်သီတာယဉ်-ဦးမောင်မောင်သောင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၊ ဦးဘိုဘိုရင် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)-ဒေါ်ဝါဝါဖေ(တွဲဖက်ပါမောက္ခ၊ ငြိမ်း)၊ (ဦးမျိုးမျိုးရင်)၊ ဦးနေလင်းရင်-ဒေါ်မေသွယ်စိုး(နေလ-ဇရာဝတီ)တို့၏အစ်မကြီး၊ တူ၊ တူမ ၁၂ယောက်တို့၏ကြီးကြီးသည် ၃၀-၁၂-၂၀၁၅ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**
## ဒေါ်လှမြင့်(ခ)ဒေါ်မနော် (အင်းစိန်)
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၄၇၇နေ(ဦးအရိန်)-ဒေါ်စောသန်း(ခ)ဒေါ်ဘုတ်ဆုံတို့၏သမီး၊(ဦးတော-ဒေါ်အေးတုတ်)တို့၏သမီးချွေးမ၊ ဦးလှထွန်း-ဒေါ်နီလာတို့၏ညီမ၊ ဦးစိုးသန်း၏ဇနီး၊ ကိုဆန်းလင်းဦး-မစန်းစန်းသွယ်(ခ)မမိသွယ်၊ မမေသန္တာဦး၊ မဖြူဖြူခိုင်တို့၏မိခင်သည် ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား သိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးအောင်
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊ မြကန်သာအိပ်ရာ (အပိုင်း-၂)၊ တိုက် ၂၉၊ အခန်း ဝဝ၄နေ ဒေါ်ခင်ခင်စီ၏တူသား၊ဦးစောတင်ငွေ-(ဒေါ်အေးအေးမြင့်) - ဒေါ်နော်ဖော်ကူတို့၏ သား၊ မဆွေဇင်သန့်၊ မဇင်မေဦး-ကိုဆန်းထွန်း၊ ကိုကျော်စွာလင်း၊ မအေးသီတာ၊ မောင်အောင်နိုင်သင်း - မချိုသက်ဝင်း၊ မောင်ကျော်မြိုင်လင်း - မဇင်မင်းဖြိုးတို့၏အစ်ကို၊မမာလာအောင်၏ခင်ပွန်း၊ မောင်ကောင်းထက်အောင် (အလက-၈၊ လှိုင်)၏ဖခင်သည် ၃၁-၁၂-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၃း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၁-၂၀၁၆ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်သန်း
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း၊အမှတ် ၅၃၊ ပထမထပ်(ယာ)နေ (ဦးချန်ပိန်ဝမ်း - ဒေါ်အုန်းကြင်)တို့၏သား၊ (ဦးခင်မောင်)-ဒေါ်ရီတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ ကိုထွန်းလင်း-မအေးသက်မာ၊ ကိုဇော်မင်းမင်း-မအိအိဖြူ၊ ကိုဇင်အောင်မြင့်-မဖြိုးသန္တာထွန်းတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုးသည် ၃၀-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (၃၈လမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးပန်းပွင့် (လယ်စိုက်ရှင်း၊ ငြိမ်း)
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ် ၃၂A-4 နေ (ဦးမြ-ဒေါ်ညွန့်)တို့၏သား၊ (ဦးတင်-ဒေါ်အေးသွယ်)တို့၏သားသမက်၊ (ဒေါ်မြညွန့်)၏ခင်ပွန်း၊ ဦးသောင်းတင်-ဒေါ်စိန်သောင်း၊ ဦးအောင်သိန်း-ဒေါ်စန်းစန်းညွန့်၊ ဦးခင်သန်း၊ ဦးစောနိုင်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးနေဝင်း(ခ)ဦးဆန်နီတင် အသက်(၉၁)နှစ်
**ထပ်ဆင့်အကယ်ဒမီ(ဓာတ်ပုံ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ် ၃၆(ဘီ)၊ အခန်း ၅နေ ဒေါ်ခင်လှလှ(ငြိမ်း၊ အင်္ဂလိပ်စာဌာန)၏ခင်ပွန်း၊ [ဦးဘွန်လျော(ခ)ဦးထွန်းအောင်ကျော်-ဒေါ်လှဖွင့်]တို့၏သား၊ (ဦးခင်-ဒေါ်ဒေါ်ရွှေ)တို့၏သားသမက်၊ ဦးကျော်လင်း-ဒေါ်ရင်ရင်၊ (ဦးအောင်သိန်း)-ဒေါ်တင်အေး၊ ဦးအောင်ကျော်-(ဒေါ်တင်ရီ)၊ ဒေါ်တင်တင်အေး၊ ဒေါ်ခင်ခင်ကြည်၊ ဦးအောင်မြင့်၊ ဦးမင်းလှ-ဒေါ်အယ်နီ၊ (ဦးထွန်းလှစိန်-ဒေါ်အေးအေးမူ)၊ ဒေါ်ငွေးငွေးစိန်တို့၏အစ်ကိုကြီး၊ ဒေါ်ဝင်းမာ-ဦးတင်မောင်လေး၊ ဦးလှဝင်း၊ ဒေါ်မြတ်မွန်အေး-ဦးသန်းထွန်းမြင့်၊ ဦးဇော်ဝင်း-ဒေါ်မာရီလင်တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၁-၂၀၁၆ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်နု
**အသက်(၉၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရေတံခါးတာဝနေ (ဦးမြမောင်-ဒေါ်အုန်းမြ)တို့၏သမီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂နေ [ဦးကျော်လှိုင် (ဆင်နှစ်ကောင် ပရိဘောဂနှင့် သက်န်းပရိက္ခရာဆိုင်)]၏ဇနီး၊ မဟာဗန္ဓုလပန်းခြံလမ်း၊အမှတ် ၃၀၀(ခြောက်လွှာ-အေ)နေ [ဦးစိုးသိမ်း(စာရေးဆရာမောင်ဝံသ)]၊ ဒေါ်မြင့်မြင့်(ဒေါင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်း)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကျွန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၂၊ မင်းလမ်း၊ ပဲခူးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လင်ရှုတီ
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း(လယ်)၊ အပေါ်ဆုံးထပ်၊ အမှတ် ၁၅၀နေ (လင်ကျင်ဟိုး-ဒေါ်စောဘာလီ)တို့၏သမီး၊ လင်စွိချိုင်(ခ)ဦးလှဆွေ-ဒေါ်ငွေကြည်၊ လင်ဘုတ်စိန်(ခ)ဦးစိန်အောင်-ဒေါ်ကြည်ကြည်မေ၊ [လင်ဟေကင်(ခ)ဦးထွန်းအောင်]-ဒေါ်သန်းအေးမြင့်တို့၏အစ်မ၊ ဦးစောသိန်းကြည်-ဒေါ်စုစု၊ ဦးစောသိန်းထွန်း၊ ဦးစောသိန်းဝင်း၊ ဒေါ်စောရင်နုတို့၏ချစ်လှစွာသောမိခင်၊ ဦးမောင်ဝင်း(ခ)ဦးစောဘိုနန်း၏ချစ်လှစွာသောဇနီး၊ မောင်သီဟစော၊ မောင်လျှမ်းပိုင်တို့၏အဘွားသည် ၃၁-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ဝဝး၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းမြင့် (ပန်းတနော်)
**ပုလဲနှင့်ငါး(ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ဗဟိုလမ်း၊ မနော်ဟယ်ရီရိပ်သာ၊ အမှတ် J၊ အခန်း ၃၀၁နေ ဦးထိန်ဝင်း-ဒေါ်မာလာမြင့်၊ ဦးအောင်နိုင်မြင့်-ဒေါ်ဇင်မေဦး၊ဦးထင်ကျော်-ဒေါ်နီလာမြင့်၊ ဦးလှိုင်ဝင်း-ဒေါ်မေဖြူဖြူမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၉နာရီမှ ၁၂နာရီအထိ မြို့မကျောင်းလမ်း၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်မြိုင်(သိုင်း)
**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်**
**ဒါရိုက်တာ**
**အသက်(၇၅)နှစ်**

(ဦးရွှေလှ-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးဘိုးသီး-ဒေါ်သင်းကြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းရပ်ကွက်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ အေးငြိမ်းစံလမ်းသွယ်နေ ဒေါ်စိန်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မင်းထွဋ်-မမိုးမိုးသန့်၊ ကိုဇော်ထွန်း (ဗီဒီယို ဒါရိုက်တာ)၊ ဗိုလ်ကြီးအောင်ငွေးမြင့် - မချိုချိုခိုင်၊ ကိုဇော်မိုး-မခိုင်ချိုဆက်၊ ကိုဆန်းထွန်းအောင် - မမြင့်မြင့်အောင်တို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ယော(ခ)ဒေါ်နွဲ့မြင့်ခင်
**အသက်(၅၇)နှစ်**

ချင်းပြည်နယ်၊ ကျောက်ထုမြို့နေ (ဦးအောင်ခင်)-ဒေါ်ခင်တွဲတို့၏ သမီး၊ (ဦးတင်ဦး - ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၅)၊ ဂန္ဓဝင်လမ်းနှင့် သံလွင်လမ်းထောင့်၊ အမှတ် ၆၂နေ မောင်ကျော်ဇင်ဖြိုး-မနှင်းဒါလီဆွေ၊ မဖြူနှင်းစန်းတို့၏မိခင်၊ [ဦးငွေးဝင်း (ထူးသန့်သစ်ခွဲစက်)]၏ ချစ်လှစွာသော ဇနီးသည် ၃၁-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁-၂၀၁၆ရက်(စနေနေ့)ညနေ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ လှိုင်သာယာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးကြည် (သထုံ)
**BE (Civil) 1996**
**ကျိုက်ထိုလမ်းဦးစီး(မြို့ပြ)**
**အသက်(၄၆)နှစ်**

မွန်ပြည်နယ်၊ သထုံမြို့၊ နန်းခဲရပ်ကွက်၊အောင်မြေရွှေဘုံ(၁)လမ်း၊ဘူတာဝင်း၊ အမှတ် ၆၁၈နေ ဦးစိုးဝင်း-ဒေါ်သန်းကြည်တို့၏သား၊ ဦးသိန်းလွင်-ဒေါ်ကျင်လှတို့၏သားသမက်၊ ဒေါ်သီတာလွင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းဝင်း၏မောင်၊ ဦးပိုင်ဖြိုး-ဒေါ်မိုးမိုးဝင်းတို့၏အစ်ကို၊ မယုနန္ဒာမိုး၊ မောင်မင်းလက်ရုံးတို့၏ ဘကြီးသည် ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် သထုံမြို့ ကျောက်တန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြလှိုင် (ပခုက္ကူ)
**အသက်(၈၄)နှစ်**

ချောက်မြို့နေ (ဦးအေးမောင်-ဒေါ်စောရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်ခင်သန်းမြင့်၏မောင်၊ ပခုက္ကူမြို့၊ ခန်တောရပ်၊ ဘုရားကြီးလမ်းနေ ဒေါ်တင်ဆွေ (စိန်ကျား ချည်ထည်ရောင်းဝယ်ရေး)၏ခင်ပွန်း၊ ဦးကြည်ရှိန်-ဒေါ်မြမြသန်း၊ ဦးမောင်မောင်စိုးလှိုင်-ဒေါ်ခင်ဝင်းရီ၊ ဦးမောင်မောင်မျိုးနိုင်-ဒေါ်သီသီထွန်း၊ ဒေါ်စုစုလှိုင်၊ဦးထွန်းအောင်လှိုင်-ဒေါ်တင်တင်မော်၊ ဦးမင်းမင်းဦး-ဒေါ်နုနုလှိုင်၊ ဦးအောင်မိုးဆွေ-ဒေါ်သန္တာလှိုင်တို့၏ဖခင်၊မြေး ၁၅ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၃၀-၁၂-၂၀၁၅ရက် နံနက် ၁း၁၅နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၇၇၊ထင်းရှူးမြိုင်လမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊ သာကေတနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၆ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ် ၁၈နေ(ဦးမြဝင်း၊ အထွေထွေမန်နေဂျာ၊အမှတ်-၂၊ သတ္တုတွင်းလုပ်ငန်း)၏ဇနီး၊ Capt. သန်းထိုက်(PIL Shipping) - ဒေါက်တာချိုချိုမွန်၊ ဦးထွန်းမြင့် [Technical Superintendent-Bernhard Shulte Shipmanagement (Singpore)] - ဒေါက်တာမသဇင် (Senior Physician, Khoo Teck Puat Hospital, Medical Director, All Derma Medical Clinic)၊ ဦးမျိုးခင်(Chief Engineer-Swire Pacific Offshore Operations)-ဒေါ်သက်သက်မွန်၊ Capt. ကျော်သူ (Maersk Line) -ဒေါ်ဟန်နီစိုး၊ ဦးချစ်ထွေး(Sr. Lecturer, Singapore Polytechnic)-ဒေါက်တာဆန်းယဉ်မော် (Principal Epidemiologist, Ng Teng Fong General Hospi-tal) တို့၏ မိခင်၊ မသံသာထွန်း၊ မောင်ဟန်သာထွန်း၊ မောင်ခန့်ဇင်ထွန်း၊ မသက်နွယ်မျိုးခင်၊ မစုသွယ်မျိုးခင်၊ မကြည်နူးခင်ခင်၊ မောင်ညီမိုးချမ်းကိုတို့၏ အဘွားသည် ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Hospital၌ ကွယ်လွန်သွားပါ၍ ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) တွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသောင်းမြင့်(ခ) ဦးသံချောင်း
**BA (LAW), LL.B**
**(တရားလွှတ်တော်ရှေ့နေ)**
**ပိန်းဇလုပ်မြို့၊ ခင်ဦးမြို့**
**အသက်(၆၇)နှစ်**

ပိန်းဇလုပ်မြို့နေ (ဦးဘိုကေ-ဒေါ်အမာ)တို့၏သား၊ (ဦးမောင်မောင်ထွန်း)(နိုက်တင်ဂေးအထူးကုဆေးခန်း)-ဒေါ်မြင့်မြင့်ကြည် (တရားလွှတ်တော်ရှေ့နေ)၊ ဦးမြင့်စိုး(ခ)ဦးဆင်-(ဒေါ်မြင့်မြင့်ကြည်)၊ [ဦးစိုးဝင်း(ခ)ဦးဖိုးလုံး] တို့၏အစ်ကို၊ဒေါ်သန်းသန်းဝင်း၊ (ဒေါ်ခင်နှင်းဝေ၊ လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ စစ်ကိုင်းတိုင်း စာရင်းရုံး)၏ ခင်ပွန်း၊ ကိုအောင်ကိုဦး-မမိုးမိုးလှိုင်၊ ဒေါက်တာမင်းမင်းလတ် - ဒေါက်တာအေးမြစိုး၊ကိုအောင်စည်ဟိန်း၊ကိုကျော်စည်ဟိန်း - မအုန်းအုန်း (ကောင်းခန့်ကျော် ကွမ်းရောင်းဝယ်ရေး)၊ (ကိုမြင့်သန်းထွဋ်)-မရည်ရည်မွန် (တွဲဖက်မြို့နယ် တရားသူကြီး၊ အောင်မြေသာစံမြို့နယ်တရားရုံး)၊ မောင်ရာဇာအောင် (ဦးစီးအရာရှိ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးမြို့)၊ မပြည့်သီတာမွန်၊ မမဥ္ဇူခင်တို့၏ဖခင်သည် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) ည ၁၁း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဦးစီးပဓာနနာယကဆရာတော်**
**သထုံမြို့၊ ပြည်တော်အေးကျောင်းတိုက်**
## ဘဒ္ဒန္တသုန္ဒရ (နိုင်ငံကျော်ဓမ္မကထိက)
**သိမ်ကုန်းရပ်ကွက်+အောက်ကျင်းရပ်ကွက်**
**စုပေါင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ**
**သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၄၆)ဝါ**

မွန်ပြည်နယ်၊ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ ကျုံးကြီးလမ်း၊ ပြည်တော်အေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) ၂၉-၁၂-၂၀၁၅ ရက်(အင်္ဂါနေ့) နံနက် ၉း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် နတ်တော်လပြည့် ကျော် ၁၃ရက်) ၈-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တခေမာစာရ
**ပေါက်ကုန်းရပ်ကွက် ဓမ္မာရုံကျောင်းတိုက်၊ တိုက်အုပ်ဆရာတော်**
**ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သံဃာဝန်ဆောင်**
**သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ ဓမ္မာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော်၊ မြို့နယ်သံဃာဝန်ဆောင်၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တခေမာစာရသည်(၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) ၂၉-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)နံနက်၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်) ၆-၁-၂၀၁၆ရက် ညနေ ၄နာရီတွင် ဓမ္မာရုံကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးခင်ငွေ(ငြိမ်း) အသက်(၈၅)နှစ်
**BC 7838၊ ကကလျှပ် (BEME)**
**ဗဟိုစက်ပစ္စည်းနှင့်စာရင်းအင်းဦးစီးဌာန(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မူးသာကျေးရွာနေ (ဦးမှုား-ဒေါ်ရွှေစိမ့်)တို့၏သား၊ ခင်ဦးမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ(ဦးစီ-ဒေါ်စောရင်)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ် ၁၀/၇၇၊ ဘုရင့်နောင်အိမ်ရာနေ ဒေါ်ခင်သောင်း၏ခင်ပွန်း၊ ဦးဘရာ-(ဒေါ်ခင်မေ)၊ (ဦးမြမောင်-ဒေါ်ခင်ဆွေ)၊ (ဦးခင်ရေ-ဒေါ်ခင်ညွန့်)၊ ဦးသိန်းဟန်-(ဒေါ်ခင်ဝေ)၊ (ဦးမောင်ထူး)-ဒေါ်ငွေ၊ ဦးမြင့်ရွှေ-ဒေါ်တင်လှ၊ ဦးမောင်မောင်လေး-ဒေါ်တူးတို့၏အစ်ကို/မောင်၊ ဒေါ်ခင်ခင်ငွေး(အလက-၁၊ လှိုင်)၊ ဦးစိုးအောင်(အထက-၂၊ ပလစ)၊ ဦးအေးကျော်-ဒေါ်မိုးစပါယ်၊ ဦးကြည်စိုး-ဒေါ်အုန်းအုန်းစိန်(ခ)မမိုးမိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်(ပဲနွယ်ကုန်းမြို့) အသက်(၇၁)နှစ်
**မြို့နယ်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ တပင်ရွှေထီးရပ်ကွက်(တောင်ခြမ်း)နေ (ဦးအောင်ခင်-ဒေါ်ပုဝင်း)၊ (ဦးထွန်းဖေ-ဒေါ်သန်း)တို့၏သား၊ အုတ်တွင်းမြို့နေ ဦးစိုးတင့်-ဒေါ်တင်အုန်း၊ ဦးစိုးမြင့်-ဒေါ်ခင်ပုတို့၏ညီ/မောင်၊ (ဦးစိုးသိန်း)-ဒေါ်ခင်ညို၊ ရန်ကုန်မြို့နေ ဒေါ်တင်အေး၊ ဦးမြင့်အောင်-ဒေါ်ပို၊ ဒေါ်ချို၊ ဦးစိုးငြိမ်း-(ဒေါ်စန္ဒာငြိမ်း)၊ တပင်ရွှေထီးရပ်ကွက်နေ ဦးလှကြည်တို့၏အစ်ကို၊ မသီတာစိုးမြင့်၊ ကိုသူရိန်စိုးမြင့်၊ မပြည့်ပြည့်သောင်း၊ ကိုအောင်မိုးဝင်း-မနန္ဒာစိုးမြင့်(မိုးဆန်းပန်း ဆန်စက်၊ လက်ပံကုန်း)၊ မဟေမာန်စိုးမြင့်၊ ကိုဟိန်းမင်းဇော်-မနီလာရွှေတို့၏ဖခင်၊ မမေမြတ်သူ၊ မောင်အောင်ဘုန်းပြည့်တို့၏အဘိုး၊ ဒေါ်ကြူကြူ၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၁၂-၂၀၁၅ ရက်(တနင်္ဂနွေနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၁-၂၀၁၆ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်ထား(ခ)မောင်မောင် အသက်(၇၁)နှစ်
**ကိုယ်ပိုင်အမှတ်-၂၇၆၀၀၀၊ တပ်ကြပ်ကြီးစာရေး(ငြိမ်း)**
**ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံး၊ ဒဂုံမြို့နယ်၊**
**စစ်မှုထမ်းဟောင်းအဖွဲ့ဝင်**

ထိန်တောမြို့တောင်ပိုင်းနေ (ဦးအုန်းတင်-ဒေါ်စိန်ဥ)၊ (ဦးပု-ဒေါ်စိန်တင်)တို့၏မြေး၊ (ဦးခင်မောင်-ဒေါ်တင်မြ)တို့၏သား၊ (ဦးတင်လှ)-ဒေါ်လှခင်တို့၏သားသမက်၊ (ဦးညို-ဒေါ်လှသိန်း)၊ (ဦးအေးမောင်-ဒေါ်မြသင်း)၊ (ဦးတင်အေး-ဒေါ်အုန်း)၊(ဦးသစ်ဖွယ်-ဒေါ်မေမီ)၊(ဦးသောင်းငွေ-ဒေါ်ကြင်ရီ)၊(ဦးကျော်မောင်-ဒေါ်ပုမ)၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးတင်အောင်)-ဒေါ်တင်အေး၊ အုတ်ဖိုမြို့နေ ဒေါ်မြသန်း၊ (ဦးလှကြည်)-ဒေါ်ကြည်ထွေးတို့၏တူ၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ပိုက်လုံးလမ်း၊ ခြံအမှတ် ၆၇၊ အမှတ် ၂၃၂နေ ဒေါ်လှဝင်း(လောကနတ်နိဗ္ဗာန်ကုန်ဆိုင်)၏ခင်ပွန်း၊ ဦးဇော်ဝင်းထွန်း-ဒေါ်လွင်မေသူ၊ ဦးကျော်ဝင်းထွန်း (လေယာဉ်မှူး၊ မြန်မာအမျိုးသားလေကြောင်း)-ဒေါ်နွေးလတ်လတ်အောင်၊ ဒေါ်ဇင်မေဝင်း(ရတနာပုံတယ်လီပို့)တို့၏ဖခင်ကြီး၊ မောင်ဟိန်းဇေယျာထွန်း၊ မလင်းလက်အောင်၊ မသီရိရဲရင့်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါ၍ ၂-၁-၂၀၁၆ ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းညွန့် (နောင်ချို)
**အသက်(၈၄)နှစ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ မြို့မရပ်ကွက်နေ(ဦးကြိုင်)၏ဇနီး၊ နောင်ချိုမြို့၊ တောင်ရပ်ကွက်နေ ဦးခန်းလီ-ဒေါ်ခင်ခင်သန်း၊ ဦးညွန့်ရွှေ-ဒေါ်ခင်ခင်ငွေး၊ ဦးမျိုးတင့်ဇော်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ သီပေါမြို့)-ဒေါ်မာလာမျိုးတို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၁၅ရက်ညနေ ၃း၃၀ နာရီတွင် နောင်ချိုမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် နောင်ချိုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## U Mang Sui
**တပ်မတော်(ငြိမ်း)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ကျူစမ်း ၅လမ်းနေ မအက်စတာ Biak Chin Par၊ မဂျူဗလီ Roseတို့၏အဘိုး၊ ဒေါ်ထားထားဦး-ဦးဆန်နီ၊ မောင်မင်းလတ်အောင်၊ မစန်းစန်းဆွေတို့၏ဖခင်၊ ဒေါ် Hniar Ki ၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ် BOC(အင်းစိန်)မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

# မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

စာမျက်နှာ-၉

# (၈) မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်လုပ်ငန်း အချိန်မီပြီးစီးရေးဆောင်ရွက်နေ

သတင်း- စိုးဝင်း(SP)
ဓာတ်ပုံ-တင်လှမောင်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့စေရေးအတွက် ငွေကျပ် ၁၅ ဒသမ ၈ ဘီလီယံကုန်ကျခံ တည်ဆောက်နေသည့် မရမ်းကုန်းမြို့နယ်ရှိ (၈) မိုင်လမ်းဆုံ ခုံးကျော်တံတားသစ် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Crown Advanced Construction ကုမ္ပဏီလီမိတက်က အဆိုပါ (၈) မိုင်လမ်းဆုံ ခုံးကျော်တံတားသစ် စီမံကိန်းကို တည်ဆောက်နေခြင်းဖြစ်ပြီး အဆိုပါ ခုံးကျော်တံတားသစ်စီမံကိန်း၏ ပင်မတံတားအရှည်မှာ ၄၆၅ မီတာနှင့် ချဉ်းကပ်တံတားအရှည်မှာ တံတားသစ်၏ တစ်ဖက်တစ်ချက်စီ၌ မီတာ ၃၀ စီပါဝင်ကာ ပင်မနှင့် ချဉ်းကပ်

*စာမျက်နှာ ၃ ကော်လံ ၁* ●



## ယနေ့ မာတိကာ

အီရန်တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်မှုအတွက် အမေရိကန် အရေးယူပိတ်ဆို့မှု အသစ်ပြုလုပ်ရန် စီစဉ် — စာ ၄

မြိတ်မြို့ ကျွဲကူးကျေးရွာ ရောနဒီ လွန်းကျင်းတွင် ငါးကဲ့လှေအား ကာပျဉ်ကွေးရန် ဂက်စ်အိုးဖြင့်အပူပေးရာမှ မီးလောင်မှုဖြစ်ပွား — စာ ၁၁

# လီဗာပူးတို့ ဆန်းဒါးလန်းကို ဘန်တီကီ၏ဂိုးဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ဖြစ်သည့် ဆန်းဒါးလန်းနှင့်လီဗာပူးတို့ ဒီဇင်ဘာ ၃၁ ရက်နံနက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးတို့က တိုက်စစ်မှူးဘန်တီကီ၏ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၁၈)၌လည်း လီဗာပူးတို့က လက်စတာကိုလည်း ဘန်တီကီ၏ဂိုးဖြင့်ပင် အနိုင်ရရှိခဲ့သည်။

လီဗာပူးတို့က ဇယားထိပ်မှအသင်းများကို အနိုင်ရရေး ကြိုးစားသလို ဆန်းဒါးလန်းတို့ကလည်း ဇယားအောက်ခြေမှ လွတ်မြောက်နိုင်ရေး တန်ပြန်ကစားခဲ့၍ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။

နှစ်သင်းစလုံး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းအစ ပွဲချိန် ၄၆ မိနစ်တွင် လီဗာပူးတိုက်စစ်မှူးဘန်တီကီကဂိုးသွင်းယူခဲ့သည်။ ဆန်းဒါးလန်းတို့ကလည်း ဂိုးသွင်းနိုင်ရေးကြိုးစားသလို လီဗာပူးတို့က အနိုင်ဂိုးများ ထပ်မံသွင်းနိုင်ရေးဖိကစားသော်လည်း ပွဲပြီးချိန်ထိ ဂိုးထပ်မံမသွင်းနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့်ဆန်းဒါးလန်းကို အနိုင်ရရှိခဲ့သည်။

လီဗာပူးတို့ ယခုပွဲအနိုင်ကြောင့် ရမှတ် ၃၀ ဖြင့် အဆင့် (၇) နေရာသို့ တက်လာပြီး မန်ယူနှင့် အမှတ်တူနေသည်။ ဂိုးကွာခြားချက်ဖြင့် မန်ယူက အဆင့် (၆) ၌ ရပ်တည်နေသည်။ ဆန်းဒါးလန်းက ၁၂ မှတ်ဖြင့် အဆင့် (၁၉) ၌ ရပ်တည်နေသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* *

# MFF U-14 ပြိုင်ပွဲ၌ ဇွဲကပင်အကယ်ဒမီ(က)အသင်း ဗိုလ်စွဲ

သတင်း-ညီမြတ်တော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဒီဇင်ဘာ ၃၁

**MFF U-14 100 Plus Super Cup ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ကျင်းပရာ ဇွဲကပင်အကယ်ဒမီ (က) အသင်း ဗိုလ်စွဲသွားသည်။**

ဗိုလ်လုပွဲတွင် ဇွဲကပင်အကယ်ဒမီ(က)အသင်းက မန္တလေး အကယ်ဒမီအသင်းကို ငါးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ပထမပိုင်းတွင် ဇွဲကပင်(က)အသင်းက ခြေစွမ်းပိုင်းပိုကောင်းခဲ့ပြီးဂိုးနှစ်ဂိုးရယူနိုင်ခဲ့သည်။ မန္တလေး အကယ်ဒမီအသင်းမှာ ကစားပုံကောင်းသော်လည်း ဂိုးပေးရပြီး နောက်ပိုင်းတွင် ကစားကွက်ပျက်သွားခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဇွဲကပင် အကယ်ဒမီ(က)အသင်းက ဆက်လက်ဖိကစားသွားပြီး ပယ်နယ်တီဂိုးအပါအဝင် အနိုင်ဂိုးသုံးဂိုးထပ်မံသွင်းယူခဲ့သည်။ မန္တလေး အကယ်ဒမီအသင်းမှာ ချေပဂိုးပင် ပြန်မသွင်းနိုင်သောကြောင့် သရေ

*စာမျက်နှာ ၅ ကော်လံ ၅* ○



ဇွဲကပင်အကယ်ဒမီ (က)အသင်းနှင့် မန္တလေး အကယ်ဒမီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

မြန်မာ့အလင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ သောကြာနေ့

# ၂၀၁၆ နှစ်သစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်လွှာ



## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

၂၀၁၆ ခုနှစ်ဟာ နိုင်ငံရေးအရ၊ စီးပွားရေးအရရော အခွင့်အလမ်းကောင်းများကို ဖန်တီးပေးလျက်ရှိနေတယ်ဆိုတာ ယုံမှားသံသယရှိစရာ မလိုအပ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်၊ သို့သော်လည်း အခွင့်အလမ်းတွေကို အကောင်းဆုံး အသုံးချနိုင်ဖို့လည်း လိုအပ်ပါတယ်၊ ဒီအတွက် သာမန်ကြိုးစားမှုမျိုးနဲ့ မရနိုင်ဘူးဆိုတာကိုလည်း သတိချပ်စေလိုပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံသားတစ်ဦးချင်းစီတိုင်း လွတ်လပ်မှုအပြည့်အဝရရှိပြီး ဥပဒေရဲ့ အကာအကွယ်ကို တန်းတူညီမျှရရှိရေး၊ ပိုမိုကောင်းမွန်တဲ့ မိသားစုဘဝများကို တည်ဆောက်နိုင်ရေးဆိုတဲ့ ကိစ္စရပ်များမှာ သာမန်ပြည်သူတစ်ဦးထက်ပိုမိုပြီး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်ဖို့ လိုပါတယ်၊ မိမိတစ်ဦးချင်းအတွက်သာမက မိမိမျှော်မှန်းထားတဲ့ နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်ရေးဆိုတဲ့ အမြင်မျိုးနဲ့ ကျရာကဏ္ဍကနေ နိုင်ငံသားကောင်း စိတ်ဓာတ်နဲ့ ကြိုးပမ်းရုန်းကန်ကြဖို့ လိုအပ်ပါတယ်၊ ဒီလိုစိတ်ဓာတ်ခွန်အားများနဲ့ နိုင်ငံသားတစ်ဦးချင်းစီက ကြိုးပမ်းအားစိုက်ကြမယ်ဆိုရင် ၂၀၁၆ ခုနှစ် တစ်နှစ်တည်းနဲ့ ကျွန်တော်တို့ နိုင်ငံဟာ ဆယ်စုနှစ် တစ်စုစာ တိုးတက်မှုများကို ခုန်ကျော်ရရှိနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတစ်ဦးချင်းစီအနေနဲ့ လာမယ့် ၂၀၁၆ ခုနှစ်ကို အမှုမဲ့၊ အမှတ်မဲ့ ဖြတ်သန်းခြင်း မပြုဘဲ သာမန်ထက်ပိုတဲ့ စဉ်းစားတွေးခေါ်မှု၊ ကြိုးစားအားစိုက်မှုများနဲ့အတူ ဖြတ်သန်းကြဖို့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။

မိဘပြည်သူများအားလုံး နှစ်သစ်မှာ ကြီးမားသော အောင်မြင်မှုများ ရရှိပိုင်ဆိုင်နိုင်ကြပါစေ။



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ကုမာရာဘိဝံသ



၂၀၁၆ ခုနှစ် နှစ်ဆန်း နှစ်သစ်ကူးမင်္ဂလာအနေနဲ့ ကမ္ဘာသူ ကမ္ဘာသား တို့နှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားတို့အတွက် သံယုတ်ပါဠိတော်လာ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ အောင်ဂါထာရဲ့ အနက်အဓိပ္ပာယ် ဖြစ်တဲ့ “နေမင်းကြီးက အလွန်တရာထွန်းလင်းတောက်ပပေမယ့် နေ့အခါ သာထွန်းလင်းတောက်ပပြီး ညအခါ မထွန်းလင်းဘူး။ လမင်းကြီးသည်လည်း အလွန်တရာ သာယာတောက်ပပေမယ့် ညအချိန်မှာသာ တောက်ပပြီး နေ့အခါ မတောက်ပဘူး။ မင်းမြောက်တန်ဆာ ငါးပါးဆင်ယင်မှ ဘုရင်မင်းမြတ်တွေလည်း လှပတင့်တယ်တယ်၊ မင်းမြောက်တန်ဆာ မပါရင် သာမန် လူလိုပဲ။ ရဟန္တာပုဂ္ဂိုလ်များသည်လည်း ဈာန်ဝင်စားမှသာလျှင် ကြည်ညိုဖွယ်ကောင်းပြီး လောကဥ္စတင့်တယ်တယ်၊ ဈာန်မဝင်စားသည့် အချိန်တွင် မတင့်တယ်ဘူး။ မြတ်စွာဘုရားသည် နေ့အခါဖူးလည်း တင့်တယ် တယ်၊ ညအခါဖူးလည်း တင့်တယ်တယ်၊ ဈာန်မဝင်စားဘဲနေလည်း သပ္ပာယ်တင့်တယ်တယ်၊ ဘယ်အချိန်ကြည့်ကြည့် မြတ်စွာဘုရားက ကြည်ညိုဖွယ်ဆောင်တယ်။ ဒီလိုဂုဏ်ထူးဝိသေသတွေနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားကို ကမ္ဘာသူကမ္ဘာသား မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့က လက်စုံမိုး၍ ရှိခိုးကန်တော့ရသော ကုသိုလ်စေတနာကြောင့် အားလုံးသော ကမ္ဘာသူ ကမ္ဘာသား မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်း ကျန်းမာချမ်းသာ ကြပါစေ၊ ရောဂါအန္တရာယ်ကင်းပြီး စီးပွားဥစ္စာတိုးတက်ကြပါစေ။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ၂၉ရက်အထိ ဘုန်းဘုန်းတို့ တရုတ်ပြည်ကိုသွားရောက်ခဲ့တယ်။ အဲဒီမှာ ကြားလိုက်ရတဲ့ စကား တစ်ခွန်းက သူတို့ရဲ့ အယူအဆအရ တန်ခိုးရှင်က မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ချစ်ခင်တာကြောင့် အာရှတိုက်မှာ နောက်ဆုံး ဖန်ဆင်းခဲ့တယ်လို့ဆိုတယ်။ မြန်မာနိုင်ငံက ဆန်ရေစပါး၊ သစ်ပင်ပန်းမန်တွေ စိုက်ပျိုးလို့ရအောင် မိုးလေဝသ၊ လယ်ယာမြေ၊ စိုက်ပျိုးမြေတွေကို ဖန်ဆင်းပေးတယ်။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်မျက်ရတနာတွေ ထွက်တဲ့မြေတွေကိုလည်း ဖန်ဆင်း ပေးတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူတွေက အလွန်ပဲ ကံကောင်းတယ်၊ အဲဒီလို သူတို့ကယူဆကြပါတယ်။ မြန်မာနိုင်ငံသူ မြန်မာ နိုင်ငံသားဖြစ်ရတာ ကမ္ဘာပေါ်မှာ ကံကောင်းတယ်လို့ သူတို့က ယူဆတယ်။ မြန်မာနိုင်ငံလို သဘာဝရေမြေ သယံဇာတတွေ ကောင်းမွန်စွာထွက်တဲ့ နိုင်ငံမှာလူဖြစ်ကြပြီးတော့ ကမ္ဘာမှာ အချမ်းသာဆုံးဖြစ်အောင် မြန်မာနိုင်ငံသူနိုင်ငံသား အချင်းချင်း တိုင်းရင်းသားတွေအချင်းချင်း တစ်ယောက်နှင့် တစ်ယောက် ညီရင်းအစ်ကိုလို ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနဲ့ နေထိုင်ကြဖို့ ဘုန်းဘုန်းမေတ္တာရပ်ခံပါတယ်။ အားလုံးသော မြန်မာ နိုင်ငံသူ နိုင်ငံသားတွေ အဲဒီလိုချစ်ချစ်ခင်ခင် နေထိုင်ကြမယ်ဆိုရင် စားလို့မကုန်တဲ့ ဆန်ရေစပါး၊ သယံဇာတတွေ ပေါများပြီး အလွန် တရာကောင်းမွန်တဲ့ မြန်မာနိုင်ငံမှာ သာသနာရောင်ထွန်းပြောင်ပြီး အလွန်တရာပျော်မွေ့ဖွယ်ကောင်းမယ့် တိုင်းပြည်ဖြစ်မယ်လို့ ဘုန်းဘုန်း ယုံကြည်ပါတယ်။

မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ပေါင်းသင်းဆက်ဆံပြီး တိုင်းပြည်ကောင်းကြောင်း၊ ကမ္ဘာသူ ကမ္ဘာသားကောင်းကြောင်း အားလုံးဆောင်ရွက်ကြပါလို့ တိုက်တွန်း လိုပါတယ်။

# ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို

လေးစားရပါသော မြန်မာနိုင်ငံသူနိုင်ငံသား အပေါင်းတို့အတွက် မင်္ဂလာနှစ်သစ်မင်္ဂလာအချိန် အခါ ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။



ကျွန်ုပ်တို့အားလုံး ၂၀၁၆ ခုနှစ်သည် ကောင်းခြင်းများစွာနဲ့ ပြည့်ဝမယ့်နှစ် ဖြစ်ပါစေဆိုတဲ့ ဆန္ဒတွေပိုက်ပြီး ရင်ခုန်ခြင်း များစွာ၊ မျှော်လင့်ခြင်းကြီးစွာနဲ့ ကြိုဆိုနေကြပါတယ်။ မျှော်လင့် ခြင်းဆိုတာ ကျွန်ုပ်တို့ လူသားများ ပြည့်ဝစွာရှင်သန်ရေးအတွက် မရှိမဖြစ် လိုအပ်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လွန်ပြီး နှစ်သစ်ကိုကူးတဲ့ အချိန်မှာ မှေးမှိန်ချင်နေတဲ့ မျှော်လင့်ခြင်းကို ပြန်လည်အင် အားဖြည့်တင်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

၂၀၁၅ ခုနှစ်အတွင်းက ခက်ခဲကြမ်းတမ်းသော အချိန်များ အထူးသဖြင့် ရေဘေးဒုက္ခကြုံရချိန်များနဲ့ ဒုက္ခသည်အရေးများမှာ အချင်းချင်းရိုင်းပင်းကူညီခြင်း များစွာဖြင့် မြန်မာလူမျိုးတို့၏ စာနာထောက်ထား တတ်ခြင်းကို ကမ္ဘာကအံ့ဩရလောက်အောင်ပြသ နိုင်ခဲ့သည့်အတွက် အလွန်ဂုဏ်ယူမိပါတယ်။

ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲရလဒ်အားဖြင့် မြန်မာပြည်သူပြည်သားတွေဟာ ပါတီစွဲ၊ ဝါဒ စွဲကြောင့် မဟုတ်ဘဲ စည်းလုံးညီညွတ်ခြင်းကို မြင်ရတဲ့အတွက် ကျေနပ်အားရမိခြင်း ဖြစ်ပါတယ်။ ဒီလိုညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကို တည်ဆောက် ကြရင် အချိန်တိုအတွင်းမှာ တိုးတက်လာမှာ အမှန်ဖြစ်ပါတယ်။ မဲဆွယ်စည်းချိန်က ယှဉ်ပြိုင်မှု တွေ၊ မတူညီမှုတွေချန်ထားခဲ့ပြီး တိုင်းပြည်နဲ့ လူမျိုးကောင်းစားရေးအတွက် အတူလက်တွဲချိန် ရောက်ပါပြီ။

လူဆိုတာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း နေလို့မရဘဲ အဖွဲ့အစည်း အသိုင်းအဝိုင်းနဲ့ နေထိုင်ကြရတယ်။ တစ်ဦးချင်းစီရဲ့ ဂုဏ်သိက္ခာဟာ တန်ဖိုးရှိသလို လူသားတွေအချင်းချင်း ပြန်လှန်ဆက်နွှယ်နေခြင်းဟာလည်း မရှိမဖြစ် တဲ့ လိုအပ်ချက်တစ်ခုပါ။ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်မှာ မည်သူတစ်ဦး တစ် ယောက်ကိုမျှ ချန်ထားရစ်လို့မရပါဘူး။ တစ်ဦးစီ တိုင်းဟာ တန်ဖိုးရှိတဲ့သူတွေဖြစ်ပါတယ်။ အကောင် အထည်ဖော်ရာမှာတော့ တစ်ဦးတစ်ယောက်တည်း လုပ်လို့မဖြစ်နိုင်ပါဘူး။ တစ်ယောက်စီတိုင်းဟာ ကျရာ တာဝန်ကို ကျေပွန်ခြင်းဖြင့် ပါဝင်ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းမှာ အဖြေရှာတတ်ခြင်းစတဲ့ အကျင့်စရိုက်များကို ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်သည် အမိမြန်မာနိုင်ငံအပေါ် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသောနှစ်၊ မေတ္တာတရားနဲ့ ငြိမ်းချမ်းဖွံ့ဖြိုးခြင်းများ ဖုံးလွှမ်း သောနှစ်၊ သာယာဝပြောသောနှစ် ဖြစ်ပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါတယ်။

ပြည်သူပြည်သား အယောက်တိုင်းသည်လည်း မေတ္တာပြည့်ဝကိုယ်စိတ်လှပစွာဖြင့် လိုအပ်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေ။

## ဒေါ်တင်တင်မြ

## (ဂီတပညာရှင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနာယက)



“တစ်နှစ်ကုန်လို့ တစ်နှစ်သစ်ပြန်ပြီ၊ နှစ်သစ်မှာမြန်မာပြည်သူတွေ စိတ်သစ်ကိုယ်စီနဲ့ ဖြတ်သန်းကြစေလိုပါတယ်။ စိတ်စေတနာသန့်ရှင်း ကောင်းမွန်ပြီး ကိုယ်စီတာဝန်ကျေပွန်စွာနဲ့ ကြိုးစားလုပ်ကိုင်ကြမယ် ဆိုရင် တိုင်းပြည်လည်းတိုးတက်ဖွံ့ဖြိုးလာမှုတွေ မြင်တွေ့ရမှာပါ။ နှစ်သစ်မှာ စိတ်ချမ်းသာကိုယ်ကျန်းမာကြပြီး အလုပ်အကိုင်အခွင့် အလမ်းတွေ တိုးပွားမြင့်မားကာရွှင်လန်းချမ်းမြေ့နိုင်ကြပါစေ။ ကိုယ်စီ ဘဝတွေ တည်ငြိမ်အေးချမ်းပြီးတိုးတက်နိုင်ကြပါစေ။ “မြန်မာ့ဂီတ၊ မြန်မာ့ ယဉ်ကျေးမှုအနုပညာတွေလည်း ပိုမိုဖူးပွင့်ဝေဆာနိုင်ကြပါစေ”။

# မြန်မာမွတ်ဆလင် အမျိုးသားရေးရာ အဖွဲ့ချုပ် ဦးသျှောင်နာယက ဦးလှမောင်



မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး နှစ်သစ်အချိန်အခါသမယမှာ အန္တရာယ်ကင်းဘေးရှင်းပြီး ငြိမ်းချမ်းသာယာမှုအပေါင်းနဲ့ ပြည့်စုံ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့လည်း နှစ်သစ်မှာ နိုင်ငံသူနိုင်ငံသားအားလုံးအတွက် မေတ္တာပို့ ဆုတောင်း ကြပါတယ်။ ၂၀၁၆ နှစ်သစ်ကူးတဲ့အခါ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဆောင်ပုဒ်ဖြစ်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးမှတစ်ဆင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## ဦးအောင်နိုင်

## (ဟိန္ဒူကာလီမယ်တော်ဘုရားကျောင်း ဂေါပကခန့်ထားရေးအဖွဲ့ဝင်)



ဘာသာအားလုံးကို အမှီသဟဲပြုနေတဲ့ လူတိုင်းဟာ အကောင်းဘက်အမြင်ကိုယူပြီး ဟိန္ဒူဘာသာမှာ ဆိုထားတဲ့ သဘောအရ ကိုယ်ကနေတွေးခေါ်ယူဆ စဉ်းစားပြီး ဘေး ပတ်ဝန်းကျင်ကိုလွတ်နေတဲ့မေတ္တာလှိုင်းတွေ များများလွှတ်နိုင် ပါစေ၊ မိမိဘာသာ မိမိအယူနှင့်အညီ ကောင်းသောအကျိုးပြုဖို့ ဘာသာတရားတိုင်းက ဆုံးမထားတဲ့ အဆုံးအမတရားကိုနာခံပြီး မြတ်သော သီလကိုစောင့်ပြီး ကောင်းသောစိတ်မွေးပြီး မေတ္တာ ထားပြီး တစ်နိုင်ငံလုံး အေးချမ်းပါစေလို့ ဆုတောင်းမေတ္တာပို့သ လိုက်ပါတယ်။

## မောင်ခင်မင် (ဓနုဖြူ) (အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)



နှစ်သစ်မှာအတိတ်ကာလကထက်ပိုပြီး ကောင်းမွန်သစ်လွင် တဲ့ အနာဂတ်တွေ ပိုင်ဆိုင်နိုင်ကြပါစေ။ နှစ်သစ်ဆိုတာ နှစ်တစ်နှစ်ရဲ့ အဦးအစဖြစ်တဲ့အစစအရာရာသစ်လွင် ဆန်းသစ်တဲ့ စိတ်ကူး၊ အတွေး၊ အလုပ်အကိုင်တွေကို လက်တွေ့ အကောင်အထည်ဖော်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေ။ စိတ်ကောင်း စေတနာကောင်း နဲ့အလုပ်ကို ကြိုးကြိုးစားစားလုပ်ကိုင်တဲ့စိတ်ဓာတ်တွေ မွေးမြူပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ နှစ်အဖြစ် နှစ်အစ ကတည်းက ပိုင်ဆိုင်နိုင်ဖို့အခွင့်အလမ်းတွေရရှိနိုင်ကြပါ စေ။ နှစ်သစ်မှာပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်း၊ ကျန်းမာခြင်းနဲ့ စိတ်ချမ်းသာခြင်းတွေနဲ့အစပြုပြီး တိုးတက်မှုတွေနဲ့အတူ တစ်နှစ်တာ ရရှိခံစားနိုင်ကြပါစေ။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်



နှစ်သစ်ကူးအချိန်မှာဆိုရင် အသိမိတ်ဆွေတွေကြားမှာ လက်ဆောင်ပဏ္ဏာတွေပေးတဲ့ လူတွေရှိကြပါတယ်၊ ၂၀၁၆ ခုနှစ် နှစ်သစ်ကူးကာလမှာ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေဟာ ပြည်ထောင်စုအတွက် ဘာများမင်္ဂလာနှစ်သစ်ကူးလက်ဆောင်တွေ ယူလာခဲ့ကြမလဲဆိုတာ တစ်ယောက်ချင်းစဉ်းစားစေချင်ပါတယ်။ နိုင်ငံမှာဘာလိုအပ်သလဲ၊ ငြိမ်းချမ်းရေးလိုအပ်တယ်၊ ညီညွတ်ရေးလိုအပ်တယ်၊ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်တယ်။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် ပြည်သူပြည်သား၊ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်းတစ်ဦးချင်းမှာ လုပ်ပိုင်ခွင့်ရှိသလို လုပ်နိုင်တဲ့စွမ်းရည်တွေလည်း ရှိတယ်လို့မြင်ပါတယ်၊ ဒါကြောင့် အခုနှစ်သစ်အတွက် စကားတစ်ခုပါးရမယ်ဆိုရင် ဒီနှစ်သစ်မှာ ဘာမင်္ဂလာလက်ဆောင်တွေများ နိုင်ငံနှင့်ပြည်ထောင်စုအတွက် ယူခဲ့ကြမလဲဆိုတာကို နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်းစီ စဉ်းစားကြပါ၊ အခုဒီနှစ်ကုန်ဖို့အတွက် ရက်ပိုင်းပဲ ကျန်ပါတော့တယ်၊ ဒီရက်ပိုင်းအတွင်းမှာ အရင်နှစ်က လုပ်ဆောင်ချက်တွေကို သုံးသပ်ပြီး အဲဒီသုံးသပ်ချက်အပေါ်မှာ အခြေခံပြီး ဘာတွေ ဆက်ပြီးလုပ်ဖို့လိုအပ်သလဲဆိုတာ စဉ်းစားကြပါ၊ နိုင်ငံအတွက် အလုပ်လုပ်တယ်ဆိုတာ ဘယ်တော့မှ ဆုံးခန်းတိုင်တယ်လို့ မရှိပါဘူး။ အားလုံးက ဆက်ပြီးတော့ တစ်နှစ်နှင့်တစ်နှစ်တောင်မဟုတ်ဘူး၊ တစ်ရက်နှင့်တစ်ရက် လုပ်နေရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ ပြည်သူ၊ ပြည်သားများ၊ ကိုယ့်နိုင်ငံကိုယ့်ရဲ့ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ သာယာငြိမ်းချမ်းရေးအတွက် မှန်ကန်တဲ့လက်ဆောင်ပဏ္ဏာများ ယူခဲ့နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ၊ ဘေးဘယာ ဝေးကွာကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေ။

## ဦးသန်းတင်
### (ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)



၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ထဲက စစ်တပ်ထဲဝင်တယ်။ ကျွန်တော် ၁၆ နှစ်သားကထဲက တိုင်းပြည်အေးချမ်းဖို့လုပ်ခဲ့တယ်။ အားလုံးတိုင်တိုင်ပင်ပင်ညီညီနွှိုင်းနွှိုင်းရှိမှ ဘာလုပ်ချင်တယ်ဆိုတာကို ညှိနှိုင်းလို့ရမယ်။ စည်းစည်းလုံးလုံး မရှိမှာတော့စိုးရိမ်တယ်။ နှစ်သစ်ကူးမှာ ပြောချင်တာကတော့ စစ်သားဟောင်းကြီး တစ်ယောက်အနေနဲ့ အသက် ၉၂ နှစ်ရှိပြီ။ မသေလို့ကျန်တာပါ။ ပြဿနာတွေအားလုံးကို ကျော်လွှားချင်တယ်ဆိုရင် အသင်းအဖွဲ့အားလုံး တိုင်တိုင်ပင်ပင်ညီညီနှိုင်းနှိုင်း ရှိမှသာလျှင် တိုင်းပြည်က သာယာမှာပါ။ တိုင်းပြည်က ဖတ်ဖတ်မောနေပါပြီ။ တိုင်တိုင်ပင်ပင်ညီညီနှိုင်းနှိုင်းမရှိသရွေ့ ဘာတိုင်းပြည်ဖြစ်ချင်တယ်။ ညာတိုင်းပြည်ဖြစ်ချင်တယ်ဆိုတာတွေ ဖြစ်လာမှာ မဟုတ်ပါဘူး။ စစ်သားဟောင်းကြီး တစ်ယောက်အနေနဲ့ ပြောရရင် တိုင်းပြည်အတွက် အားလုံးစည်းစည်းလုံးလုံးတိုင်တိုင်ပင်ပင် ညီညီနှိုင်းနှိုင်းလုပ်ကြမှသာလျှင် ပြည်သူတွေလိုလားတောင့်တနေတဲ့ အရာတွေရမှာပါ။ ပြည်သူလိုချင်တဲ့ ငြိမ်းချမ်းမှုကို ရနိုင်မှာပါ။ တိုင်ပင်ညှိနှိုင်းမှုနဲ့ လုပ်နိုင်ကြပါစေလို့ ရဲဘော်ဟောင်းကြီး တစ်ယောက်အနေနဲ့ ပြောကြားချင်ပါတယ်။

## ဦးခင်မောင်ဆွေ
### (ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ)



၂၀၁၆ နှစ်ဦးဟာ ဒီမိုကရေစီခေတ်ဦးကိုရောက်ရှိတဲ့ ကာလဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လိုလားတဲ့ အပြောင်းအလဲကို အဖွဲ့အစည်း အသီးသီးက ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း ဆုတောင်းပေးပါတယ်။ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်ဖို့နဲ့ တိုင်းပြည်ရဲ့အမျိုးသား ရင်ကြားစေ့ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးရပြီးတော့ ဒီမိုကရေစီ လူ့ဘောင်နဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသစ်ကြီးဖြစ်အောင် ဖော်ဆောင်သွားနိုင်ပါစေကြောင်း ဆုတောင်းပါတယ်။

## ဦးရဲထွန်း
### (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)



၂၀၁၆ ခုနှစ် နှစ်သစ်အခါသမယမှာ ပြည်သူလူထုအတွက် ဆုတောင်းစကား ပြောခွင့်ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒီ ၂၀၁၆ မှာ ထူးထူးခြားခြားကတော့ အစိုးရကလည်းအသစ်ဖြစ်မယ်၊ ဥပဒေပြုမယ့်မဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်မှာလည်း လွှတ်တော်ကိုယ်စားလှယ်အသစ်တွေ အများကြီးပါလာမယ်။ လွှတ်တော်အသစ်နဲ့ အစိုးရသစ် ဦးဆောင်မယ့် ၂၀၁၆ မှာ ကျွန်တော်တို့ တိုင်းပြည်ဟာ ပိုပြီးတော့ စည်ပင်သာယာဝပြောတဲ့၊ ပိုပြီးတော့ ငြိမ်းချမ်းတဲ့ တိုင်းပြည်ဖြစ်ဖို့အတွက် ကျွန်တော့်အနေနဲ့ဆန္ဒပြုပါတယ်။ အဲဒီလိုဖြစ်ဖို့အတွက်လည်း ဆုတောင်းပါတယ်။ အထူးသဖြင့်တော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တပ်မတော်အကြား ပဋိပက္ခတွေချုပ်ငြိမ်းပြီးတော့ ငြိမ်းချမ်းရေး အမြန်ရဖို့အတွက် ကျွန်တော်ဆုတောင်းပါတယ်။

ကျွန်တော်တို့ တိုင်းပြည်တစ်ခု အပြောင်းအလဲဟာ နတ်ရေကန်ထဲချလိုက်သလို ချက်ချင်းကြီး မြန်မြန်ဆန်ဆန်ဖြစ်လာဖို့တော့ မလွယ်လှပါဘူး။ အဲဒီအပေါ်မှာ နည်းနည်းတော့ စိတ်ရှည်ပေးဖို့နဲ့ တချို့အပြောင်းအလဲတွေမှာ စိတ်ရှည်ခွင့်လွှတ်ကြဖို့ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို ပန်ကြားလိုပါတယ်။

## ဒေါ်ဒွဲဘူ
### (စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ်)



၂၀၁၅ ခုနှစ်ကို ကုန်လွန်ပြီးတော့ ၂၀၁၆ ခုနှစ် နှစ်သစ်ကို မကြာမီရောက်တော့မှာ ဖြစ်ပါတယ်။ နှစ်သစ်မှာ စိတ်နှလုံးသားအသစ်၊ ချစ်ခြင်း မေတ္တာအသစ်တွေနဲ့ ရှင်သန်သွားဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲကို ဆောင်ကြဉ်းပေးတဲ့ နေရာမှာ အစိုးရတစ်ခုတည်းရဲ့ ပြောင်းလဲခြင်းနဲ့ မဆောင်ရွက်နိုင်ပါဘူး။ ပြည်သူတွေကလည်း အားလုံးတက်ညီလက်ညီ၊ တက်တက်ကြွကြွနဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဒီနှစ်သစ်မှာပဲ စိတ်ထား၊ နှလုံးသားအသစ်နဲ့ နှစ်လယ်၊ နှစ်ဆုံးအထိ တစ်ဦးနဲ့တစ်ဦး အမုန်းတရားမရှိဘဲနဲ့ ချစ်ခြင်းမေတ္တာထားပြီးတော့ နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ ငြိမ်းချမ်းရေးအသစ်နဲ့ အားလုံးနဲ့အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားနိုင်ပါစေလို့ ဆုတောင်းပါတယ်။

## စည်သူဒေါက်တာဦးသော်ကောင်း
### (မြန်မာ့သမိုင်းအဖွဲ့ဝင်၊အမျိုးသားစာပေဆု စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ)



၂၀၁၆နှစ်သစ်ကစပြီး မြန်မာပြည်သူ ပြည်သားတွေအားလုံး ငြိမ်းချမ်းစွာနဲ့ တိုးတက်ဖွံ့ဖြိုးလာစေဖို့ ဆုတောင်းပါတယ်။ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးမှာ တိုးတက်ဖြစ်ထွန်းမှုတွေကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြရင်း အောင်မြင်မှု အသီးအပွင့်တွေကို တစ်နိုင်ငံလုံး ရရှိကြပါစေ။ မြန်မာနိုင်ငံတစ်ဝန်း လူငယ်၊ လူရွယ်တွေသာမက အားလုံးအတွက် အသိပညာပွင့်လင်းစေဖို့ စာကြည့်တိုက်ကောင်းတွေလည်း တိုးတက်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းအားထုတ်ကြစေလိုပါတယ်။ တက္ကသိုလ်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်တွေ ခေတ်မီတိုးတက်ဖို့၊ ကျောင်းသား လူငယ်တွေကတည်းက စာများများဖတ်နိုင်ရေးလည်း အားလုံးဝိုင်းဝန်းတွန်းအားပေးကြစေလိုပါတယ်။ စာပေမှရရှိတဲ့ အသိပညာ ဗဟုသုတတွေနဲ့တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးမှာ အဖိုးတန် လူငယ်တွေအဖြစ် ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။

## ပါမောက္ခ ခင်မောင်ဝင်း(အသည်း)




၂၀၁၅ ကုန်ပြီး ၂၀၁၆ ရောက်ခါနီးပါပြီ။ ဒီတစ်ခါနှစ်ကူးတာကတော့ ထူးတဲ့နှစ်ကူးဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းမှာ ထူးခြားတဲ့ ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်ခဲ့လို့ပါပဲ။ အဲဒါကတော့ ဒီနှစ်ကူးမှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် အကူးအပြောင်းကာလအတွက် အရေးကြီးဖြစ်ပေါ်မှုကြီး ဖြစ်လာခဲ့ပြီး ပြည်သူတွေအလွန်တောင့်တမျှော်လင့်ခဲ့တဲ့ ဒီမိုကရေစီပန်းတိုင်ကို ရောက်ရှိတော့မယ့် နှစ်သစ်ဖြစ်နေလို့ပါ။ နှစ်သစ်မှာ နိုင်ငံရေးပါတီတွေနဲ့ တပ်မတော်နဲ့ ပြည်သူတွေအားလုံး စည်းစည်းလုံးလုံးနဲ့ အမိမြန်မာ နိုင်ငံတော်ကြီးအတွက် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာ့အလယ်မှာ မြန်မာဟေ့ဆိုပြီး ဟစ်ကြွေးနိုင်အောင်ချီတက်နိုင်ပါစေလို့ဆု တောင်းလိုက်ပါတယ်။

## ဆရာ ခင်မောင်ညို
### (ဘောဂဗေဒ)



၂၀၁၆နှစ်သစ်ဟာ အပြောင်းအလဲတွေနဲ့အတူ စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းတွေလည်း များပြားမယ့် နှစ်ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားပြီး အခွင့်အလမ်းတွေကို ရယူပိုင်ဆိုင်နိုင်ကြဖို့အတွက် မိမိတို့ရဲ့ စွမ်းရည်များကို အဆင့်မြှင့်တင်ထားနိုင်ကြစေဖို့ ဆုတောင်းပါတယ်။

## ဟံသာဝတီဦးအုန်းကြိုင်
### အဖွဲ့ဝင်
### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
### ဝါရင့်သတင်းစာဆရာကြီး



၂၀၁၅ခုနှစ် နှစ်ဟောင်းကုန်လို့ ၂၀၁၆ နှစ်သစ်ကို ကူးပြောင်းရောက်ရှိတော့မယ့် နှစ်သစ်ကူးနေ့ထူးနေ့မြတ်အခါသမယမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တစ်ဝန်းလုံး “ပရိပုဏ္ဏ သန္တိသုခ”လို့ဆိုတဲ့ အလုံးစုံပြီးပြည့်စုံစွာ အေးငြိမ်းသာယာမှုအပေါင်း ခညောင်းတဲ့ မင်္ဂလာနဝင်းခါတ် လွှမ်းခြုံပြီးဖွံ့ဖြိုးတိုးတက်သည်ထက်ပို၍ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။

အခုလို ဇမ္ဗူလက်ျာတောင်ကျွန်း နိမိတ်ထွန်းတဲ့ ပြဟ္မာဘုမိလို့ခေါ်တဲ့ မြန်မာပြည်သားတစ်ယောက်အနေနဲ့ နှစ်သစ်ကူးအချိန်ကာလမှာ မင်္ဂလာစကားပြောခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မြန်မာပြည်သူ၊ ပြည်သားအပေါင်း နှစ်သစ်မှာ ကျန်းမာ၊ ချမ်းသာကြပါစေ။



## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

နှစ်သစ်နှုတ်ခွန်းဆက်အနေနဲ့ ၂၀၁၆ ခုနှစ်မှာ မြန်မာပြည်သူ ပြည်သားအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ၊ ငြိမ်းချမ်းနိုင်ကြပါစေ။

ပြည်နယ်အချို့မှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်တိုက်ပွဲတွေရပ်စဲပြီး ဒေသခံပြည်သူပြည်သားတွေ အားလုံးလည်းပဲ ငြိမ်းချမ်းနိုင်ကြပါစေ၊ အေးချမ်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနေတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်လည်း အောင်မြင်စေလိုပါတယ်၊ အောင်မြင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်၊ နောက်ဆုံးအနေနဲ့က မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတွေ ဒီထက်မက နှစ်သစ်မှာ အောင်မြင်နိုင်ပါစေလို့ ဆန္ဒပြုရင်းနှုတ်ခွန်းဆက်လိုပါတယ်။



## ဒုတိယသမ္မတ ဦးညွန့်ထွန်း

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထုကြီး ခင်ဗျား၊ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်တာတွေ မှန်းသလောက်ခရီးပေါက်နိုင်မှာဖြစ်သလို၊ အခွင့်အရေးတန်းတူနဲ့ ကြိုးစားရင်ကြိုးစားသလောက် ညီညွတ်မျှတစွာ အားလုံးပါဝင်ခံစားခွင့်ရရှိမယ့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ တည်ငြိမ်အေးချမ်းခြင်းကိုရရှိနိုင်မှာ ဖြစ်ပါတယ်။

ရေရှည်တည်တံ့တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကသာ စစ်မှန်တဲ့ ဒီမိုကရေစီရှင်သန်ခိုင်မာမှုကို အာမခံချက်ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာ တည်ငြိမ်အေးချမ်းခြင်း မင်္ဂလာ၊ ဖွံ့ဖြိုးစည်ပင်ဝပြောခြင်း မင်္ဂလာ၊ "မရှိတောင့်တရှိကြောင့်ကြ"ရတဲ့ ပူပန်သောကများ ကင်းဝေးခြင်းမင်္ဂလာ၊ "တစ်ယောက်အတွက်အများ၊ အများအတွက်တစ်ယောက်" စိတ်ဓာတ်နဲ့ တိုင်းရင်းသား ညီနောင်တွေအကြား ရေကိုသားလို့ အကြားမထင်တဲ့ သွေးစည်းညီညွတ်ခြင်း မင်္ဂလာစတဲ့ မင်္ဂလာအပေါင်းနဲ့ လာခြင်းကောင်းတဲ့ နှစ်သစ်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျာ။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



ချစ်ခင်လေးစားရပါသော တိုင်းရင်းသားပြည်သူလူထုအပေါင်းကို ၂၀၁၆ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ "ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ" လို့ တပ်မတော်တစ်ရပ်လုံးကိုယ်စား ဆုမွန်ကောင်း တောင်းနှုတ်ခွန်းဆက်သပါတယ်။

တပ်မတော်အနေနဲ့ တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထားပြီး နိုင်ငံတော်အစိုးရနဲ့ လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၁၆ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမယ့် ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ တိုင်းပြည်အကျိုးကို ရှေးရှုပြီး ဖြစ်ပေါ်လာမယ့် အစိုးရ၊ ပြည်သူလူထုတို့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး အမျိုးသားရေးတာဝန်တွေကို အစဉ်အလာနဲ့အညီ ကျေပွန်စွာ ထမ်းဆောင်သွားမှာပါ။

၂၀၁၆ ခုနှစ်မှာ နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့အတွက် တပ်မတော်အနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့ တစ်စိတ်တည်းတစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမယ်ဆိုတာ အလေးအနက်ထား ပြောကြားလိုပါတယ်။

နိုင်ငံသူ၊ နိုင်ငံသားအားလုံး နှစ်သစ်မှာ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ထပ်မံဆုမွန်ကောင်း တောင်းပါတယ်ခင်ဗျား။

## ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း

ပြည်သူလူထုတစ်ရပ်လုံး ယနေ့မှစ၍ နှစ်ကုန်အထိ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ ဘေးဘယာ အပေါင်းနှင့် ကင်းဝေးကြပါစေ၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ မေတ္တာ စေတနာ၊ သံယောဇဉ်တရားများကို မှန်ကန်စွာ ထိန်းသိမ်းထားရှိ နိုင်ကြပါစေ၊ ယနေ့ကာလသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ အပြောင်းအလဲပြုလုပ်၍ အကောင်းများဖြစ်ပေါ်ရရှိရေးကို ပိုမိုမျှော်လင့်နိုင်ကြပြီ ဖြစ်သည်။ ယနေ့ကာလသည် ပြည်သူလူထု၏ ကိုယ်စိတ်နှစ်ပါးလုံးကို လုံခြုံမှုပေးနိုင်ပြီး ငြိမ်းချမ်းသော၊ ခေတ်မီတိုးတက်သော ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက်အခွင့်အလမ်းများကို ပိုမိုရရှိလာပြီဖြစ်သည်။



ယနေ့ကာလသည် ရရှိလာသောအခွင့်အလမ်းကောင်းများကို အမိအရအသုံးပြုရမည့် အချိန်လည်းဖြစ်သည်။ ဤသို့ဖြင့် အမျိုးသားအချင်းချင်း ပိုမိုပြန်လည် သင့်မြတ်ကြပြီး ထားရှိထိန်းသိမ်းသင့်သော မျိုးချစ်စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ပါသည်။ ဆက်လက်ပြီး စေတနာမှန်၊ လုပ်နည်းမှန်များဖြင့် အစဉ်အမြဲ တိုင်ပင်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ကြပါလျှင် မြန်မာတို့၏ ဂုဏ်သိက္ခာကို တစ်နေ့ တခြား မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ပြည်သူတစ်ဦးချင်းစီကလည်း ရောက်ရာအရပ်မှ ကျရာတာဝန်ကို ကိုယ်စီကိုယ်င တာဝန်ကျေစွာ ပါဝင်ထမ်းရွက်ပြီး နိုင်ငံ့အတွက်၊ ပြည်သူ့အတွက် နိုင်ငံ့ဂုဏ်သိက္ခာအတွက် မြှင့်တင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါတယ်။ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒများ ဖြည့်ဆည်းပေးနိုင်သည့် နိုင်ငံသားကောင်း နိုင်ငံသမီးမွန်များ ဖြစ်ကြပါစေ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

နှစ်သစ်မှာ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ချမ်းသာ ကိုယ်စိတ်မြဲကြပါစေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများလည်း တရားဥပဒေရဲ့ အကာအကွယ်ကို ရရှိကြပါစေလို့ ဆုမွန်ခြွေ နှုတ်ခွန်းဆက်ပါတယ်၊ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့ အခါသမယတိုင်းမှာ အတိတ်ကို ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ်အတွက် မျှော်မှန်းချက်များ ချမှတ်ခြင်း၊ ပစ္စုပ္ပန်မှာ ပြုပြင်ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ခြင်းတို့ကို ထုံးစံအတိုင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်၊ မိမိတို့ရဲ့အနာဂတ်အတွက် ငြိမ်းချမ်း၊ သာယာ၊ ဖွံ့ဖြိုးဝေစည်တဲ့ နိုင်ငံတော်သစ်ကို ချမှတ်ရမှာ ဖြစ်ပါတယ်၊ အတိတ်အကြောင်းအရာတွေကို အခြေခံပြီးတော့ ဒီလိုပြုပြင်ပြောင်းလဲတဲ့အခါမှာ အပိုင်းအားဖြင့် နှစ်ပိုင်းရှိပါတယ်၊ တစ်ပိုင်းကနိုင်ငံသားတွေရဲ့အပိုင်းဖြစ်ပြီးတော့ တစ်ပိုင်းကတော့ ခေါင်းဆောင်ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်၊ နိုင်ငံသားတွေရဲ့အပိုင်းမှာ နိုင်ငံသားတွေဟာ အဘက်ဘက်က ဘက်စုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆန္ဒပြင်းပြကြဖို့လိုအပ်ပါတယ်၊ မဖြစ်မနေ ဆောင်ရွက်မယ်ဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့လည်း ကြိုးမားကြရမှာ ဖြစ်ပါတယ်။



ခေါင်းဆောင်ရဲ့ အခန်းကဏ္ဍမှာ နှစ်မျိုးနှစ်စား ပြောနိုင်ပါတယ်၊ ဒါကတော့ ပထမတစ်မျိုးကတော့ Spiritual Leadership ခေါ်တဲ့ စိတ်ဓာတ်ရေးရာ၊ သဘောတရားရေးရာ ခေါင်းဆောင်မှုဖြစ်ပါတယ်၊ Administrative Leadership ခေါ်တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ခေါင်းဆောင်ကတော့ ရွေးကောက်ပွဲရလဒ်အရ သူတက်ငါဆင်း အပြောင်းအလဲတွေရှိတတ်ပါတယ်၊ အဲဒီလို နိုင်ငံတော်အတွက် လိုအပ်တဲ့ ခေါင်းဆောင်နဲ့ နိုင်ငံသားတို့ရဲ့ ဆန္ဒ၊ ဝီရိယ၊ ဝီမံသ၊ စိတ်ဓာတ်ဆိုတဲ့ အဓိပတိ(၄)မျိုး တပ်ပြီးကြိုးပမ်းခြင်းအားဖြင့် နိုင်ငံတော်ကြီး အတွင်းမှာ ငြိမ်းချမ်းမယ်၊ သာယာမယ်၊ ဖွံ့ဖြိုးမယ်၊ ဝေစည်မယ်၊ အဘက်ဘက်က တိုးတက်မယ်၊ ဒါကြောင့် အဲဒီလို နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိပါစေလို့ ဆန္ဒခြွေ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မြန်မာ့အလင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

လူ့အခွင့်အရေးဆိုသည်မှာ

စာ - ၃

လူမှုစီးပွား

GAP စနစ်ဖြင့် စိုက်ပျိုးသော မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်ရှိ

စာ - ၄



လူမှုစီးပွား

မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

စာ - ၆






စာ - ၂



ဒီနှစ် ပရီမီယာလိဂ်ရာသီဝက်ကို ကြည့်မယ်ဆိုရင် အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးကို စိုးမိုးထားနိုင်တဲ့အသင်းကတော့ အာဆင်နယ်အသင်းပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လက်စတာအသင်းနဲ့ ရမှတ်တူနေပေမယ့် ဂိုးကွာခြားမှုနဲ့ထိပ်ဆုံးကိုရောက်ရှိ နေတာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာတော့ အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ချန်ပီယံပြေးလမ်းပေါ်မှာတော့ ကောင်းကောင်းလျှောက်လှမ်းနေတဲ့အသင်းလို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျန်ရှိနေတဲ့ ရာသီဝက်အတွင်း အာဆင်နယ်အသင်းအနေနဲ့ အခုလို ခြေစွမ်းမျိုးတွေနဲ့ ဆက်လက်ရပ်တည်နိုင်ဖို့ကတော့ မရေရာမသေချာသေးတဲ့ အခြေအနေတွေနဲ့အတူ လိုအပ်မှုတွေလည်း ရှိနေပါသေးတယ်။ ဒါကြောင့် အာဆင်နယ်အသင်းအတွက်တော့ ဇန်နဝါရီဈေးကွက် ချန်ပီယံဖြစ်နိုင်ခွင့်အတွက် အရေးပါတဲ့ခရီးလမ်းအတွက် အထောက်အပံ့ဖြစ်စေမှာ အမှန်ပါပဲ။ ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ ဇန်နဝါရီဈေးကွက်မှာ လုပ်ဆောင်သင့်တယ် လို့ယူဆရတဲ့အချက်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

# ချန်ပီယံပြေးလမ်းပေါ်က အာဆင်နယ်အသင်းအတွက် ဖြည့်တင်းရမယ့် လိုအပ်ချက်များ

အောင်က




## ရှေ့တန်းလိုအပ်မှု

အာဆင်နယ်အသင်းရဲ့လက်ရှိ တိုက်စစ်ပိုင်းကို ကြည့်မယ်ဆိုရင်တော့ တိုက်စစ်မှူး ဂျီရောဒ်ဟာ လတ်တလောအခြေအနေမှာတော့ အသင်းအတွက် ၁၀ ဂိုးအထိ သွင်းယူပေးပြီး အသင်းရဲ့ ဂိုးသွင်းအများဆုံး တိုက်စစ်မှူးအဖြစ်တော့ ရှိနေပါတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ရာသီက အသင်းအတွက် အားကိုးခဲ့ရတဲ့ တိုက်စစ်မှူး ဝဲလ်ဘတ်အသင်းမှာ မပါဝင်နိုင်သေးတဲ့ အတွက်ကြောင့် တိုက်စစ်ပိုင်းကတော့ တချို့ပွဲတွေမှာ အားပျော့မှုတွေ ရှိနေသေးတာကို တွေ့မြင်နိုင်ပါတယ်။ ဒါပေမယ့် ဝဲလ်ဘတ်သာ ပြန်ကောင်းလာမယ့်ဆိုရင်တော့ အသင်းအတွက် စံချိန်တင်ဂိုးတွေ သွင်းယူပေးနိုင်ဖို့ကိုတော့ မျှော်လင့်နိုင်ပါတယ်။

ပြီးခဲ့တဲ့ မန်စီးတီးအသင်းနဲ့ပွဲကို ကြည့်မယ်ဆိုရင် ဝဲလ်ကော့ဟာ အသင်းအတွက် အကောင်းဆုံးဂိုးကိုသွင်းယူပေးပြီး အာဆင်နယ်အသင်းအတွက် အနိုင်ရစေခဲ့ပါတယ်။ ဒါပေမယ့် ဝဲလ်ကော့ရဲ့ ခြေစွမ်းပိုင်းဟာ တည်ငြိမ်မှုမရှိတာကြောင့် အာဆင်နယ်အသင်းအတွက်တော့ တကယ့်ကို ဂိုးလိုအပ်တဲ့ပွဲတွေမှာ အားကိုးအားထားပြုနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးလို့တော့ သတ်မှတ်လို့မရနိုင်ပါဘူး။ ဒါကြောင့်လည်း အာဆင်နယ်အသင်းအနေနဲ့ ကျန်ရှိနေတဲ့ ရာသီဝက်အတွင်း တိုက်စစ်မှူး ဂျီရောဒ်အနေနဲ့ ဂိုးတွေ ပုံမှန်သွင်းယူနေမယ်ဆိုရင်တော့ တိုက်စစ်မှူး ကောင်းကောင်းတစ်ဦးကတော့ လိုအပ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

## ဗဟိုကွင်းလယ်လိုအပ်မှု

အာဆင်နယ်အသင်းရဲ့ ဗဟိုကွင်းလယ်ဟာဒီနှစ်ရာသီမှာ အတန်အသင့်ကောင်းမွန်မှုတွေရှိနေခဲ့ပေမယ့် နွေရာသီကတော့ ကွင်းလယ်ခံစစ်မှူးသစ် မဝယ်ယူခဲ့တာကြောင့် ပရိသတ်တွေရဲ့ ဒေါသထွက်မှုကိုတော့ ခံခဲ့ရတဲ့အသင်း ဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာ ကွင်းလယ်ကစားသမားကောင်းတွေရှိနေပေမယ့် ဒဏ်ရာပြဿနာနဲ့အမြဲတမ်း ရုန်းကန်နေရတယ်လို့ ပြောရမှာပါ။

ဒီနှစ်ရာသီကို ကြည့်မယ်ဆိုရင်တော့ ရိုဆစ်စကီးနဲ့ဝီရှီးယားတို့ဟာ ဒဏ်ရာပြဿနာကြောင့် လက်ရှိအချိန်အထိ အသင်းအနေနဲ့ အားကိုးအားထားပြုလို့ မရသေးပါဘူး။ အာဆင်နယ်အသင်းဟာ ဖလာမီနီလို ကစားသမားမျိုးကို ပုံမှန်ပွဲထွက်အသုံးမပြုသင့်ပေမယ့် လက်ရှိအချိန်မှာတော့ အသင်းအတွက် မဖြစ်မနေသုံးနေရပါတယ်။ ဒါကြောင့်လည်း အသင်းရဲ့ဗဟိုကွင်းပိုင်းဟာ တစ်ခါတစ်ရံ လိုအပ်မှုတွေရှိနေခဲ့ပြီး တချို့ပွဲတွေဆိုရင် ရှုံးနိမ့်တဲ့အထိတောင် ဖြစ်ခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ ဒါတွေကိုကြည့်တာနဲ့ အာဆင်နယ်အသင်းနေနဲ့ ဗဟိုကွင်းလယ်နေရာလိုအပ်မှုတွေ ရှိနေသေးတယ်ဆိုတာကတော့ မြင်သာထင်သာလှပါတယ်။ ဒါကြောင့်လည်း ဇန်နဝါရီမှာ ဗဟိုကွင်းလယ်နေရာအတွက် အာဆင်နယ်အသင်းဟာ ကစားသမားသစ် ခေါ်ယူသင့်တယ်ဆိုတာကတော့ သံသယဖြစ်စရာတောင် မလိုဘူးလို့ ပြောရမှာပါ။ လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရကြည့်ရမယ်ဆိုရင်လည်း အာဆင်နယ်မန်နေဂျာအာစင်ဝင်းဂါးဟာ အဲ့ဒီနေရာအတွက် ကစားသမားသမားသစ်ခေါ်ယူဖို့အတွက် ပြင်ဆင်မှုတွေလုပ်နေတယ်လို့တော့ဆိုထားပါတယ်။

## ခံစစ်ပိုင်းလိုအပ်မှု

အာဆင်နယ်အသင်းရဲ့ ဒီနှစ်ခံစစ်ပိုင်းကို ကြည့်မယ်ဆိုရင်တော့ ခံစစ်ပိုင်းကောင်းမွန်တဲ့ အသင်းတစ်သင်းအအဖြစ် စံချိန်တင်ထားတာကို တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဘုန်းမောက်အသင်းနဲ့ ဆိုရင်လည်း ၂-၀ နဲ့ ပေးဂိုးမရှိနဲ့ နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာ အာဆင်နယ်အသင်းအနေနဲ့ ချယ်လ်ဆီး ဂိုးသမားပီတာဆက်ချ်ကို ခေါ်ယူနိုင်ခဲ့ခြင်းဟာ အသင်းရဲ့ ဂိုးပေါက်အတွက်ကတော့ ကောင်းမွန်လုံလောက်တဲ့ ကာကွယ်မှုတွေ ဖြစ်ခဲ့ပါတယ်။ အာဆင်နယ်အသင်းရဲ့ ဂိုးသမား ပီတာဆက်ချ်ကလည်း အသင်းအတွက် ဂိုးမပေးရရေးအတွက်အကောင်းဆုံး ကူညီပေးနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ရဲ့ ဂိုးပေးရမှု အနည်းဆုံးဂိုးသမားအဖြစ် စံချိန်တင်ထားတဲ့ ဒေးဗစ်ဂျိမ်းစ်ရဲ့ စံချိန်ကိုတော့ ဘုန်းမောက်အသင်းနဲ့ ပွဲအပြီးမှာ ဖြတ်ကျော်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်ကဆိုရင် အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းအတွက် ဗီလာရီးရဲ့ ခံစစ်မှူး ပေါလစ္စတာကို ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် ဘရာဇီးကစားသမား ပေါလက်စတာဟာ အာဆင်နယ်အသင်းရဲ့ ခံစစ်ပိုင်းအတွက်တော့ အကောင်းဆုံးအခြေအနေမှာ ရှိမနေသေးပါဘူး။ အားလုံးကိုခြုံကြည့်မယ်ဆိုရင်တော့ အာဆင်နယ်အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းဟာ တည်ငြိမ်ပြီး အခြေကျနေတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် အသင်းအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင်တော့ ညာနောက်တန်း နေရာအတွက်တော့ ကစားသမားသစ်တစ်ဦးလောက် ခေါ်ယူဖို့ လိုအပ်နေသေးတယ်လို့ ခံစားမိပါတယ်။ ဒါမှလည်းအသင်းအနေနဲ့ ဒဏ်ရာပြဿနာတွေနဲ့ကြုံတွေ့နေရချိန်တွေမှာ အသက်ရှူချောင်မှာလည်း ဖြစ်ပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်းဟာ လာမယ့် ဇန်နဝါရီဈေးကွက်မှာ အသင်းရဲ့ လိုအပ်နေတဲ့ကွက်လပ်တွေကို အကောင်းဆုံး ဖြည့်တင်းပြီး ချန်ပီယံပြေးလမ်းပေါ်မှာ အကောင်းဆုံး လျှောက်လှမ်းပြီး အသင်းရဲ့ ၁၁ နှစ်ကြာဝေးကွာနေတဲ့ ပရီမီယာလိဂ် ဆုဖလားကို ရယူနိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**“အာဆင်နယ်အသင်းဟာ လာမယ့် ဇန်နဝါရီဈေးကွက်မှာ အသင်းရဲ့ လိုအပ်နေတဲ့ကွက်လပ်တွေကို အကောင်းဆုံး ဖြည့်တင်းပြီး ချန်ပီယံပြေးလမ်းပေါ်မှာ အကောင်းဆုံးလျှောက်လှမ်းပြီး အသင်းရဲ့ ၁၁ နှစ်ကြာဝေးကွာနေတဲ့ ပရီမီယာလိဂ် ဆုဖလားကို ရယူနိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်”**

# အန်ဆယ်လော့တီအား တစ်နိုင်ငံတည်းသား နည်းပြဟောင်း လစ်ပီ ချီးကျူး



ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်း နည်းပြသစ်အဖြစ် တာဝန်ယူမည့် နည်းပြကာလိုအန်ဆယ်လော့တီသည် ကမ္ဘာ့အကောင်းဆုံးနည်းပြဖြစ်သည်ဟု ခံစားမိကြောင်း အီတလီ လက်ရွေးစင်အသင်းနည်းပြဟောင်း မာဆယ်လိုလစ်ပီက ချီးကျူး ပြောဆိုလိုက်သည်။

အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီသည် လာမည့်နွေရာသီမှ စတင်၍ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် တာဝန်ယူရန် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်တွင် ရီးရဲမက်ဒရစ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူ နည်းပြ အန်ဆယ်လော့တီသည် ကစားသမားဘဝတွင် ပါးမား၊ ရိုးမား၊ အေစီမီလန်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးပြီး ရိုးမား၊ အေစီမီလန်အသင်းတို့နှင့်အတူ ဆုဖလားများရရှိခဲ့သူဖြစ်ကာ ၁၉၉၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အီတလီလက်ရွေးစင်အသင်းနှင့်အတူ ကြေးတံဆိပ်ဆု ရယူနိုင်ခဲ့သူ ဖြစ်သည်။

ထို့အပြင် ၁၉၉၂ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့သူ အန်ဆယ်လော့တီ(၅၆နှစ်)သည် ရာဂျီးနား၊ ပါးမား၊ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီနှင့် ရီးရဲမက်ဒရစ် အသင်းတို့၏ နည်းပြများအဖြစ် တာဝန်ယူခဲ့ပြီး နည်းပြသက်တမ်းအတွင်း ချန်ပီယံလိဂ်ဆုဖလား သုံးကြိမ်အပါအဝင် ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။

နည်းပြ အန်ဆယ်လော့တီ၏ တစ်နိုင်ငံတည်းသား မာဆယ်လိုလစ်ပီက “နည်းပြအန်ဆယ်လော့တီဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြပါ။ သူဟာ ကစားသမားဘဝမှာ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သလို နည်းပြအဖြစ် တာဝန်ယူစဉ်မှာလည်း စီးရီးအေပြိုင်ပွဲမှာသာမက ပြည်ပလိဂ် ပြိုင်ပွဲတွေမှာပါ အောင်မြင်မှုရရှိထားသူဖြစ်ပါတယ်။ သူ့ရဲ့ အောင်မြင်မှုတွေဟာ ကစားသမားတွေနဲ့ ဆက်ဆံရေးကောင်းမွန်စေဖို့ အကူအညီ ဖြစ်စေပါတယ်။ အန်ဆယ်လော့တီက နာမည်ကြီးကစားသမားတွေ၊ ချန်ပီယံဆုဖလားရရှိထားပြီးဖြစ်တဲ့ ကစားသမားတွေကို ဘယ်လို ထိန်းချုပ်ကိုင်တွယ်ရမလဲဆိုတာကို သိရှိနားလည်သူလည်း ဖြစ်ပါတယ်”ဟု ချီးကျူးပြောဆိုခဲ့သည်။

အသက် ၆၇ နှစ်အရွယ်ရှိ နည်းပြဟောင်း မာဆယ်လိုလစ်ပီသည် နာပိုလီ၊ ဂျူဗင်တပ်၊ အင်တာမီလန်စသည့် စီးရီးအေထိပ်တန်းကလပ်အသင်းကြီးများကို တာဝန်ယူခဲ့ဖူးသူဖြစ်ကာ ၂၀၁၂ ခုနှစ် မေလတွင် တရုတ်ကလပ် ဂေါင်ဇူးအဲဗားဂရန်ဒီအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ကာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက နည်းပြဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သူဖြစ်သည်။ နည်းပြဘဝမှ အနားယူခဲ့ပြီးနောက် ဂေါင်ဇူးအသင်းကလစ်ပီအား အသင်း၏ အားကစားဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့သော်လည်း လစ်ပီသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် အဆိုပါရာထူးမှ နုတ်ထွက်ခဲ့သည်။

**ထက်အောင်**

# လူ့အခွင့်အရေးဆိုသည်မှာ

ကိုစစ်(လူမှု)

ကျွန်တော်တို့နိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။ ယနေ့ကမ္ဘာကြီးက တစ်ညီတစ်ညွတ်တည်း အသိအမှတ်ပြုသောကြေညာချက်မှာ **"ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း"**ဖြစ်သည်။ ၎င်းကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံက ထောက်ခံမဲပေးခဲ့သည်။ ရှစ်နိုင်ငံက ကြားနေခဲ့သည်။ (ကြားနေနိုင်ငံများမှာ ဆိုဗီယက်အပါအဝင် အရှေ့ဥရောပ နိုင်ငံအချို့နှင့် ဆော်ဒီအာရေဗျ နိုင်ငံတို့ပါဝင်သည်) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့သည်။ ဤနေ့ကို ကမ္ဘာ့လူ့အခွင့်အရေးနေ့ (Human Rights Day) အဖြစ်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် **"လူ့အခွင့်အရေးနေ့"**ကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကော်မရှင်တို့ပူးပေါင်း၍ ကျင်းပခဲ့သည်မှာ လေးနှစ်ရှိခဲ့ပါပြီ။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုလည်း ကော်မရှင်က ဘာသာပြန်၍ စာအုပ်ငယ်များ ရိုက်နှိပ်ပြီး ၂၀၁၃ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပထမဆုံးအကြိမ် တရားဝင်အဖြစ်ထုတ်ပြန်ဖြန့်ဝေနိုင်ခဲ့သည်။ နှစ်ပေါင်းများစွာ နောက်ကျခဲ့ပြီး ကျွန်တော်တို့နိုင်ငံက လူ့အခွင့်အရေးကို အပြန်အလှန်လေးစားပြီး တက်ညီလက်ညီနှင့် အားသွန်ခွန်စိုက်ကြိုးပမ်းကြမှသာ နှစ်အနည်းငယ်အတွင်း အခြား ဒီမိုကရေစီနိုင်ငံများ၏ သာလွန်သော လူ့အခွင့်အရေးအခြေအနေကို ရင်ပေါင်တန်းနိုင်လာမည်။

လူ့အခွင့်အရေးအကြောင်း ပြောကြ၊ ဆိုကြ၊ ငြင်းခုံကြ၊ တောင်းဆိုဆန္ဒပြကြဖြင့် နိုင်ငံတစ်ဝန်း လှုပ်ရှားမှုများကို တွေ့မြင်၊ ကြားသိနေရပါသည်။ ကော်မရှင်သို့လည်း လူ့အခွင့်အရေး နစ်နာမှုများအတွက် တိုင်တန်းချက်များ အဆက်မပြတ် လက်ခံရရှိခဲ့ပေသည်။ လေ့လာသိရှိရသမျှတော့ **"လူ့အခွင့်အရေး"** ၏ အဓိပ္ပာယ်၊ အနှစ်သာရ၊ အခြေခံသဘောတရားများကို အများစုက ရေရေလည်လည် မသိရှိကြသေးပေ။ ဤသည်မှာလည်း ဖြတ်သန်းခဲ့သော ခေတ်ကာလများ၏ အကျိုးဆက်ဟု ဆိုနိုင်ပေသည်။ လူ့အခွင့်အရေး အကြောင်း ပြောခွင့်၊ ဟောခွင့်၊ သင်ပြခွင့်၊ ဖြန့်ဝေခွင့် မရခဲ့ကြ။ ဒီတော့ ပြည်သူများသည် လူ့အခွင့်အရေး ဗဟုသုတများနှင့် ဝေးခဲ့ကြရသည်။ ယခုတော့လည်း လူ့အခွင့်အရေးကော်မရှင်အပါအဝင် လူ့အခွင့်အရေး အသိပညာပေး အရပ်ဘက်လူမှုအဖွဲ့အစည်းများက လူ့အခွင့်အရေးဗဟုသုတများ ဖြန့်ဝေနေကြပါပြီ။ လွတ်လပ် ပွင့်လင်းနေပါပြီ။

နိုင်ငံသား၏အခွင့်အရေးကို ရယူခံစားလိုသူများ၊ တောင်းဆိုကြသူများ၊ ခုခံကာကွယ်သူများ၊ ကာကွယ်စောင့်ရှောက်သူများသည် လူ့အခွင့်အရေးကို ကိုယ်လိုသလိုဆွဲယူ အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို မကြာခဏ ကြားသိရပါသည်။ ဤသို့ ပြောဆို၊ သုံးနှုန်းကိုးကားခြင်းသည် လူ့အခွင့်အရေး၏ သိမ့်မွေ့နက်နဲသော မူလ အနှစ်သာရမှ လွဲချော်ခဲ့သည်ရှိသော် အကျိုးမဲ့သာဖြစ်ဖွယ်ရာ ရှိပေသည်။

**"လူ့အခွင့်အရေးအဓိပ္ပာယ်"**ကို လက်လှမ်းမီသမျှ လေ့လာသိရှိသမျှ ဖော်ပြပါရစေ။ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဖွင့်ဆိုချက်အား နှိုင်းယှဉ်လေ့လာနိုင်ရန် ဖော်ပြလိုပါသည်။

- ထိုင်းနိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေး အက်ဥပဒေ အပိုဒ်-၃ National Human Rights Act Thailand (Section: 3) တွင် **"လူ့အခွင့်အရေးဆိုသည်မှာ ထိုင်းဘုရင့်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့တည်းမဟုတ် ထိုင်းနိုင်ငံ၏ဥပဒေများ သို့တည်းမဟုတ် ထိုင်းနိုင်ငံက လိုက်နာရန် ကတိကဝတ်ပြုထားသော စာချုပ်များဖြင့် အာမခံချက်ပြုထားသော သို့မဟုတ် ကာကွယ်မှုပြုထားသော ပြည်သူများ၏ လူ့ဂုဏ်သိက္ခာ၊ ရပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် တန်းတူညီမျှမှုများကို ဆိုလိုသည်။"**
- အိန္ဒိယနိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ (၁၉၉၃)၏ ပုဒ်မ-၂ National Human Rights Commission India Protection of Human Rights Act 1993, Art; 2; တွင် **"လူ့အခွင့်အရေးဆိုသည်မှာ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အာမခံထားသည့် သို့တည်းမဟုတ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များတွင် ထည့်သွင်းဖော်ပြထားသည့်အပြင် အိန္ဒိယနိုင်ငံ တရားရုံးများမှ အတည်ပြုပေးနိုင်သော လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ တန်းတူညီမျှရှိခွင့်နှင့် လူ့သိက္ခာများကို ဆိုလိုသည်။"**

လူ့အခွင့်အရေးသည် လွန်စွာကျယ်ပြန့်နက်ရှိုင်း သိမ်မွေ့သော သဘောကိုဆောင်လျက်ရှိသည်။ သို့သော် နိုင်ငံများသည် လူ့အခွင့်အရေးကော်မရှင်အား အပ်နှင်းလိုသော လူ့အခွင့်အရေးအတိုင်းအဆအလိုက်သာ သင့်လျော်သလို သက်ဆိုင်ရာ အက်ဥပဒေတွင် ဖွင့်ဆိုကြခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပေသည်။

- မြန်မာစာ အဘိဓာန်ကျမ်းတွင်ပါရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် လူ့အခွင့်အရေးအား ဖော်ပြပါမည်။

**လူ** - တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ

**အခွင့်အရေး** - ဆောင်ရွက်ပိုင်ခွင့်၊ ရရှိခံစားနိုင်ခွင့်ဟုဖွင့်ဆိုထားသည်။ ဒါကြောင့် လူ့အခွင့်အရေးကို အောက်ပါအတိုင်း အဓိပ္ပာယ်ကောက်ယူလိုပါသည်။

- လူသားတို့၏ လူ့အခွင့်အရေးဆိုင်ရာရရှိခံစားပိုင်ခွင့် (Rights)
- လူသားတို့၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပိုင်ခွင့် (တစ်နည်းဆိုသော် - တာဝန်ရှိမှု) (Responsibility)

အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရရှိခံစားပိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်တို့သည် ဒွန်တွဲနေသကဲ့သို့ လူ့အခွင့်အရေး၏ သဘောတရားမှ ညွှန်းဆိုသော အခွင့်အရေး (Rights) နှင့် တာဝန်ရှိမှု (Responsibility) တို့ သည်လည်း ဒွန်တွဲလျက် သဟဇာတ ဖြစ်နေကြပေသည်။

**လူ့အခွင့်အရေးများကို ကျင့်သုံးလိုသူ၊ ရရှိခံစားလိုသူများသည် လူ့အခွင့်အရေးကို လွှမ်းမိုးနေသောအချက်များ ရှိသည်ကို သတိပြုဆင်ခြင်ရန် အရေးကြီးလှပေသည်။ အမျိုးသားအကျိုးစီးပွားများ၊ တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဘာသာရေးများသည် လူ့အခွင့်အရေးများကို တစ်ခါတစ်ရံ၌ လွှမ်းမိုးနေတတ်ပါသည်။ အခွင့်အရေးအများစုသည် ဥပဒေပြဋ္ဌာန်းချက်ဘောင်အတွင်းမှသာ ရရှိခံစားခွင့်ရှိ**

**"မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ"**၏ ပုဒ်မ ၂(ဂ)တွင် လူ့အခွင့်အရေးကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို ဖော်ပြထားသည် -

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊
- ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ၊
- နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင် ပါရှိသည့် လူ့အခွင့်အရေးများဖြစ်သည်။

ဤဖွင့်ဆိုချက်သည် များစွာကျယ်ပြန့်နေသည်ကို တွေ့ရသည်။ နိုင်ငံသားအခွင့်အရေးများ ရရှိခံစားနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ကြရန် လိုအပ်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို လေ့လာရာတွင် အခန်း (၁) နှင့် (၈)တွင် နိုင်ငံသားတို့၏ **"မူလအခွင့်အရေး"** (Fundamental Rights) အတွက် ပုဒ်မပေါင်း (၄၇)ခုနှင့် နိုင်ငံသားတို့၏ **"တာဝန်"** ပြဋ္ဌာန်းချက် ပုဒ်မပေါင်း ရှစ်ခု တွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR)ကို နှိုင်းယှဉ်လေ့လာကြည့်မိသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပြဋ္ဌာန်းချက် အပိုဒ် ၃၀ ရှိသည်။ အပိုဒ် ၁ မှ အပိုဒ် ၂၇ ထိမှာ အခွင့်အရေးများဖြစ်ပြီး ကျန်သုံးပိုဒ်မှာ တာဝန်ရှိမှုနှင့် သတိပြုဆင်ခြင်ရန် အချက်များဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အခွင့်အရေးဆိုင်ရာ အပိုဒ် ၂၇ ပိုဒ်တွင် ၂၂ ပိုဒ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုက်ရိုက် (သို့မဟုတ်) ဆက်စပ်တူညီသော အဓိပ္ပာယ်များဖြင့် ဖော်ပြပြဋ္ဌာန်းထားသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ အားသာကောင်းမွန်သော အချက်များကို ကျွန်တော့်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံသင်တန်းများတွင် ထည့်သွင်းဆွေးနွေးပါသည်။ နိုင်ငံတော်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သလို ပြည်သူများလည်းသိရှိရန်၊ လေးစားလိုက်နာနိုင်ကြရန် ဖြစ်ပါသည်။ သို့မှသာ ကြောက်ရွံ့ခြင်းမှ ကင်းဝေးသော ( Free from Fear)၊ ချို့တဲ့ခြင်းမှကင်းဝေးသော (Free from Want) လူ့ဘောင်တစ်ရပ် ပေါ်ထွန်းလာမည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် ထုတ်ပြန်ကြေညာချက် (Declaration) ဖြစ်၍ သဘောတူစာချုပ် (Convention)ကဲ့သို့ ဥပဒေအရစည်းနှောင်အားမရှိသော်လည်း ကမ္ဘာကြီးက လေးစားလိုက်နာကြရသည့် (Moral Force) ကြေညာချက်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ကြည့်ရေးအဖွဲ့များက နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကို UDHR နှင့် နှိုင်းယှဉ်သုံးသပ်ဝေဖန်လျက် ရှိနေပေသည်။ ထို့ကြောင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် ၂၇ ပိုဒ်နှင့် အပိုဒ်ခွဲများမှာ စံပြုသတ်မှတ်ထားသော အခွင့်အရေးများအဖြစ် တွေ့ရှိရပေသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁) တွင် **"လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို (Brotherhood) စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်"** ဟု ဖော်ပြထားသည်။

လူ့အခွင့်အရေးများအား ဖော်ဆောင်၊ ကျင့်သုံး၊ ရရှိခံစားကြရာတွင် ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ကျင့်သုံးသင့်ကြောင်း အတိအလင်းဖော်ပြထားပါသည်။ သို့သော် လူ့အခွင့်အရေးစံနှုန်းများကို နိုင်ငံရေးနှင့် ရောမွှေလိုက်သည့်အခါတွင် တိုင်းတာသော စံနှုန်းများ ကွဲပြားသွားရုံသာမက ရှုပ်ထွေးသည့်သဘောကိုလည်း တွေ့နိုင်ပေသည်။

*စာမျက်နှာ ၅ သို့*




## မွန်ပြည်နယ်

### လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေး

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့် ကျေးလက်ဒေသကွာဟချက်များ ကျဉ်းမြောင်းစေရန် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက် က အောင်ဇေယျခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်က အမှာစကားပြောကြားသည်။

ယင်းစီမံကိန်းကို ဘီးလင်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၅၀ ရှိ ကျေးရွာပေါင်း ၂၁၀တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်ဒေသများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များအပြင် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြှင့်တင်မှုကိုပါ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# GAP စနစ်ဖြင့် စိုက်ပျိုးသော မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်ရှိ

**စစ်ကိုင်းတိုင်းဒေသကြီး**



မင်းခန့်စိုး(ငယ်ဥမြေ)

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ တောင်သူ ဦးသန်းလှိုင်၏ ကွင်းအမှတ်(၉၀၄) ဦးပိုင်အမှတ် ၃၇၃ တွင် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက် GAP ဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော မိုးစပါး ဧရာမင်း မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ရာ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

ယင်း မိုးစပါး စံကွက်ရိတ်သိမ်းပွဲတွင် ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက "အာဆီယံနိုင်ငံများမှာ မြန်မာနိုင်ငံဟာ စပါးအများဆုံး စိုက်ပျိုးတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက် (GAP)ဖြင့် တစ်ဧကအထွက်နှုန်းမြင့်မားစေရေး၊ အထွက်နှုန်းမိတ်ဖက်များဖြစ်တဲ့ ကောက်ကွက်ပြည့်မီရေး၊ အောင်နှံ ပင်ပွားတိုးပွားရေးနဲ့ တစ်နှံပါ အောင်စေ့တိုးပွားရေး လိုအပ်ချက်များကို သိရှိပြီး လာမယ့်ရာသီများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ စံကွက်ရိတ်သိမ်းပွဲသို့ တောင်သူများကိုဖိတ်ခေါ်ပြီး ရှင်းလင်းပြသပေးခြင်း ဖြစ်ပါတယ်"ဟုပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူ ဦးသန်းလှိုင်၏ လယ်ယာမြေပေါ်တွင် စိုက်ပျိုးထားသည့် ဧရာမင်းစပါးခင်း၏ ၆ ဒသမ ၆ပေ ပတ်လည်အကွက် တစ်ဧက၏ ၁၀၀၀ ပုံ၊ ၁ ပုံကို စံကွက်ရိတ်သိမ်းရာ**(ဝဲပုံ)**နို့ဆီဘူး ၁၆ ဘူးရရှိ၍ တစ်ဧကအထွက်နှုန်း အနေဖြင့် ၁၂၄ ဒသမ ၉၆ တင်း ၁၆ ဘူး ၇ ဒသမ ၈၁ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သော မိုးစပါး ဧရာမင်း မျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧက၊ မိုးစပါးအထွက်နှုန်း တိုင်းတာနိုင်ရေး စံကွက်ရိတ်သိမ်းပွဲသို့ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသည့် တောင်သူ ၇၀ ကျော် တက်ရောက် လေ့လာခဲ့ကြောင်း၊ ပုလဲမြို့နယ်တွင် မိုးစပါး လျာထား ဧက ၄၅၀၀၀ရှိရာ မိုးစပါးစိုက်ဧက ၄၅၁၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့်လျာထားချက်ထက် ၁၀၁ဧက ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ကရင်ပြည်နယ်**

# ဆောင်းသီးနှံ ပဲနှင့်နှမ်းမျိုးစေ့များ တောင်သူများထံသို့ ဖြန့်ဝေ

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်၌ ၂၀၁၅-၂၀၁၆-ခုနှစ် ဆောင်းသီးနှံပဲမျိုးစုံနှင့်နှမ်းမျိုးစေ့များ ဖြန့်ဝေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ဆောင်းသီးနှံပေးအပ်ပွဲတွင် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများရှိ တောင်သူများ မိုးစပါးရိတ်သိမ်းပြီးနောက် ဆောင်းသီးနှံ ဆက်လက်စိုက်ပျိုးပြီး ဝင်ငွေရရှိနိုင်စေရန်နှင့် မျိုးကောင်းမျိုးသန့်များ ဒေသအတွင်းပျံ့နှံ့စေရန် ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ မျိုးကောင်းမျိုးသန့်ဆောင်းသီးနှံ ပဲမျိုးစုံနှင့်နှမ်းမျိုးစေ့ ၃၇ တင်းကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။ ပေးအပ်ပွဲတွင် တက်ရောက်လာကြသော ရပ်ကွက်နှင့် ကျေးရွာများရှိ တောင်သူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးထွန်းလှရွှေက ထောက်ပံ့ပေးအပ်သော ဆောင်းသီးနှံပဲမျိုးစုံနှင့် နေကြာမျိုးများကို တောင်သူများအချိန်မီ အကျိုးရှိစွာစိုက်ပျိုးနိုင်ရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးရေးအတွက် ပညာပေးဟောပြောပြီး တောင်သူများထံ ဆောင်းသီးနှံမျိုးစုံ ဖြန့်ဝေပေးအပ်ခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

**သိန်းစိုးမြင့်(ပြန်/ဆက်)**






**ပဲခူးတိုင်းဒေသကြီး**

# မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပေါင်းတည်မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ခေမံအုပ်စု ခေမံကျေးရွာ၊ ဘုရားငါးဆူအုပ်စု ညောင်ပင်ကိုင်းဆွဲကျေးရွာ၊ မြောက်ကုန်းကြီးအုပ်စု ကွေ့မကျေးရွာများသို့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပေါင်းတည်မြို့နယ်မှဝန်ထမ်းများ ဒီဇင်ဘာ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။**



ယင်းကျေးရွာများတွင် မြစိမ်းရောင် ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများမှာ မွေးမြူရေး၊ စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးခဲ့သည့် အဖွဲ့မှ အဆိုပါ ကျေးရွာများတွင် မြစိမ်းရောင် စီမံကိန်းချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားသော လုပ်ငန်းများစစ်ဆေးခြင်း၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်း ထိန်းသိမ်းထားရှိမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**မန္တလေးတိုင်းဒေသကြီး**

# မြစ်သားမြို့ ရွှေချမ်းသာ မြတ်စွာဘုရားပွဲတွင် မြန်မာ့ရိုးရာဒုန်းနွားပြိုင်ပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကသဲကုန်းအရှေ့ရပ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရွှေချမ်းသာဘုရားပွဲတော်၌ တောင်သူကြီးများ အထူးဝါသနာပါ စိတ်ဝင်စားကြသော ဒုန်းနွားပြိုင်ပွဲကို နှစ်စဉ် မြန်မာ့ရိုးရာဓလေ့မပျက် ဒီဇင်ဘာ ၂၈ ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့ရိုးရာဓလေ့ ဒုန်းနွားပြိုင်ပွဲများ မကွယ်ပျောက်စေရန်နှင့် ဒုန်းနွားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခဲ့ကြပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ဗိုလ်လုပွဲကျင်းပကာ ပထမဆု ဒုတိယဆုများ ချီးမြှင့်ခဲ့သည်။

တောင်သူကြီးများသည် မိမိတို့ဝါသနာအရ လက်သပ်မွေးမြူထားသော ဒုန်းနွားများကို ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လေ့ရှိပြီး စပါးရိတ်သိမ်းအပြီး မြန်မာ့ရိုးရာဓလေ့အတိုင်း ဘုရားပွဲတော်များတွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ထည့်သွင်းကျင်းပကြကာ အနိုင်ရသော ဒုန်းနွားများသည် ရောင်းဈေးအဆမတန် မြင့်တက်သွားကြောင်း သိရသည်။

ရဲဝင်းထွန်း (ပြန်/ဆက်)

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

[illegible]

ရက်စွဲ ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ( ၁ )ရက်

ကြေညာချက်

၁။ [illegible] (၃၁၃) ကြိမ်မြောက် [illegible]

၂။ [illegible]

၃။ [illegible]

၄။ [illegible] www.irdmyanmar.gov.mm [illegible]

၅။ [illegible]

(၃၁၃)ကြိမ်ဘာလှသိမ်း

ကျပ်(၁၅၀၀၀၀၀၀၀ိ/-)ဆု

ရ-၉၁၇၇၆၈

ကျပ်(၃၀၀၀၀၀၀၀ိ/-)ဆု

သ - ၈၇၆၉၃၀

ကျပ်(၂၀၀၀၀၀၀၀ိ/-)ဆု

ကစ - ၉၉၀၈၃၇

ကျပ်(၁၀၀၀၀၀၀၀ိ/-)ဆုများ

ထ - ၁၅၆၆၅၆

ကင - ၃၉၀၉၉၆

ကျပ်(၅၀၀၀၀၀၀ိ/-)ဆုများ

| | | |
|---|---|---|
| ဒ - ၆၆၇၁၇၅ | ဗ - ၃၆၀၀၅၃ | ကဃ - ၇၄၃၈၀၇ |
| သ - ၉၂၄၃၅၈ | ကဂ - ၃၁၀၇၀၇ | ကင - ၉၇၀၉၉၆ |

ကျပ်(၂၅၀၀၀၀၀ိ/-)ဆုများ

| | | |
|---|---|---|
| ဓ - ၉၅၆၈၃၁ | သ - ၅၅၀၃၅၀ | ကတ - ၁၈၀၄၄၆ |
| စ - ၄၅၅၅၈၀ | ဟ - ၁၇၁၉၉၇ | ထဂ - ၅၃၄၂၇၁ |

ကျပ်(၁၀၀၀၀၀၀ိ/-)ဆုများ

| | | |
|---|---|---|
| ဓ - ၈၇၅၁၇၈ | ဌ - ၁၂၀၆၉၉ | န - ၆၈၈၈၃၆ |
| င - ၇၂၈၂၆၉ | ဎ - ၅၀၈၂၀၁ | ရ - ၈၁၅၉၈၀ |
| ဈ - ၂၀၈၁၂၇ | မ - ၃၇၇၄၅၅ | ဟ - ၂၂၆၈၈၄ |

ကျပ်(၅၀၀၀၀၀ိ/-)ဆုများ

| | | | |
|---|---|---|---|
| က - ၁၂၈၅၉၄ | ဆ - ၄၁၃၀၈၃ | ဓ - ၉၁၀၆၇၁ | ကစ - ၆၁၆၄၇၅ |
| ခ - ၁၆၃၈၄၆ | ဏ - ၈၉၈၀၂၅ | ဘ - ၆၅၉၃၆၅ | ကင - ၉၄၈၀၀၁ |
| ဂ - ၁၄၅၂၆၆ | န - ၇၀၇၁၈၆ | ဝ - ၂၄၁၀၈၉ | |

ပရီမီယာလိဂ်ပွဲစဉ် (၂၀)ကို လာမယ့် ဇန်နဝါရီ ၁ ရက်နဲ့ ၂ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ဟာ ပွဲစဉ်တွေဆက်တိုက်ကစားနေလို့ အသင်းတိုင်း ပွဲပန်းမှုဒဏ်ခံနေရပြီး မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးတို့ဟာ ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

**ဝေမိုးဆက်**



## အဲဗာတန် - စပါး

DATE - 3
WEEK - 20
KICK-OFF - 10:30

ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်။ နှစ်သစ်စလုံးဟာ ဒီရာသီမှာ ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ ရည်မှန်းနေကြတဲ့ အသင်းတွေဖြစ်လို့ နိုင်ပွဲရရှိရေး ခြေကုန်ထုတ်ကစားလာကြဖို့ရှိနေပါတယ်။ ပထမအကျော့အဖြစ် စပါးကွင်းမှာကစားခဲ့တုန်းကတော့ ဂိုးမရှိသရေနဲ့ အဆုံးသတ်ခဲ့ ရပါတယ်။ ဒါပေမယ့် ပွဲကအပြန်အလှန်ထိုးဖောက်မှုတွေနဲ့ အကြိတ်အနယ်ရှိခဲ့ပြီး စပါးက (၁၆)ကြိမ်တိတိ ဂိုးကန်သွင်းမှုတွေပြုလုပ်နိုင်ခဲ့သလို အဲဗာတန်ကလည်း ရှစ်ကြိမ်တိတိ ဂိုးကန်သွင်းမှုတွေပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပွဲကြမ်းတစ်ပွဲဖြစ်ခဲ့ပြီး စုစုပေါင်း ပြစ်ဒဏ်ဖြစ်မှုဟာ (၂၉)ကြိမ်တိတိရှိခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါကြောင့် အခုဒုတိယအကျော့ဆုံတွေ့မှုက ပိုမိုစိတ်ဝင်စားဖို့ ကောင်းလာနေပါတယ်။ အထူးသဖြင့် စပါးဟာ ဒီရာသီတစ်လျှောက်လုံးနီးပါး ခြေစွမ်းတည်ငြိမ်မှုရှိခဲ့သလို လာမယ်လာ၊ အဲရစ်ဆင်၊ ဟယ်ရီကိန်းတို့ ခြေစွမ်းပြနေတာကြောင့်လည်း ထိုးဖောက်ကစားပုံပါ အားကောင်းနေသလို ကွင်းလယ်ပိုင်းမှာလည်း အယ်လီ၊ အီဒီယာ၊ ဒမ်ဘီလီတို့ ခြေစွမ်းပြနေတာကြောင့် ကွင်းလယ်ကစားအားလည်း ကောင်းမွန်နေကာ အဲဗာတန်ရဲ့ အိမ်ကွင်းအားကိုတုံ့ပြန်နိုင်ဖို့ သေချာနေပါတယ်။ အဲဗာတန်က အခုအချိန်မှာ ရလဒ်ပိုင်းတော့ မတည်ငြိမ်ပါဘူး။ ဒါပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိကာ လူကာကူ ခြေစွမ်းပြနေလို့လည်း တိုက်စစ်က ထိုးဖောက်အားကောင်းနေပါတယ်။ ဒါ့အပြင် အဲဗာတန်ရဲ့ ကွင်းလယ်မှာလည်း ဘာကလေ၊ ဒူလိုဖူ၊ ကလီဗာလေ၊ တယ်ရီတို့ တွဲဖက်မိနေတာကြောင့်လည်း အဲဗာတန်ရဲ့ ကွင်းလယ်လှုပ်အားနှုန်းကအစ ကောင်းမွန်နေပါတယ်။ ဒါကြောင့် အဲဗာတန်အနေနဲ့လည်း အိမ်ကွင်းမှာ စပါးကို အကောင်းဆုံးရင်ဆိုင်သွားနိုင်မယ့် အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် ဒီပွဲက ပထမအကျော့ကလိုပဲ အပြန်အလှန်တုံ့ပြန်ထိုးဖောက်မှုတွေနဲ့အတူ သရေကျသွားဖို့သာ များနေပါတယ်။

### ဝက်စ်ဟမ်း-လီဗာပူး

ပထမအကျော့တုန်းက လီဗာပူးဟာ အိမ်ကွင်းမှာကစားခဲ့ရပေမယ့် ဝက်စ်ဟမ်းကို ရှုံးနိမ့်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးရဲ့ ခြေစွမ်းက တည်ငြိမ်မှုမရှိပါဘူး။ ဒါပမယ့် ဝက်စ်ဟမ်းကလည်း လက်ရှိအချိန်မှာ ခြေစွမ်းအရ အကောင်းဆုံးပုံစံပျောက်ဆုံးနေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ဒီပွဲမှာတော့ ဝက်စ်ဟမ်းကွင်းဖြစ်ပေမယ့် လီဗာပူးသရေလောက်ရမှာပါ။

### နော့ဝှစ်ချ်-ဆောက်သမ်တန်

ဆောက်သမ်တန်ဟာ ပထမအကျော့အဖြစ် အိမ်ကွင်းမှာ နော့ဝှစ်ချ်ကို လက်ခံကစားခဲ့တုန်းက သုံးဂိုးပြတ်နဲ့ နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ နော့ဝှစ်ချ်ဟာ ကစားပုံကောင်းလာသလို အိမ်ကွင်းလည်းဖြစ်တာကြောင့် ခြေကုန်ထုတ်ကစားကြမှာပါ။ ဆောက်သမ်တန်ခြေကလည်း အနည်းငယ်ကျဆင်းနေလို့ ဒီပွဲကတော့ သရေကျဖို့များတယ်။

### အာဆင်နယ်-နယူးကာဆယ်

ပထမအကျော့အဖြစ် နယူးကာဆယ်ရဲ့အိမ်ကွင်းမှာဆုံခဲ့တုန်းက အာဆင်နယ်ဟာ ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး တစ်ဂိုးတည်းနဲ့သာ ကပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ နယူးကာဆယ်ရဲ့ခြေက တည်ငြိမ်မှုလုံးဝမရှိပါဘူး။ အာဆင်နယ်ကတော့ အသင်းလိုက် ကစားပုံကောင်းနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အာဆင်နယ်ကသာ နိုင်ပွဲရသွားမှာပါ။

### ဝက်ဖို့ဒ်-မန်စီးတီး

လက်ရှိအချိန်မှာ မန်စီးတီးရဲ့ခြေစွမ်းက တည်ငြိမ်မှုရှိတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် အခု အဓိကခံစစ်မှူး ကွန်ပနီဒဏ်ရာက သက်သာလာပြီဖြစ်လို့ ခံစစ်ကပိုမိုကျစ်လျစ်လာနိုင်ကာ ဝက်ဖို့ဒ်ကို ထိန်းချုပ်ကစားနိုင်မှာပါ။ ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းဖြစ်သလို ဝက်ဖို့ဒ်ခြေကလည်း မဆိုပေမယ့် ပထမအကျော့ကလိုပဲ မန်စီးတီးကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### မန်ယူ-ဆွမ်ဆီး

ပထမအကျော့တုန်းက ဆွမ်ဆီးကွင်းမှာကစားခဲ့တုန်းက မန်ယူဟာ ရှုံးပွဲနဲ့ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် မန်ယူတို့ရှုံးကြွေးပြန်ဆပ်နိုင်ဖို့ ကြိုးစားမှာဖြစ်သလို လက်ရှိအချိန်မှာ ဆွမ်ဆီးကလည်း ခြေစွမ်းကျဆင်းနေပါတယ်။ ဒါပေမယ့် မန်ယူကလည်း အခုအချိန်မှာ တိုက်စစ်ကအစ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ မန်ယူနိုင်မယ်ဆိုရင်တောင် ဂိုးမပြတ်ဘူး။

### လက်စတာစီးတီး-ဘုန်းမောက်

ဘုန်းမောက်ဟာ ပထမအကျော့အိမ်ကွင်းမှာ ကစားခဲ့တုန်းက လက်စတာကို သရေကစား နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာဆိုရင်လည်း ဘုန်းမောက်ရဲ့ခြေက ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် လက်စတာရဲ့ အသင်းလိုက်ကစားပုံကလည်း ကောင်းမွန်နေကာ အိမ်ကွင်းအားနဲ့လည်း ဖိအားပေးကစားသွားဖို့ရှိနေပါတယ်။ လက်စတာကသာ ကပ်နိုင်သွားမှာပါ။

### ဆန်းဒါးလန်း-အက်စ်တွန်ဗီလာ

တန်းမဆင်းရရေးအတွက် ကြိုးစားနေကြတဲ့ နှစ်သင်းဆုံတွေ့ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာသေချာပါတယ်။ ပထမအကျော့တုန်းကတော့ ဗီလာကွင်းမှာ နှစ်ဂိုးစီသရေကျခဲ့ ပြီး လက်ရှိအချိန်မှာလည်း ခြေစွမ်းကကွာဟမှုမရှိပါဘူး။ ဒါပေမယ့် ဆန်းဒါးလန်းက အိမ်ကွင်း ကစားပုံကောင်းတတ်သလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာပါ။ ဆန်းဒါးလန်းကပ်နိုင်မယ်။

### ဝက်စ်ဘရွန်း-စတုတ်စီးတီး

ပထမအကျော့တုန်းက အဝေးကွင်းမှာကစားခဲ့ရပေမယ့် ဝက်စ်ဘရွန်းဟာ စတုတ်ကို ကပ်ပြီးအနိုင်ယူနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ဝက်စ်ဘရွန်းရဲ့ခြေက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် စတုတ်ကလည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်ပေမယ့် အသင်းလိုက်ကစားပုံ မာကျောမှုရှိပါတယ်။ ဒါကြောင့် ဝက်စ်ဘရွန်းတို့ သရေလောက်ပဲရမှာပါ။

### ခရစ္စတယ်လ်ပဲလေ့စ်-ချယ်လ်ဆီး

ပဲလေ့စ်ဟာ ပထမအကျော့တုန်းက အဝေးကွင်းမှာတောင် ချယ်လ်ဆီးကို အနိုင်ရယူနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ပဲလေ့စ်ရဲ့ခြေက မဆိုးပါဘူး။ ဒါပေမယ့် ချယ်လ်ဆီးကလည်း အမှတ်လိုနေကာ ရှုံးကြွေးဆပ်နိုင်ဖို့အတွက် ခြေကုန်ထုတ်ကစားမှာပါ။ ချယ်လ်ဆီးကပ်နိုင်သွားမယ်လို့ ယူဆမိပါတယ်။



## ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အီတလီအသင်းနှင့်အတူ ပါဝင်ကစားလိုကြောင်း ပီယာလိုဖွင့်ဟ


ဝါရင့် အီတလီကွင်းလယ်ကစားသမား ပီယာလိုက ပြီးခဲ့သည့် နွေရာသီအတွင်း ဂျူဗင်တပ်စ်မှထွက်ခွာကာ အမေရိကန် မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲဝင် အီတလီလက်ရွေးစင်အသင်း၌ ပါဝင်ခွင့်ရရှိရေးကို အဟန့် အတားဖြစ်စေလိမ့်မည်မဟုတ်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ အီတလီလက်ရွေးစင်အသင်း နည်းပြ ကွန်တီက သူ၏ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပီယာလို(၃၆နှစ်)သည် ပြိုင်ဆိုင်မှုပြင်းထန်သည့် ဥရောပလိဂ်ပြိုင်ပွဲများ (သို့မဟုတ်) အီတလီ စီးရီးအေပြိုင်ပွဲတွင် ပါဝင်ကစားနေခြင်းမရှိဘဲ မေဂျာလိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားနေခြင်းကြောင့် ပီယာလိုအနေဖြင့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အီတလီအသင်းနှင့်အတူ ပါဝင်ခွင့်ရရှိရေးအပေါ် သံသယဖြစ်မိကြောင်း ဖွင့်ဟပြောဆိုခဲ့ဖူးသည်။ ကွင်းလယ်ကစားသမား ပီယာလိုနှင့် နည်းပြကွန်တီတို့သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဂျူဗင်တပ်စ်အသင်းတွင် လက်တွဲခဲ့ဖူးသူများဖြစ်ပြီး အဆိုပါ ကာလအတွင်း စီးရီးအေ ချန်ပီယံဆုကို သုံးကြိမ်ရယူနိုင်ခဲ့ကြသည်။

ကွင်းလယ်ကစားသမား ပီယာလိုက "ကျွန်တော်ဟာ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ အီတလီအသင်းနဲ့အတူ ပါဝင်ကစားနိုင်စွမ်းရှိပါတယ်။ ဒီအချက်ကို ဘောလုံးကစားရင်းနဲ့ သက်သေပြသွားမှာပါ။ ဂျူဗင်တပ်အသင်းမှာတုန်းက ကျွန်တော်နဲ့ နည်းပြကွန်တီတို့အကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အောင်မြင်မှုတွေကိုလည်း အတူတကွ ရယူနိုင်ခဲ့ကြတယ်။ နည်းပြ ကွန်တီရဲ့စွမ်းဆောင်ရည်ကို ကျွန်တော်ယုံကြည်ပါတယ်။ လာမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ အီတလီအသင်းနဲ့အတူ ပါဝင်ကစားချင်တယ်။ အဲဒီပြိုင်ပွဲမှာ ကျွန်တော်ဟာ မြင့်မားတဲ့ခြေစွမ်းမျိုးနဲ့ ကစားနိုင်စွမ်းရှိတယ်ဆိုတာကို သက်သေပြသွားမှာပါ"ဟု ပြောသွားသည်။ ကွင်းလယ်ကစားသမား ပီယာလို၏ နယူးယောက်စီးတီးအသင်းကစားဖော်ဖြစ်သူ အင်္ဂလန်ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်ကလည်း ပီယာလိုသည် ယူရို ၂၀၁၆ ပြိုင်ပွဲဝင် အီတလီအသင်း၌ ပါဝင်ခွင့်ရရှိခဲ့ပါက ခြေစွမ်းပြကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ထောက်ခံပြောဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ပီယာလိုသည် ၂၀၀၂ ခုနှစ်မှစတင်၍ အီတလီလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး နိုင်ငံအသင်းနှင့်အတူ ၁၁၆ ပွဲ ပါဝင်ကစားထားပြီး ၁၃ ဂိုး သွင်းယူထားကာ ၂၀၀၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလား ချန်ပီယံဆုကို ရယူနိုင်ခဲ့ပြီး ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။ အီတလီအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲအုပ်စုအဆင့်တွင် ဘယ်ဂျီယံ၊ အိုင်ယာလန်၊ ဆွီဒင်အသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

---

## ပက်ကွီယိုနှင့် ထိုးသတ်ရန် နိုင်ဂျီးရီးယားလက်ဝှေ့သမား အိုင်ဘီအာဘူချီ



နိုင်ဂျီးရီးယား ဟဲဗီးဝိတ်လက်ဝှေ့သမား အိုင်ကီ အိုင်ဘီအာဘူချီသည် လက်ဝှေ့လောကသို့ တစ်ကျော့ပြန် ဝင်ရောက်လာပြီး ၂၀၁၆ ခုနှစ် ဧပြီလ ၉ ရက်တွင် ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီပက်ကွီယိုနှင့် လက်စ်ဗီးဂတ်စ်တွင် ထိုးသတ်ခွင့်ရရှိရန် မျှော်လင့်နေသည်ဟု သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပက်ကွီယို(၃၇နှစ်)သည် လာမည့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း တစ်ပွဲထိုးသတ်ပြီးနောက် လက်ဝှေ့လောကမှ အနားယူရန် စီစဉ်ထားဖြစ်သည်။

အသက် ၄၃ နှစ်အရွယ်ရှိ အိုင်ဘီအာဘူချီသည် ၁၉၉၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ စတင်ဝင်ရောက်လာခဲ့သူဖြစ်ပြီး စုစုပေါင်း ပွဲ ၂၀ ထိုးသတ်ပြီးချိန်တွင် ပွဲတိုင်းအနိုင်ရခဲ့ကာ ၁၅ ပွဲ၌ အလဲထိုးအနိုင်ရခဲ့သူဖြစ်သည်။ လက်ဝှေ့အားကစား ပရိသတ်အများအပြားက အိုင်ဘီအာဘူချီသည် မိုက်တိုင်ဆန်၊ လင်းနော့လူးဝစ်တို့နှင့် ထိုးသတ်လျှင်ပင် အနိုင်ရရှိနိုင်ပြီး ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာနိုင်သည်ဟု ထင်ကြေးပေးယူဆခံခဲ့ရသူ ဖြစ်သည်။

သို့သော်လည်း အိုင်ဘီအာဘူချီသည် ၁၉၉၉ ခုနှစ် ဇူလိုင်လအတွင်းတွင် လက်စ်ဗီးဂက်စ်ရှိ The Mirage ဟိုတယ်၌ အကမယ်တစ်ဦးအား လိင်ပိုင်းဆိုင်ရာ စော်ကားရန်ကြိုးပမ်းခဲ့ခြင်းကြောင့် ဖမ်းဆီးခံခဲ့ရကာ ၁၉၉၉ ခုနှစ်မှစတင်ကာ ထောင်ဒဏ်ပြစ်ဒဏ်ကျခံခဲ့ရပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်မှ ထောင်ဒဏ်ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်လာခဲ့သူဖြစ်သည်။

အိုင်ဘီအာဘူချီသည် ထောင်ဒဏ်ကျခံခဲ့ပြီးနောက် သူ၏ လက်ဝှေ့သမားဘဝကို ရှေ့ဆက်ရန်အတွက် အစီအစဉ်များချမှတ်ရန် ပက်ကွီယို၏အကြံပေးဖြစ်သူ မိုက်ကယ်ကွန်ဇ်အား ငှားရမ်းခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ အိုင်ဘီအာဘူချီအနေဖြင့် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိရန်အတွက် လက်ဝှေ့ထိုးသတ်ခွင့်လိုင်စင်ရရှိရန် လိုအပ်လျက်ရှိသည်ဟု ဆိုသည်။

"အိုင်ဘီအာဘူချီဟာ တိုးတက်မှုရရှိဖို့ လိုလားနေပါတယ်။ သူ့အနေနဲ့ ဒုတိယအကြိမ်အခွင့်အရေးရရှိဖို့ ထိုက်တန်မှုရှိပါတယ်"ဟု မိုက်ကယ်ကွန်ဇ်က ပြောဆိုခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလအတွင်း အိုင်ဘီအာဘူချီအနေဖြင့် ပက်ကွီယိုနှင့် ထိုးသတ်ဖြစ်မည်ဆိုပါက သူ၏အသက်သည် ၄၄ နှစ် အရွယ်ရှိနေမည်ဖြစ်ပြီး လက်ဝှေ့လောကနှင့် ၁၇ နှစ်ကြာ ကင်းကွာနေသူတစ်ဦးအနေဖြင့် အောင်မြင်မှုရရှိနိုင်မည်လား ဆိုသည်မှာ မေးခွန်းတစ်ခုဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

## ပရီမီယာလိဂ်ပွဲစဉ်(၂၀)

| | | | |
|---|---|---|---|
| စနေနေ့ (၂-၁-၁၆) | | | |
| ည ၇း၁၅ | ဝက်စ်ဟမ်း | VS | လီဗာပူး |
| ည ၉း၃၀ | ဆန်းဒါးလန်း | VS | အက်စ်တွန်ဗီလာ |
| ည ၉း၃၀ | လက်စတာစီးတီး | VS | ဘုန်းမောက် |
| ည ၉း၃၀ | အာဆင်နယ် | VS | နယူးကာဆယ် |
| ည ၉း၃၀ | နော့ဝှစ်ချ် | VS | ဆောက်သမ်တန် |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | VS | စတုတ်စီးတီး |
| ည ၉း၃၀ | မန်ယူ | VS | ဆွမ်ဆီး |
| နံနက် ၀၀း၀၀ | ဝက်ဖို့ဒ် | VS | မန်စီးတီး |
| တနင်္ဂနွေနေ့ (၃-၁-၁၆) | | | |
| ည ၈း၀၀ | ခရစ္စတယ်ပဲလေ့စ် | VS | ချယ်လ်ဆီး |
| ည ၁၀း၃၀ | အဲဗာတန် | VS | စပါး |

## စပိန်လီဂါပွဲစဉ်(၁၈)

| | | | |
|---|---|---|---|
| စနေနေ့ (၂-၁-၁၆) | | | |
| ည ၉း၃၀ | အက်စ်ပန်ညို | VS | ဘာစီလိုနာ |
| နံနက် ၂း၀၀ | အက်သလက် | VS | လီဗန်တေး |
| နံနက် ၃း၃၅ | မာလာဂါ | VS | ဆယ်တာဗီဂို |
| တနင်္ဂနွေနေ့ (၃-၁-၁၆) | | | |
| ညနေ ၅း၃၀ | ဗယ်လက်ကာနို | VS | ဆိုစီဒက် |
| ည ၉း၃၀ | ဘက်တစ် | VS | အီဘာ |
| ည ၉း၃၀ | ဂရန်နာဒါ | VS | ဆီဗီလာ |
| ည ၁၁း၄၅ | ဒီပိုတီဗို | VS | ဗီလာရီးရဲ |
| ည ၁၁း၄၅ | ဘီဘာအို | VS | လက်ပဲလ်မက်စ် |
| နံနက် ၂း၀၀ | ဗလင်စီယာ | VS | ရီးရဲမက်ဒရစ် |
| တနင်္လာနေ့ (၄-၁-၁၆) | | | |
| နံနက် ၂း၀၀ | ဂီဂျွန် | VS | ဂီတာဖေး |

## စီးရီးအေပွဲစဉ်(၁၈)

| | | | |
|---|---|---|---|
| အင်္ဂါနေ့ (၅-၁-၁၅) | | | |
| နံနက် ၂း၁၅ | ဂျီနိုအာ | VS | ဆမ်ဒိုးရီးယား |
| ဗုဒ္ဓဟူးနေ့ (၆-၁-၁၅) | | | |
| ည ၆း၀၀ | အူဒီးနိစ် | VS | အတ္တလန်တာ |
| ည ၈း၃၀ | ချီယေဗို | VS | ရိုးမား |
| ည ၈း၃၀ | ဂျူဗင်တပ်စ် | VS | ဗီရိုနာ |
| ည ၈း၃၀ | လာဇီယို | VS | ကာပီ |
| ည ၈း၃၀ | မီလန် | VS | ဘိုလော့ဂ်နာ |
| ည ၈း၃၀ | ပါလာမို | VS | ဖီအိုရင်တီးနား |
| ည ၈း၃၀ | ဆက်ဆူအိုလို | VS | ဖရိုစီနုန် |
| ည ၁၁း၃၀ | အမ်ပိုလီ | VS | အင်တာ |
| နံနက် ၂း၁၅ | နာပိုလီ | VS | တိုရီနို |

## ကက်ပီတယ်ဝမ်းဖလားဆီမီးဖိုင်နယ်

| | | | |
|---|---|---|---|
| အင်္ဂါနေ့ (၅-၁-၁၅) | | | |
| နံနက် ၂း၁၅ | စတုတ် | VS | လီဗာပူး |
| ဗုဒ္ဓဟူးနေ့ (၆-၁-၁၅) | | | |
| နံနက် ၂း၃၀ | အဲဗာတန် | VS | မန်စီးတီး |



# စောင့်ကြည့်ရမည့် ဟစ်ဒင့်၏ ဒုတိယမြောက် စွန့်စားခန်း

— ဝေမိုးဆက် —

ပရီမီယာလိဂ်ပွဲစဉ် (၁၆)မှာ လက်စတာကို ချယ်လ်ဆီးရှုံးတယ်။ အဲဒီဂယက်နဲ့အတူ ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်က မန်နေဂျာ မော်ရင်ညိုကိုထုတ်ပယ်ပြီး ဟစ်ဒင့်နဲ့ အစားထိုးတယ်။ ဒီတော့ အဲဒီအချက်နဲ့ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် ဟစ်ဒင့်ဟာ အခုမှ ချယ်လ်ဆီးကိုရောက်ရှိလာသူမဟုတ်ဘူး။ ၂၀၀၈-၂၀၀၉ ဘောလုံး ရာသီတုန်းကလည်း ပိုင်ရှင်အေဗရာမိုဗစ်ဟာ မန်နေဂျာ စကိုလာရီကို ထုတ်ပယ်ပြီး ဟစ်ဒင့် ကို ယာယီမန်နေဂျာအဖြစ်နဲ့ပဲ ရာသီဆုံးတဲ့အထိ တာဝန်ပေးထိန်းချုပ်စေခဲ့ဖူးတယ်။ ဒီတော့ ဒီတစ်ကြိမ် ရာသီမန်နေဂျာအဖြစ် ချယ်လ်ဆီးကို ဟစ်ဒင့်ရောက်ရှိလာမှုဟာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်တုန်းကလို တည်ငြိမ်မှုရအောင် စွမ်းဆောင်ပေးနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာဖြစ်လာတယ်။

အထူးသဖြင့် ဟစ်ဒင့်ဟာ ပထမအကြိမ် ချယ်လ်ဆီးကိုဝင်ထိန်းပေးခဲ့ရတုန်းက အခုလောက်တောင် အချိန်ကာလမကြာရှည်ဘူး။ ပြောရရင် ပထမအကြိမ်တုန်းက ချယ်လ်ဆီးကို ဖေဖော်ဝါရီ ၁၆ ရက်မှသာ ဟစ်ဒင့် စတင်ရောက်ရှိလာခဲ့တာ။ ပြောချင်တာက ဟစ်ဒင့်အနေနဲ့ အဲဒီတုန်းက ချယ်လ်ဆီးကို ရောက်ရှိလာချိန်မှာ ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ပါ ပိတ်သိမ်းပြီးသွားပြီ။ ဒီတော့ ပွဲစဉ် (၂၅)အပြီးမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် တောင်မှ မတင်မကျဖြစ်နေတဲ့ ချယ်လ်ဆီးကို ဆွဲမြှင့်နိုင်ဖို့ သူ့စိတ်ကြိုက်ကစားသမားအချို့ကိုတောင် ခေါ်ယူခွင့်မရခဲ့ဘဲ စကိုလာရီ တည်ဆောက်ခဲ့တဲ့အထိုင်နဲ့သာ ရှိတဲ့လူနဲ့ ဖြစ်အောင်လုပ်ခဲ့ရတာ။

ဒါတောင်မှ ဟစ်ဒင့်ဟာ အဲဒီတုန်းက ချယ်လ်ဆီးကို ရာသီအဆုံးမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း တတိယနေရာမှာ ရပ်တည်နိုင်မှုနဲ့အတူ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်မှာလည်း ဆီမီးအဆင့်ထိရောက်ရှိအောင် ကိုင်တွယ်ပေးနိုင်ခဲ့သလို အက်ဖ်အေဖလားမှာဆိုရင် ချန်ပီယံဖြစ်တဲ့အထိ ဦးဆောင်ပေးနိုင်ခဲ့ကာ ဆုဖလားတစ်လုံး ဆွတ်ခူးနိုင်တဲ့အထိ ဝင်ထိန်းပေးနိုင်ခဲ့တယ်။ အရှင်းဆုံးပြောရရင် အဲဒီတုန်းက ချယ်ပီယံလိဂ်မှာဆိုရင် ချယ်လ်ဆီးဟာ ဗိုလ်လုပွဲနဲ့တောင် အတော်လေးနီးစပ်ခဲ့တယ်။ ပထမအကျော့ ဘာစီလိုနာကွင်းမှာ ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ဒုတိယအကျော့အိမ်ကွင်းမှာ ပွဲအစ ကိုးမိနစ်ကတည်းက သွင်းယူခဲ့တဲ့ အက်ဆီယန်ရဲ့သွင်းဂိုးနဲ့ ပွဲတစ်လျှောက်လုံး ဦးဆောင်နိုင်ခဲ့ပြီးမှ နာကျင်အချိန်ပိုမှာ အင်နီယေစတာက ဘာစီလိုနာအတွက် ချေပဂိုးသွင်းသွားတာခံခဲ့ရပြီး ခြေမရှုံးဘဲ ဗိုလ်လုပွဲနဲ့ လွဲခဲ့ရတာဖြစ်တယ်။ ဒါ့အပြင် အက်ဖ်အေဖလားမှာလည်း အာဆင်နယ်၊ အဲဗာတန်တို့လို အသင်းကောင်းတွေကို ကျော်ဖြတ်ပြီးမှ ချန်ပီယံဖြစ်ခဲ့တာဆိုတော့ ဟစ်ဒင့်ရဲ့ ပထမအကြိမ် ချယ်လ်ဆီးကိုဝင်ထိန်းပေးမှုဟာ ပြည့်စုံကောင်းမွန်မှု အပြည့်ရှိခဲ့တယ်ဆိုတာ မြင်သာလွန်းတယ်။

ဒါ့အပြင် ဟစ်ဒင့်ရဲ့မှတ်တမ်းမှာ အသင်းတစ်သင်းကို ဒုတိယအကြိမ် ပြန်လည်တာဝန်ယူချိန်မှာလည်း အောင်မြင်မှုရခဲ့တဲ့အစဉ်အလာတွေလည်း ရှိခဲ့ဖူးတယ်။ ဟစ်ဒင့်ဟာ ၁၉၉၅ ခုနှစ်တုန်းက ဟော်လန်အသင်းကို တာဝန်ယူခဲ့ပြီး ၂၀၁၄ မှာ ဒုတိယအကြိမ် ပြန်လည်တာဝန်ယူရာမှာ အောင်မြင်မှုမရခဲ့ပေမယ့် ၁၉၈၇ ခုနှစ်ကနေ ၁၉၉၀ အထိ တာဝန်ယူခဲ့ဖူးတဲ့ အိုင့်ဟိုဗင်ကို ၂၀၀၂ ကနေ ၂၀၀၆အထိ ထပ်မံအောင်မြင်မှုရခဲ့တဲ့ ၁၉၉၁ ကနေ ၁၉၉၃ အထိ ပြန်လည်တာဝန်ယူခဲ့ရာမှာ ဟော်လန်ပထမတန်းချန်ပီယံ သုံးကြိမ်နဲ့ ဟော်လန်ရှုံးထွက်ဖလား ချန်ပီယံတစ်ကြိမ်ဖြစ်စေတဲ့အထိ တာဝန်ယူခဲ့တဲ့ ဗလင်စီယာကို ၁၉၉၄ မှာ ခဏပြန်ဝင်ထိန်းပေးတုန်းကလည်း ကျေနပ်လောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တယ်။ ဒီတော့ ဟစ်ဒင့်အနေနဲ့ အခုဒုတိယအကြိမ်အဖြစ် ချယ်လ်ဆီးကိုရောက်ရှိလာရာမှာရော ပထမအကြိမ်တုန်းကလိုမျိုး စွမ်းဆောင်ပေးနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းလာတယ်။

ပြောမယ်ဆိုရင်ပေါ့ ဟစ်ဒင့်အနေနဲ့ အခု ချယ်လ်ဆီးကို ဒုတိယအကြိမ်အဖြစ်ရောက်ရှိလာရာမှာ ပထမအကြိမ်တုန်းက မရခဲ့တဲ့ အခွင့်အရေးတောင်ရှိနေတယ်။ အရှင်းဆုံးပြောရရင် ဆိုခဲ့ပြီးတဲ့အတိုင်း ဟစ်ဒင့်ဟာ ချယ်လ်ဆီးကို ပထမအကြိမ်ရောက်ခဲ့တုန်းက ဇန်နဝါရီဈေးကွက်ပိတ်ပြီဖြစ်လို့ လိုအပ်မှုကို ဖြည့်တင်းနိုင်ခြင်းမရှိဘဲ ရှိတဲ့သူနဲ့ဖြစ်အောင် လုပ်ခဲ့ရပေမယ့် အခု ဒုတိယအကြိမ်ရောက်လာတော့ ဇန်နဝါရီဈေးကွက်ကိုမီသလို လိုအပ်ချက်ကို ဖြည့်တင်းမှုရှိနေကာ တိုက်စစ်မှူးတစ်ဦးခေါ်ယူရမယ်လို့တောင် ပြောထားပြီးပြီဆိုတော့ ဟစ်ဒင့်အနေနဲ့ ချယ်လ်ဆီးကို ပထမအကြိမ်တုန်းကထက်တောင် ပိုမိုထိန်းနိုင်မှာလားဆိုတာ မျှော်လင့်ချင်စရာဖြစ်လာတယ်။

ဒါပေမယ့် တချို့ကတော့ ဟစ်ဒင့်တာဝန်ယူတဲ့ကာလနှစ်ခုရဲ့ အခြေအနေမတူညီပုံကို ထောက်ပြကြတယ်။ ပြောမယ်ဆိုရင် ဟစ်ဒင့်ပထမအကြိမ် တာဝန်ယူခဲ့တုန်းက ချယ်လ်ဆီးဟာ အခုလောက်အခြေအနေ မဆိုးဘူး။ အက်ဆီယန်၊ တယ်ရီ၊ လမ်းပတ်၊ ဒရော့ဘာ၊ ဒေကို၊ အိုင်ဗန်နိုဗစ်၊ ဂျိုကိုးလ်စတဲ့ အဓိကကစားသမားတွေသာ အကောင်းဆုံးအရည်အသွေးနဲ့ အသက်အပိုင်းအခြားမှာရှိကြကာ ရပ်တည်မှုကလည်း ထိပ်ဆုံးလေးသင်းစာရင်း အမြဲဝင်နေခဲ့ချိန်ဖြစ်တယ်။ ဒီတော့ ဟစ်ဒင့်အနေနဲ့ ပထမအကြိမ်တုန်းက နည်းနည်းလေးဝင်ထိန်းပေးရုံနဲ့ အသင်းက ပြန်တည့်ခဲ့တာဖြစ်ပေမယ့် ဒီတစ်ကြိမ်က အဲဒီတုန်းကနဲ့ မတူဘူးလို့ဆိုကြတယ်။ ပြောရရင် လက်ရှိချယ်လ်ဆီးရဲ့ ပျက်ယွင်းမှုဟာ အတော်ဆိုးတယ်။ ရပ်တည်မှုကအစ ထိပ်ဆုံး ၁၀ သင်းစာရင်းအတွင်းတောင် မဝင်ဘူး။ ဒီတော့ အသင်းမှာယုံကြည်စိတ်နဲ့ စိတ်ဓာတ်ပိုင်းခိုင်မာမှုကအစ လျော့နည်းနေသလို တယ်ရီ၊ ကာဟေးလ်၊ အိုင်ဗန်နိုဗစ်တို့ကလည်း အသက်ကြောင့် ကျနေပြီဖြစ်သလို ဇူးမား၊ ရာမန်၊ ကနေဒီတို့ကလည်း ငယ်လွန်းသေးကာ အသက်အရွယ်အရ အကောင်းဆုံးဖြစ်တဲ့ ဖာဘရီဂတ်စ်၊ မာတစ်၊ ဖယ်ကာအို၊ ပက်ဒရို၊ ကော်စတာတို့ကလည်း ပုံမှန်ခြေမရတော့ ကစားသမားအင်အားမှာလည်း မပြည့်ဝဘူး။

ဒီတော့ ဟစ်ဒင့်အနေနဲ့ ဒီတစ်ကြိမ် ချယ်လ်ဆီးကို ဝင်ထိန်းရာမှာ ပြုပြင်ရမယ့် အချက်တွေများသလို ပထမအကြိမ်ကထက် ပိုခက်ခဲမှာလည်း မြင်သာနေတဲ့အတွက် ဟစ်ဒင့်အနေနဲ့ ဒီတစ်ကြိမ်မှာရော ချယ်လ်ဆီးကို ပထမအကြိမ်ကလို ပြန်ပြီးတည်ငြိမ်အောင် ထိန်းနိုင်ပါ့မလားဆိုတာ ပိုမိုစောင့်ကြည့်ချင်စရာဖြစ်လာတယ်လို့သာ ဆိုချင်မိပါတယ်။

> လက်ရှိချယ်လ်ဆီးရဲ့ ပျက်ယွင်းမှုဟာ အတော်ဆိုးတယ်။ ရပ်တည်မှုကအစ ထိပ်ဆုံး ၁၀သင်းစာရင်းအတွင်းတောင် မဝင်ဘူး။ ဒီတော့ အသင်းမှာ ယုံကြည်စိတ်နဲ့ စိတ်ဓာတ်ပိုင်းခိုင်မာမှုကအစ လျော့နည်းနေ...